www.burmeseclassic.com

ရွှေပဒေသာစာပေ

မိုးစက်ပွင့်

# မောင်သာချွင်း..ထာဝရ




(အချစ်လုံးချင်းဝတ္ထု(သစ်))

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၇၊ မတ်လ။

ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ဈေး – ၁၆၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၅ . ၈၃
မိုးစက်ပွင့်
မောင်သာလျှင် ထာဝရ/ မိုးစက်ပွင့် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၇ ။
၂၈၆ – စာ ၊ ၁၂ . ၇ x ၁၈ စင်တီ။
မောင်သာလျှင် ထာဝရ

# မိုးစက်ပွင့်

မောင်သာလျှင် ထာဝရ

www.burmeseclassic.com

www.burmeseclassic.com

မောင်ပြောပြီးပြီ မွေး။ မင်္ဂလာကိစ္စအတွက် . . . ပြီးတော့ တင်တောင်းရမယ့်ပမာဏ။ အဲဒါတွေ မောင့်ဘက်က ဘာမှ တာဝန် မယူနိုင်ဘဲနဲ့ ခြေဗလာ, လက်ဗလာနဲ့ မွေးကို မောင်လက်မထပ်ချင်ဘူး။

နိုးမြင့်မာန်

www.burmeseclassic.com

www.burmeseclassic.com

မောင်က အတ္တကြီးတယ်။ မှေးက သစ္စာကြီးတယ်။ မောင်က မိသားစုကို ဦးစားပေးတယ်။ မှေးက "အချစ်ကို ဦးစားပေးတယ်။ မောင် မှေးကို ဥပေက္ခာပြုလိုက်ပါ။ မောင်က ဥပေက္ခာပြုနိုင်သလောက် မှေးက မောင့်ကို ဂရုစိုက်လွန်းခဲ့သူပါ။ မောင့်ရဲ့တစ်ကိုယ်ကောင်းဆန်မှုတွေကြောင့် မှေးမှာလည်း မာနရှိလာပါပြီ မောင်။

ညမှေးပန်း

www.burmeseclassic.com

www.burmeseclassic.com

ဘာလဲ...ခင်များက "မ" ရဲ့ချစ်သူဆိုပြီး ကျွန်တော့်ရှေ့မှာ ဇင်ခေါင်းလာကျယ်ပြနေတာလား ကိုမိုးမြင့်မာန်။ အဟွန်း...ဘာလဲ ခင်များအချစ်တွေ တောင်သောင်းမကာ ရွတ်ပြီး အကြွေပန်းကို ရေခေးနှမ်းဖို့ လိုက်လာတာလား။ -

ထက်ရှားသော်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

မွှေးလွန်းသည့်ပန်း မနမ်းဝံ့ပြီ ××× လှလွန်းသည့်ပန်း မနမ်းဝံ့ပြီ ××× မာယာပရိယာယ်နှစ်သွယ်ယှက်လို့ ××× ရက်စက်မှုအပေါင်း သရုပ်ဆောင်ခဲ့ပြီ"

"ဟော့ကောင် . . . ဟော့ကောင်"

"ဟင် . . . ဘာလဲ"

"လိုရင်းကိုပဲဆိုကွာ။ နောက်ကဟာ မပါစေနဲ့"

မျိုးမင်းသူပြောလိုက်တော့ အောင်တိုးက ခေါင်းကုတ်လေသည်။ မွှေးလွန်းသည့်ပန်း မနမ်းဝံ့ပြီဆိုတာကို မျိုးမင်းသူ စဆိုပေးလို့ အောင်တိုးက ဆက်ဆိုတာပါ။ ဒီသီချင်းကို သူတို့ ရွှေမဆောင် နောက်



www.burmeseclassic.com

www.burmeseclassic.com



မဆက်ဆိုရတဲ့အကြောင်းရင်း ရှိသည်လေ။ ခွဲခြင်းလေးနဲ့ ရှေးသွားတဲ့ မွေးကိုမြင်လို့ပါ။

သူတို့က လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတာမို့ ဆိုင်ထဲကနေ မွေးဆိုင်ရှေ့က ဖြတ်သွားတာမြင်လို့ သီချင်းစောင်းဆိုခြင်းပါ။ မွေးဆိုတာ သူတို့နဲ့ တစ်လမ်းတည်းမှာနေတဲ့ မိန်းကလေးပါ။ နာမည်အပြည့်အစုံက ညမွေးပန်းတဲ့။ အရမ်းလှပြီး နုရှနေသူတော့ မဟုတ်ပေ။ အသားလတ်ရုံမျှနှင့် ရိုးရိုးယဉ်ယဉ်လေးမို့ မြင်ရသူရင်ကို အေးမြစေနိုင်သည်လို့ ဆိုရမလား။

ဆံပင်ရှည်ကြီးတွေက တစ်ခဲခဲ။

ကြာခြေသိကွာကြီးသူ။ ယောက်ျားတွေနှင့် ရင်းရင်းနှီးနှီး မပတ်သက်တတ်တာလည်း သူမပါပဲ။ ဒီလိုနေတာတောင် အချို့က စချင်နောက်ချင်ကြတာ သူမတို့မောင်နှမက မိဘမဲ့တွေလေ။ စတယ်နောက်တယ်ဆိုတာက အချို့ မွေးကိုသာရလျှင် လိုချင်ပါရဲ့ဆိုသူတွေပေါ့။ အဲဒီအထဲမှာ မျိုးမင်းသူက ရောဂါအသည်းဆုံး။

"မင်းက ဘာကိုမပါစေချင်တာလဲကွ"

"မာယာပရိယာယ် နှစ်သွယ်ယှက်လို့ xxx ရက်စက်မှု အပေါင်း သဲရှုဆောင်းခဲ့ပြီ ဆိုတာလေ။ သူ ရက်စက်မှာကို ငါ မခံနိုင်ဘူး။ အဲဒါ မပါစေနဲ့ လိုရင်းပဲဆို"





"ခြော် ... အေး ... အေးပါကွာ"

မျိုးမင်းသူက ပေါ်တောတော အောင်တိုးက ရှုးကြောင်ကြောင်။ နှစ်ယောက်ပေါင်းမိပြီး ဟုတ်တော့ ဟုတ်နေတာပါပဲ။ မွေးဆိုင်ရှေ့တည့်တည့်ကိုရောက်လေတော့ –

"မွေးလွန်းသည့်ပန်း xx မနမ်းဝံ့ပြီ xx လှလွန်းသည့်ပန်း xx မနမ်းဝံ့ပြီ။ မွေးလွန်းသည့်ပန်း xx မနမ်းဝံ့ပြီ xx လှလွန်းသည့်ပန်း xx မနမ်းဝံ့ပြီ"

"ဟင်"

မွေးရဲ့ခြေလှမ်းတွေ ရပ်တန့်သွားလှမတတ်ပါပဲ။ စိတ်ထဲမှာ ဃည်း ထင့်ခနဲ ဖြစ်သွားလေသည်။ ဒါ ... မွေးကို စောင်းဆိုနေတာပဲ ဖြစ်မှာပေါ့။ ဒါကြောင့် ခြေလှမ်းက ခပ်သွက်သွက် ဖြစ်သွားလေသည်။

"ဟော သွားပြီ ... ငါ့မြင်ကွင်းထဲကနေ ပျောက်တော့မယ်။ မွေးရယ်"

"လိုက်သွားလေကွာ"

"လိုက်ရမယ်လား"

"လိုက်သွားပေါ့"

"မွေး"



www.burmeseclassic.com

www.burmeseclassic.com



မွှေးနာမည်ကိုခေါ်ပြီး မျိုးမင်းသူ လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာခဲ့တော့သည်။ မွှေးနောက်ကိုလိုက်တာလေ။ အနားကိုရောက်တော့ –

"မွှေး"

"––––––"

"သနပ်ခါးနံ့လေးက မွှေးလိုက်တာနော်"

"––––––"

"နော် မွှေး"

"––––––"

"မွှေး"

မွှေး လှည့်လည်းမကြည့်၊ စကားလည်း ပြန်မပြောပေ။ လှမ်းနေတဲ့ခြေလှမ်းက မပြေးရုံတမယ်ပါပဲ။

"မွှေး ဆွဲခြင်းပေးလေ။ ကိုယ်ကိုင်လာခဲ့မယ်နော်"

"အို . . . ဖယ်ပါ"

ဆွဲခြင်းကို လှမ်းဆွဲလေတော့ မွှေး အတင်းပြန်ဆွဲထားလိုက်သည်။ စကားမပြောချင်လို့ မရတော့ပါလား။

ဒါကြောင့် –

"ကျွန်မမှာ လက်နဲ့၊ ရှင်ကူဆွဲစရာ မလိုပါဘူး"





"မွှေးမှာ လက်ပါမှန်းတော့ သိတာပေါ့ မွှေးရဲ့။ ဒါပေမဲ့ . . . မွှေး ပင်ပန်းမှာစိုးလို့ပါ"

"ပင်ပန်းတော့ရော ရှင့်အပူပါလို့လား"

"အပူတော့မပါဘူးပေါ့။ ဒါပေမဲ့"

"ဘာမှ ဒါပေမဲ့နဲ့။ ရှင် ကျွန်မနောက်ကို လိုက်လာတာဆိုရင် နောက်လှည့်ပြန်လိုက်တော့"

"မွှေးရယ်"

ဖြစ်သွားတဲ့မျက်နှာပုံက သနားချင်စရာ မကောင်းဘဲ ရယ်ချင်စရာပါ။ ငိုတော့မလိုမျက်နှာထားနဲ့လေ။

"အဲဒီလိုကြီးတော့ ကိုယ့်ကို မရက်စက်ပါနဲ့ မွှေးရယ်။ ကိုယ် ဘယ်လောက် မွှေးအပေါ် စွဲလမ်းသလဲဆိုရင်လေ မွှေးနာမည်လေးပါ တဲ့ ဟိုအထုပ်တွေတောင်လေ ပါမှန်း ကိတ်မုန့်သာဆိုရင် တစ်နေ့နှစ်ထုပ်လောက် ဝယ်စားမိမှာ အမှန်ပါကွာ"

မွှေးမျက်နှာလေး ရဲခနဲဖြစ်သွားလေသည်။ ဒီလူဘာတွေလျှောက်ပြောနေပါလိမ့်။ ယောက်ျားဖြစ်ပြီး ဘယ်လောက်စိတ်ရထားလဲ။ ညာမွှေးပန်းအကြောင်း သူပြောစရာလားလို့။

"ဒီမှာ"

"ဟင်"



www.burmeseclassic.com

"ရှင် ပြန်မလား မပြန်ဘူးလား ဒါပဲပြော"

"မပြန်ရင် ဘာလုပ်မှာလဲဟင်"

"ဒါလုပ်မှာ"

"အမ်"

မွေး လက်ဝါးထောင်ပြလိုက်လေတော့ –

"အဲဒီလိုမလုပ်ရဘူးလေ မွေးရဲ့။ ကိုယ်က လက်သီးဆုပ်မပြဘူးလေ။ မွေးလည်း အဲဒီလက်ဝါးထောင်မပြနဲ့ နော် မွေးက အမရာမှ မဟုတ်တာ"

"ရှင့်ကို အမရာလို လက်ဝါးဖြန့်ပြီး ထောင်ပြတာ မဟုတ်ဘူး ရှင့်။ ပါးရိုက်မယ်လို့ ပြောတာ ရှင်းပြီလား"

မွေးလက်ရွယ်လိုက်တော့ မျိုးမင်းသူ နောက်ဆုတ်သွားကာ

"မလုပ်ရဘူးလေ မွေးရဲ့။ တစ်လမ်းတည်းသားချင်းတွေကို"

"မလုပ်စေချင်ရင် ရှင်ပြန်ပေါ့"

"ကိုယ်က မွေး ဈေးကပြန်ရင် ဝယ်လာတာတွေနဲ့ လေးမှာစိုးလို့ ကူသယ်ပေးမလို့ပါ"

"မလိုဘူးလို့ ပြောထားပြီးပြီလေ"

"မမ"





"ဟင်"

"ဘာဖြစ်နေတာလဲ"

ဖြိုးနဲ့ ပက်ပင်းတိုးတာမို့ မွေး မျက်လုံးလေးဝိုင်းကာ မျိုးမင်းသူ့ကို လှည့်ကြည့်လေသည်။ ဖြိုးက မွေးရဲ့မောင်လေးလေ။ မိသားစုဆိုလို့ ဒီမောင်နှမ နှစ်ယောက်ပဲရှိတာပါ။ သူ့အသိတစ်ယောက်နဲ့ ကိစ္စ ဆွေးနွေးစရာရှိလို့ဆိုပြီး ထွက်သွားတာ။

အခု –

ဘယ်ကနေ ဘယ်လို ရောက်လာပါလိမ့်။ ဖြိုးက ဘယ်သူနဲ့ အခုလိုပဲ ခက်ဆဲရေးကောင်းစွာနဲ့ ပေါင်းသင်းပါစေ၊ အစ်မနဲ့ ပတ်သက်လာရင်တော့ တိုလိုက်တာမှ လွန်ရောပါပဲ။ အခုပဲကြည့်လေ၊ မျက်နှာက မှုန်ကုပ်နေသည်။

"မမ ကျွန်တော် မေးတယ်လေ။ ဘာဖြစ်နေတာလဲလို့"

"ဘာမှမဖြစ်ပါဘူး မောင်လေး . . . ကိုမျိုးမင်းသူ ရှင်သွားတော့"

မွေး ဟိုဘက်လှည့်ပြောလိုက် ဒီဘက်လှည့်ပြောလိုက်ပါ။ တော်ကြာ မောင်လေးနဲ့ပြဿနာတက်ကြရင် မကောင်းဘူးလေ။

"ဘာလဲ . . . ဒီလူ မမကို လိုက်နှောင့်ယှက်နေတာလား"

"မဟုတ်ရပါဘူးကွာ၊ ငါလိုက်နှောင့်ယှက်နေတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ မွေး ဈေးဝယ်ပြီးအပြန် ပင်ပန်းမှာစိုးလို့ ဈေးခြင်းကူဆွဲမယ့် လိုက်လာတာပါ"

ဖြိုးမျက်နှာက ပိုတင်းသွားကာ –

"ခင်ဗျားစကားက ဘုန်းကြီးနဲ့ ဦးပဉ္စင်းလို သီသီလေးကွာ တာမျိုးပါလားဗျ။ ဆွဲခြင်းလိုက်ဆွဲပေးရအောင် ကျွန်တော့်အစ ဒုက္ခိတမဟုတ်ဘူး။ ခြေနဲ့လက်နဲ့"

ဖြိုး ဟောက်လိုက်တော့ မျိုးမင်းသူကလေးတစ်ယောက် ဇက်ပုသွားကာ –

"ဒါဆို မလိုဘူးပေါ့နော်"

"မလိုဘူး"

"ကဲ ... ရှင် သွားပါတော့"

"ဒါဆို သွားတော့မယ်နော်၊ တာ့တာ"

"———"

"တာ့တာနော် မွေး"

"ဟာ ... သွားပါဆိုမှ လုပ်ရရင်သေတော့မှာပဲ"

"မောင်လေး"

ဖြိုး လက်သီးနဲ့ထိုးမယ့်ဟန် လုပ်ပြတော့မှ မျိုးမင်းသူ သုတ် သုတ်ပါအောင် ထွက်သွားလေတော့သည်။ ခပ်လှမ်းလှမ်းရောက်တော့





နောက်ပြန်လှည့်ကြည့်ကာ –

"မာယာပရိယာယ်နှစ်သွယ်တန်းလို့ ရက်စက်မှုအပေါင်း သရုပ်ဆောင်းခဲ့ပြီ ××× မွေးလွှန်းသည့်ပန်း မနမ်းရဲ့ပြီ ××× လှလွန်း သည့်ပန်း"

"ဟာ ... ဒီလူတော့ကွာ"

"သွားပြီ"

ဒီတစ်ခါ ဖြိုး မျိုးမင်းသူနောက်ကို လိုက်ပြီး ပြသနာရှာမယ့် ဟန်လုပ်ပြတော့ ပြေးလိုက်တာ ကောက်ကောက်ပါ။ နောက်ကို လုံးဝ လှည့်မကြည့်တော့ပါဘူး။ ဒီလူက ပေါတောတောဆိုတော့ စိတ်ဆိုးရ ခက် ရယ်ရခက်ပါ။ မွေး ဒါကိုကြည့်ပြီး ရယ်လေတော့။

"ဘာရယ်တာလဲ"

"အဲဒီလူက ပေါတောတောနဲ့ပါ ဖြိုးရယ်။ အဲဒါကြောင့် ရယ်တာပါ"

ဖြိုး အစ်မဖြစ်သူကို မျက်စောင်းထိုးလိုက်ပြီး –

"ပေါတောတောကလည်း အဆိပ်ရှိတယ်ဆိုတာ မမေ့နဲ့။ ရှပ်ကိုက သာယာနေတဲ့ရုပ်နဲ့"

"ဟဲ့ ... အဲဒါ နင်ပြောရမယ့်စကားလား ဖြိုးရဲ့"

"ပြောစရာဖြစ်လို့ ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာပြောပြီး ဖြိုး မွေးအနားကနေ ထွက်သွားလေတော့သည်။ ဒါ . . . ထားခဲ့တာမဟုတ်ပါဘူး။ မွေး ဈေးဝယ်ပြီး ပြန်အလာကို တစ်နေရာရာကနေ စောင့်နေပြီး အတူတူ အိမ်ပြန်ကြမည်ဆိုတာ မွေး သိတာပေါ့။

❋



## အခန်း (၂)

မိုးမြင့်မာန် မနက်စောစောထပြီး အမေ့ကို ဝိုင်းကူရသည်။ ယောက်ျားလေးဆိုပေမယ့် နေ့စဉ် အမေ့ကိုကူညီရင်း မိန်းကလေးလိုပဲ အချက်အပြုတ် ကျွမ်းကျင်နေပါပြီ။ အဖေနဲ့အမေရဲ့ သားသမီးတွေထဲမှာ မိုးမြင့်မာန်က အကြီးဆုံးသားပါ။ အားလုံး ညီအစ်ကိုမောင်နှမ ခုနစ်ယောက်။

မိုးမြင့်မာန်ထက် အငယ် –

ဇော်သက်ဦးနဲ့ မိုးမွှင့်ဖြူက အိမ်ထောင်ကျသွားကြပြီလေ။ အခုအိမ်မှာ လက်ရှိက ငါးယောက်။ အဖေ၊ အမေနဲ့ဆို အိမ်မှာမိသားစုက ခုနစ်ယောက်ပါ။ အဖေက ကျန်းမာရေးမကောင်းတော့ အဖေ့



www.burmeseclassic.com

ကိုယ်စား အကြီးဆုံးသားဖြစ်တဲ့ မိုးမြင့်မာန်ပဲ မိသားစုတာဝန်ကို ထမ်းဆောင်နေရသည်လေ။ အမေက အဖေ့ကို ပြုစုရင်း –

အိမ်မှုကိစ္စတွေနှင့် လုံးလည်ပတ်ချာဖြစ်နေရသူ။ မိုးမြင့်မာန်ပြီးတော့ အိမ်မှာရှိတဲ့ အငယ်လေးယောက်က နှင်းဟေမာန်၊ ခေါင်းဟေမာန်၊ ကောင်းမြင့်မာန်နဲ့ သူရမာန်တို့ပေါ့။ အငယ်ဆုံးလေး သူရမာန်က အခုမှ ငါးတန်း။ သူ့အထက် ကောင်းမြင့်မာန်က ဒီနှစ်ဆယ်တန်းတက်နေတာပါ။

ကျန်တဲ့သူတွေကတော့ –

ပညာရေးတစ်ပိုင်းတစ်စနှင့် ကျောင်းထွက်ပြီး နိုင်ရာဝန်လေး ဝင်ထမ်းနေကြသူတွေပါ။ မိုးမြင့်မာန်က အကြီးဆုံးဆိုတော့ တာဝန်ပိုတာပေါ့။

"သားကြီး"

"ဗျာ ... အမေ"

"ထမင်းဟင်းတွေ ချိုင့်ထဲထည့်ဖို့ အမေပဲ လုပ်လိုက်ပါ့မယ်ကွယ်။ သားကြီး နားပါတော့။ တစ်နေကုန် အလုပ်ထဲမှာ ပင်ပန်း။ အိမ်ရောက်တော့ အိမ်အလုပ်ဝိုင်းကူနဲ့ သားကြီး ပင်ပန်းလှပါပြီကွယ်"

"ရပါတယ် အမေ၊ ကျွန်တော် လုပ်နိုင်ပါတယ်"

"ရပါတယ်မလုပ်နဲ့ သားကြီး ... တောင်ငွေးလဲတော့





သူတော်ကတူပြီး ဖိုးသူတော်လဲတော့ တောင်ငွေးမထူနိုင်တဲ့ အဖြစ် နဲ့ ကြုံနေပါ့မယ်ကွယ်။ ဟိုကောင်မတွေကလည်းလေ အလိုက် န်းဆိုးကို မသိကြဘူး။ ဒါ သိတတ်ရင် သူတို့ ဝိုင်းကူလုပ်ရမယ့် အလုပ်တွေ။ နေဦး ... သူတို့ကို သွားနှိုးဦးမယ်"

ဒေါ်စန်းစန်းနွဲ့ ချိုင့်တွေကို ခေးပြီးလို့ ရေသုတ်နေရင်းမှ ပြောလေလျှင် –

"နေပါစေ အမေရယ် မနှိုးပါနဲ့။ သူတို့လည်း အလုပ်ထဲမှာ တစ်နေကုန်ပင်ပန်းလာမှာပေါ့။ ငယ်လည်းငယ်ကြသေးတော့ ပင်ပန်းလာရင် အိပ်ချင်ကြမှာပဲလေ။ သူတို့လည်း မိသားစုတာဝန်ကို တတ်နိုင်သလောက် ဝင်ထမ်းနေကြရတာ သနားပါတယ်။ သူများတွေဆို သူတို့အရွယ် ကြွလို့ ရှလို့ပဲလေ"

မိုးမြင့်မာန်က အဲဒီလို အငယ်တွေအပေါ်မှာ ငဲ့ညှာ နားလည်ပေးတတ်သူ။ မိဘအပေါ် သိတတ်တဲ့သား။ အငယ်တွေကို ငဲ့ညှာသနားခြင်းနဲ့ မိသားစုကို အရမ်းချစ်တဲ့သူ။ အငယ်တွေကို မလွှဲသာလို့သာ အလုပ်လုပ်ခိုင်းရတယ်၊ ဖြစ်နိုင်လျှင် တစ်ယောက်တည်းသာ သိမ်းကျုံးလုပ်ချင်သူပါ။

"သားကြီး"

"ဗျာ ... အမေ"

www.burmeseclassic.com



"အဲဒီစကားကို သူတို့ရှေ့မှာ မပြောမိပါစေနဲ့ သားကြီးရယ် တော်ကြာ ရောင့်တက်ကုန်ကြဦးမယ်။ အမေလည်း ကိုယ့်သားသမီး တွေကို သူများနည်းတူ ဝတ်စေ စားစေ လှစေချင်တာပေါ့။ ဒါပေမဲ့ ဘဝပေးကံက ကောင်းမှမကောင်းပဲကွယ်"

"ဟုတ်ပါတယ် အမေရယ်။ သားတို့ကလည်း အမေ့ကို အပြစ်မြင်နေတာမှ မဟုတ်ဘဲ။ ညီမတို့လည်း တစ်ခါတလေ မသိ တတ်တာလေးကလွဲရင် သူတို့ခမျာ အရွယ်နဲ့မလျှော်အောင် အလုပ်လုပ် နေကြရတာ သားသနားလို့ပါ"

ဒေါ်စန်းစန်းနွဲ့ သက်ပြင်းချလိုက်ပြီး –

"အင်း ... သားကြီးလည်း ဒီသံယောဇဉ်တွေကြောင့်ပဲ လူပျိုကြီးဖြစ်တော့မယ်ထင်ပါရဲ့"

"အမေကလည်း"

အမေပြောတော့ မိုးမြင့်မာန် ရှက်သွားလေသည်။ တကယ်ပါ အသက်သာ သုံးဆယ်ပြည့်တော့မယ် မိုးမြင့်မာန်မှာ ရည်းစားဆိုလို့ မှုးရင်တောင် ရှူစရာမရှိသေး။ မလိမ်မိုး မလိမ္မာ အရွယ်မှာတော့ ရည်းစားတစ်ယောက် ထားခဲ့ဖူးပါတယ်။ ၁၈–နှစ်လောက်ကပေါ့။ အမေသိသွားတော့ ငိုတာနဲ့ မိုးမြင့်မာန် အဲဒီကောင်မလေး ဖြတ်ပစ် လိုက်သည်လေ။





အဲဒီတုန်းက လူငယ်ဆိုတော့ –

ဖြတ်ပစ်လိုက်တာ ဘယ်လောက်လွယ်သလဲ။ အဲဒီကတည်း က နောက်ထပ် ချစ်သူရည်းစားထားဖို့ စိတ်ကူးမရှိတော့ပေ။ မိသားစု ထောက်ပံ့နေခဲ့တာပဲပေါ့။

"သားကြီး အရွယ်ရောက်ပြီဆိုတာထက် အရွယ်လွန်နေပါ ပြီ။ အိမ်ထောင်ပြုမယ်ဆိုလည်း အမေတို့ ခွင့်ပြုမှာပါ။ ဒီအရွယ်ထိ အမေတို့ သားကြီးကိုပဲ အားကိုးနေတာ တရားလွန်နေပါပြီ"

"မဟုတ်တာ အမေရယ်။ သားကိုယ်တိုင်ကိုက အိမ်ထောင် ပြုချင်စိတ် မရှိသေးတာပါ။ အဟဲ ... စိတ်ထဲမှာ သဘောကျတာ တစ်ယောက်တော့ တွေ့ထားတယ်"

"ဟင်"

ဒေါ်စန်းစန်းနွဲ့ အပြုံးမျက်နှာနှင့် သားကိုကြည့်ကာ –

"ဘယ်သူများလဲ သားရဲ့"

"အမေ"

"ဟင်"

ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ အလတ်မ နှင်း ဟောမာန်ပါ။

အငယ်မက မနိုးသေးဘူး ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အလတ်မတောင် နိုးလာပြီ။ အငယ်မရော မနိုးသေးဘူးလား"

"နိုးနေပြီ . . . အမေ့သမီး အိပ်ရာထဲမှာ ဖိမ်ခံနေတုန်း"

"ဟဲ့ . . . ဖိမ်ခံနေလို့မရဘူးလေ၊ ထခိုင်းလိုက်တော့။ သွား . . . ရေချိုးမှာနဲ့ အလုပြင်မှာနဲ့"

"သူ့အချိန်ကို သိပါတယ် အမေရဲ့။ သမီး အမေ့ကို ပြောစရာရှိလို့"

"ဘာလဲ ပြော"

အဲဒီလိုပါ။ သူတို့မှာ မိသားစုစကားဝိုင်းဆိုတာမရှိ။ ပြောစရာရှိလျှင် အချိန်နာရီ ရွေးလို့မရပေ။ ညနေဆို အလုပ်ကပြန်လာ၊ ရေချိုး ထမင်းစားပြီး TV ကြည့်တဲ့သူက ကြည့်။ ပြီး ခဏကြည့်ပြီးတာနှင့် စာကျက်သူကကျက်၊ အိပ်သူကအိပ်ပါ။

"သမီး ခုလရမယ့်လစာကို အမေတို့ကို မပေးနိုင်ဘူးနော်။ ဝယ်စရာရှိလို့"

"ဟင်"

ဒေါ်စန်းစန်းရဲ့ မျက်မှောင်ကြုတ်သွားသလို မိုးမြင့်မာန်လည်း တွေခနဲ ဖြစ်သွားလေသည်။ ဘာဝယ်မလို့ပါလိမ့်ဆိုတဲ့အတွေးနဲ့ပေါ့။ ခါတိုင်းဆို ရတဲ့လစာ အမေ့ကိုအကုန်အပ်ပြီး အမေက သူတို့ကို





ဝတ်စုံတစ်စုံကိုတော့ ပြန်ပေးနေကျပါ။ အပို့လေးတွေဆိုတော့ သူများ ည်းတော့ ဝတ်ချင်မှာပဲဆိုပြီးတော့လေ။

မိုးမြင့်မာန်သာ . . .

အဝတ်ကိုရှိတာနဲ့ဝတ်ပြီး ဖြစ်သလိုနေတတ်တာပါ။

"နင်က ဘာဝယ်မလို့လဲ အလတ်မ"

"ဖုန်းဝယ်မလို့"

"ဘာ"

အမေ့ရဲ့ 'ဘာ' ဆိုတဲ့အသံကို နှင်းက ဂရုမစိုက်သလို သွားတိုက်တံပေါ်သို့ သွားတိုက်ဆေးထည့်နေသည်။

"နင်က အဲဒီဖုန်းဝယ်ပြီး ဘာလုပ်မှာလဲ အလတ်မ။ ဖုန်းမရှိဆို ဘာမှမဖြစ်ဘူး။ မရှိမဖြစ်လိုအပ်တယ်ဆိုရင်လည်းထားတော့။ အခုက လိုအပ်တာလည်း မဟုတ်ဘူး။ ကိုယ့်အိမ်အကြောင်းကိုယ်သိနော်"

"အမေကလည်း စက်ရုံထဲမှာ လူတိုင်းဖုန်းကိုယ်စီနဲ့။ သမီးပဲ ရှိတာ ဘယ်လောက်မျက်နှာငယ်ရလဲ"

"နင်တို့စက်ရုံထဲမှာ ဖုန်းကိုင်ခွင့်ပေးလို့လား"

"ဝင်တာနဲ့ စက်ပိတ်ထားရတာပေမယ့် ကိုင်နေကြတာပဲလေ။ နားတဲ့အချိန်ဆိုရင်တော့ သုံးခွင့်ပေးထားတာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



အမေက သူ့ကိုကြည့်၊ သူက အမေ့ကိုကြည့်နှင့်ပဲ ပြီးတော့ သက်ပြင်းချလိုက်တာ နှစ်ယောက်စလုံးပါ။ မိုးမြင့်မာန် သူတို့ကို မသိ တတ်ရကောင်းလားလို့ အပြစ်လည်းမတင်ချင်ပါဘူး။ လူငယ်တွေ ဆိုတော့ သူများဖြူတာနီတာကို လိုက်ပြီး ဖြူချင်နီချင်မှာပေါ့။

"အမေ"

"––––––"

"ဒီလတော့ သူလိုချင်တာ ဝယ်ပါစေ အမေရယ်။ အဲဒီ အတွက် ကျွန်တော် အလုပ်ပိုလုပ်ပါ့မယ်။ သူလည်း လူငယ်ဆိုတော့ ကိုင်ချင်မှာပေါ့"

"သားကြီး"

"–––––––"

"မင်း ကြိုက်ကြိုက်အလိုလိုက်နော် သိလား။ နောက်မှတော့ အမေ့ခေါင်းပေါ် ပုံမချနဲ့"

မိုးမြင့်မာန် အမေ့ကိုလည်း ဘာဖြစ်တယ် ညာဖြစ်တယ် ပြောမပြချင်တော့ပေ။ ညီမကိုလည်း မပြောရက်ပါဘူး။ အိမ်မှာက လည်း သိပ်အဆင်ပြေလှတယ် မဟုတ်။ အဖေ့ဆေးဖိုးနဲ့ အငယ်နှစ် ယောက် ကျောင်းစရိတ်နဲ့ဆိုတော့ လောက်ငှရုံပါပဲ။ ဒီကြားထဲ မိုးမြင့် မာန် အလုပ်မဆင်းရတဲ့နေ့ဆို တစ်ခါတစ်ခါ ကြွေးတင်ရောလေ။





အဲဒီတင်တဲ့ကြွေးကို –

အလတ်မနဲ့ အငယ်မ လစာထုတ်မှ ဆပ်ရတာပါ။ ဒါတောင် အိမ်လေးက ကိုယ်ပိုင်မို့လို့ တော်သေးတာပေါ့။ အိမ်လခသာပေးရရင် ထွေးယ်ပါဘူး။

"အလတ်မ"

"ရှင်"

"အေး . . . သူများနဲ့တန်းတူ ဖုန်းကိုင်ချင်တယ်ဆိုလို့ ငါခွင့် ပြုလိုက်မယ်နော်။ ရှုပ်ရှုပ်ယှက်ယှက်တော့ မကြားရစေနဲ့။ ကြားရလို့က တော့ နင်မလွယ်ဘူး"

"ဟုတ်ကဲ့ပါ ကိုကြီးရဲ့။ နှင်းက ဖုန်းကိုင်ချင်ရုံသက်သက်ပါ ခဲ့ ဝိမ်းဆော့မယ်၊ ကိုကြီးနဲ့လည်း ဆက်သွယ်လို့ရတယ်လေ။ ပြီး တော့ ကိုယ့်ဖုန်းနဲ့ ကိုယ့်ဓာတ်ပုံလေး ဘာလေး ရိုက်ချင်ရုံပါ"

"အေးပါ . . . အဲဒါဆိုလည်း ပြီးရော"

လိုချင်တာ ဝယ်ခွင့်ပြုလိုက်ပြီဆိုတော့ နှင်းမျက်နှာက ပြုံးလို့ ပါ။ မိုးမြင့်မာန်ကတော့ ဖုန်းတစ်လုံး မရှိမဖြစ် လိုအပ်လို့ ဝယ်ထားတာ ကြာပါပြီ။ သူ့အလုပ်က ဖုန်းရှိမှ အဆင်ပြေတာ မဟုတ်လား။

✱



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဒီနေ့အလုပ်မဆင်းရဘူးဆိုတော့ ဖြိုး အေးအေးဆေးဆေး အိမ်မှာအနားယူသည်။ ဖြိုးက ယောကျ်ားလေးဆိုပေမယ့် အလုပ်ကိစ္စ ကလွဲရင် အပြင်သိပ်ထွက်လေ့ရှိသူ မဟုတ်ပေ။ အစ်မကို ဥစ္စာစောင့် နေသူလေ။ အိမ်မှာ တစ်ယောက်တည်းကျန်ခဲ့တာကို စိတ်မချလို့တဲ့။

"ဟင်"

ဖုန်းနဲ့သူများဆီက ကူးယူထားတဲ့ နိုင်ငံခြားဇာတ်ကား တစ် ကားကိုကြည့်နေရင်း ဖုန်းဝင်လာသဖြင့် –

"ဟုတ်ကဲ့ အစ်ကိုပြောပါ"

"ဖြိုး တို့အလုပ်သွားရမယ်ကွ။ မင်းအဆင်သင့်ပြင်ထား။





ငါ ဝင်ခေါ်မယ်"

"ဟာ ... ဘယ်လိုဖြစ်တာလဲ အစ်ကိုရ။ မနေ့ကတော့ ဒီနေ့ အလုပ်မဆင်းရဘူးပြောပြီးတော့"

"အေး ... မနေ့ကမှာထားတဲ့သစ် မရောက်လို့ အလုပ် မဆင်းရဘူးပြောတာ။ ဒီနေ့မနက် စောစောက ရောက်လာလို့ အဲဒါ အခုလာခဲ့ပါတဲ့။ အော်ဒါမှာထားတာတွေက အရေးကြီးလို့တဲ့ကွ"

"ဘွားတော်ကလည်းဗျာ ... သူများ အေးအေးဆေးဆေး နားနေကာမှ"

"အေး ... မင်းက ပြောအားရှိတော့ ပြောပေါ့ကွာ။ ငါက တော့ အဲဒီလို ဖုန်းဆက်ခေါ်တာ ကျေးဇူးတောင်တင်သေးတယ်။ ငါ့အိမ်အခြေအနေကို မင်း သိရဲ့သားနဲ့"

ဩော် ... ဟုတ်ပါလားလို့ တွေးမိပြီး ဖြိုး တစ်ဖက်လူကို အားနာသွားသလို အဝတ်စကိုက်ရင်း နားထောင်နေမိတဲ့ မွှေးလည်း စိတ်မကောင်းဖြစ်သွားရသည်။

"ဆောရီးပါ အစ်ကို၊ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော်က စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက်မိတာပါ"

"ရပါတယ်ကွာ။ အချင်းချင်းတွေပဲဟာ။ အဲဒါ ငါဘာဝင်ခေါ်လ ကွာ"



www.burmeseclassic.com

www.burmeseclassic.com



စဝိကာဖွင့်ပြောတော့ မွေးလည်းကြားနေရသည်လေ။ ဪ မတူညီကြတဲ့ ဘဝတွေမှာ လူတစ်ယောက် အပူတစ်မျိုးစီနဲ့ ပြည့်စုံခြင်း ဆိုတာ မရှိသလောက်ပါလား။

"ဟုတ်ကဲ့၊ အစ်ကိုလာခဲ့လေ။ ကျွန်တော်စောင့်နေမယ်"

"Ok ဒါဆို ငါဖုန်းချလိုက်တော့မယ်နော်"

"ဟုတ်ကဲ့ပါ အစ်ကို"

မြိုး ဖုန်းချလိုက်သည်။ ကိုယ်က လုပ်မယ့်သာလုပ်နေတာ။ မလုပ်ပဲနေလို့ရနေပါပြီ။ အရင်က ကိုယ်တွေလည်း ဒီလိုဘဝမျိုးပါပဲ။ နောက်မှ မမက စက်ချုပ်၊ မြိုးက အပြင်အလုပ်လုပ်ရင်း ကျွန်မာရေး ကောင်းကြလို့ အဆင်ပြေခဲ့ကြတာပါ။

စားပါးစဝိကာလည်း မောင်နှမ နှစ်ယောက်တည်းလေ။ မွေးက အဝတ်တွေကို လက်မလည်အောင် ချုပ်နေရတာပါ။ စိတ်ကူး ကောင်းပြီး ဒီဇိုင်းအဆန်းလေးတွေ ထွင်ချုပ်တတ်တော့ ရယ်ဒီမိတ် တောင် ဝယ်မဝတ်ကြတော့သလောက်ပါပဲ။ လူပင်ပန်းပေမယ့် မွေး ပျော်ရသည်သာ။

"မမ"

"-----"

"ကျွန်တော်အလုပ်သွားရမယ်"





"အေး အေး ... အဲဒါဆို ငါ ထမင်းချိုင့်သွားပြင်လိုက် ဦးမယ်"

မွေး လုပ်လက်စအလုပ်ကိုထားပြီး မီးဖိုချောင်ထဲသို့ ဝင်ခဲ့ သွားသည်။ မြိုးက အဝတ်အစားလဲပေါ့။ မွေးကိုယ်တိုင်က စက်ချုပ် နေတော့ မြိုးမှာ အစ်မကိုယ်တိုင် ချုပ်ပေးတာရော ဝယ်ဝတ်တာရော အတော်ကပေါ်သည်လေ။

"မြိုးရေ"

"-----"

"မြိုး"

"ဟော ... အစ်ကိုတောင်ရောက်လာပြီ၊ ခဏလေးနော် အစ်ကို"

"အေးပါ ... အေးအေးဆေးဆေးလုပ်ပါ"

"အစ်ကို ခဏထိုင်ဦးနော်"

မွေး မီးဖိုချောင်ထဲက ပြန်ထွက်လာတော့ –

"ဪ ... မိုးမြင့်မာန် ရောက်နေပြီကိုး"

"ဟုတ်တယ် မမွေး"

"ထမင်းချိုင့် ဘာဟင်းနဲ့လဲ မိုးမြင့်မာန်။ ဒီမှာ မမွေး ... ဟင်းတွေ ပိုထည့်ပေးလိုက်တယ်နော်။ မောင်လေးနဲ့ အတူတူ



www.burmeseclassic.com

www.burmeseclassic.com



စားတာ မဟုတ်လား"

"ဟုတ် ... အတူတူစားတာပါ။ ပိုထည့်ပေးတယ်ဆိုတော့ အားနာစရာဗျာ"

"အချင်းချင်းတွေပဲ မိုးမြင့်မာန်ရယ်၊ အားနာစရာမလိုပါဘူး။ ဪ ... ဒါနဲ့ မောင်လေးကို အမြင်မတော်တာရှိရင် ဆုံးမပါနော်။ အလုပ်ထဲမှာကျတော့ သူ ဘာလုပ်လဲ ဘယ်လိုနေလဲ မမွှေးက သိတာ မဟုတ်ဘူး"

"အဲဒီအတွက်ကတော့ စိတ်ချ မမွှေး။ ဒီကောင် ပြော မကောင်း ဆိုမကောင်းဖြစ်လို့ကတော့ ကျွန်တော် နားရင်းအုပ်ပြီး ဆုံးမပေးမယ်"

"ဟာ ... အစ်ကိုကလည်း နားရင်းတော့မအုပ်ပါနဲ့ဗျ၊ အုပ်ချင်ရင် နားဖျားပဲ အုပ်ပါ"

ပြောပြီး ဘာရယ်မဟုတ် ရယ်မိကြသည်။ မွှေးက မိုးမြင့်မာန် ထက် အသက်ကြီးပါသည်။ မွှေးအသက်က သုံးဆယ်ထဲမှာလေ။ မိုးမြင့်မာန်က နှစ်ဆယ့်ရှစ်။ ဖြိုးကတော့ သူတို့ထက်စာရင် ငယ်တာ ပေါ့။ နှစ်ဆယ့်နှစ်နှစ်လေ၊ သူများတွေဆို အိမ်ထောင်ပြုနေပြီပေမယ့် ဖြိုးကတော့ ကလေးလို အစ်မအပေါ်မှာ ခွဲနေတုန်းပါ။

ရည်းစားထားပေမယ့် –





မငြိပါဘူး။ အိမ်ထောင်ပြုဖို့လည်း မပြောပေ။

"သွားမယ် အစ်ကို"

ဖြိုးက ထမင်းချိုင့်ယူပြီးသွားမယ်ဆိုတော့ မိုးမြင့်မာန်လည်း ထရပ်ပြီး ခြေလှမ်းလိုက်စဉ် –

"ဖြိုး"

"ဟာ"

'ဟာ' ဆိုတဲ့အသံကြားပြီး မိုးမြင့်မာန် အောက်ကိုငုံ့ကြည့် လေတော့ –

"ဘာဖြစ်လို့လဲ အစ်ကို"

"အဟဲ ... ပုဆိုးပြဲသွားတာကွ"

"ဟုတ်လား"

မိုးမြင့်မာန်ဘဝက အဲဒီလိုပါ။ ပုဆိုးဆိုလို့ အသစ်တစ်ထည် အကောင်းက သုံးထည်ပဲရှိတာ။ ဒါကိုပဲ သပ်သပ်ရပ်ရပ်ဝတ်နေတာပါ။ ထပ်ဝယ်ဖို့လည်း အမေ့ကိုမပြောချင်ပါဘူး။ ရသမျှပိုက်ဆံလည်း အမေ့ ကိုပဲ အကုန်အပ်တာပါ။ ဖြိုးက ပုဆိုးပြဲကို ငုံ့ကြည့်လိုက်ပြီး –

"အတော်ပြဲသွားတာပဲ၊ ခဏနော် အစ်ကို"

ဖြိုး အခန်းထဲသို့ဝင်သွားပြီးပြန်လာတော့ လက်ထဲမှာ ပုဆိုး တစ်ထည်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဖြိုး"

"အစ်ကို ပုဆိုးပြဲသွားလို့ မမ"

"ဟင် . . . ဟုတ်လား"

မွေး မိုးမြင့်မာန်ကိုကြည့်လိုက်မိတာက ကရုဏာမျက်ဝန်းနှင့်သာ။ မိတနှစ်ပါးစုံလင်စွာနဲ့ မိသားစုတွေ သိုက်သိုက်ဝန်းဝန်းရှိပြန်တော့ စီးပွားရေးက အဆင်မပြေ။ မွေးတို့ကျတော့ စီးပွားရေးလေး အဆင်ပြေပြန်တော့ ပြေးကြည့်မှ မောင်နှမနှစ်ယောက်တည်းရယ်။

မိသားစု သိုက်သိုက်ဝန်းဝန်းဆိုတဲ့ဘဝကို မပိုင်ဆိုင်ရပေ။

"ရော့ . . . အစ်ကို၊ ဒီပုဆိုးဝတ်လိုက်"

ဖြိုးပေးတဲ့ပုဆိုးကို မိုးမြင့်မာန် ချက်ချင်းမယူပေ။ အားနာသလို ကြည့်လေတော့ –

"ယူပါ အစ်ကိုရဲ့။ ရော့ . . . ကျွန်တော့်အခန်းထဲ ဝင်လဲလိုက်"

မိုးမြင့်မာန် အားနာနာနှင့်ပဲ ယူလိုက်ရပြီး –

"ကျေးဇူးပါကွာ"

❋



## အခန်း (၄)

"ဖြိုး"

"______"

"ဖြိုး"

ခေါ်သံကြားတာကြောင့် မွေး လက်ရောခြေထောက်ရော ရပ်တန့်သွားလေသည်။ စက်ချုပ်သံ တဒုတ်ဒုတ်နဲ့ဆိုတော့ ခေါ်သံကြားဖြိုး ဘယ်သူမှန်းမသိရှာဘူးလေ။ အိမ်ထဲကို ဝင်လာတော့မှ –

"ဪ . . . မိုးမြင့်မာန်ပါလား။ လာ မိုးမြင့်မာန် ထိုင်"

"ကျွန်တော် ပုဆိုးပြန်လာပေးတာပါ မမွေး။ ဒါနဲ့ ဖြိုးရော မမြင်ပါလား။ ဘယ်သွားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြိုးက လက်ဖက်ရည်ဆိုင်သွားထိုင်တယ်လေ။ ပုဆိုးကော ပြန်ပေးစရာမလိုပါဘူး မိုးမြင့်မာန်ရဲ့။ ဖြိုးကလည်း မှာထားတယ်လေ။ ပုဆိုးက အစ်ကိုကို အပြီးပေးလိုက်တာ၊ ပြန်လာပို့ရင် ပြန်မယူနဲ့တဲ့"

"ဟာ ... မဟုတ်တာ"

မဟုတ်တာဆိုပြီး မိုးမြင့်မာန် ဘာဆက်ပြောရမှန်းမသိတော့။ အပြီးပေးတာဆိုတော့ လက်ခံသင့်လား၊ လက်မခံသင့်လား။ သူများ ပေးတာကို ငယ်ငယ်ကတော့ ဘာရယ်ညာရယ်မဟုတ် ဝတ်ပေမယ့် အသက်ကြီးလာတော့ နေရာတကာ မသင့်တော်တော့ဘူးလေ။

"ကျွန်တော် မယူပါရစေနဲ့ဗျာ"

"ဩော် ... ယူလိုက်ပါ မိုးမြင့်မာန်ရဲ့။ ဘာလဲ ... ဝတ်ပြီးသားမို့လို့လား။ ဖြိုး တစ်ခါတည်းပဲ ဝတ်ရသေးတာပါ။ သူ စေတနာရှိလို့ပေးတာကို ယူသာယူလိုက်"

"ဝတ်ပြီးတာ မဝတ်ပြီးတာနဲ့ မဆိုင်ပါဘူးဗျာ။ ကျွန်တော် စိတ်မလုံလို့ပါ"

"စိတ်မလုံရအောင် ခိုးတာမှမဟုတ်တာ။ စိတ်သန့်သန့်နဲ့သာ ဝတ်"

မိုးမြင့်မာန် ပုဆိုးလေးကို ပေါင်ပေါ်တင်ထားပြီး သက်ပြင်းချ လိုက်မိသည်။ စေတနာနဲ့ပေးတာဆိုတော့ လက်ခံရတော့မှာပေါ့။





ကိုယ့်အတွက်လိုအပ်နေတာကတော့ အမှန်ပဲလေ။ မယူချင်တာက အားနာလို့ပါ။

"ကောင်းပြီလေ၊ ပေးတဲ့သူက စေတနာနဲ့ပေးတာကို ကျွန်တော် မငြင်းတော့ပါဘူး။ ကျေးဇူးတင်ပါတယ်လို့ပဲ ပြောပါရစေတော့"

"မလိုပါဘူး မိုးမြင့်မာန် ... အချင်းချင်းတွေပဲ ဥစ္စာ"

"မွှေးရေ"

"ရှင်"

အိမ်ရှေ့ကခေါ်သံကြောင့် မွှေးထူးလိုက်သည်။ အိမ်ထဲကို ဝင်လာတဲ့သူက –

"အန်တီ့သမီးလေး အပ်ထားတဲ့ဝတ်စုံ ချုပ်ပြီးပြီလား မွှေး"

"ဟုတ်ကဲ့ ပြီးပါပြီ အန်တီ။ ဒီနေ့လာယူမယ်လို့ ချိန်းထားတော့ ညက အပြီးချုပ်လိုက်တာလေ။ ညတစ်နာရီကျော်မှ အိပ်ဖြစ်တယ်"

"မောင်နှမနှစ်ယောက်တည်းကို ဝိုစား ရယ်စားမယ့်သူ မရှိတဲ့ လောဘကြီးမနေပါနဲ့ မွှေးရယ်။ အိပ်ရေးတွေ သိပ်အပျက်မခံနဲ့လေ။ တော်ကြာ ကျန်းမာရေးထိခိုက်မှာစိုးလို့ အန်တီက ပြောတာပါ"

"မိုးမြင့်မာန် ခဏနော်"

မွှေး အန်တီကြီးကို အဝတ်တွေပေးပြီး အန်တီကြီးနဲ့ စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာကို မိုးမြင့်မာန် လိုက်ငေးနေမိတော့သည်။

"ငိုစားရယ်စားမယ့်သူ မရှိပေမယ့် စီးပွားကို ရှာနိုင်တုန်း ရှာထားရတာလေ အန်တီရဲ့။ မွှေးတို့ဖြတ်သန်းခဲ့ရတဲ့ဘဝက ကြမ်း တော့ နောက်တစ်ခါ အဲဒီဘဝမျိုး ပြန်ရောက်မှာ ကြောက်နေတာ"

"ဪ ... ဒါကတော့ မွှေးရဲ့ရှေးကပြုခဲ့မှုတဲ့ ကုသိုလ် ပေါ့ကွယ်။ အခု အဆင်ပြေနေပြီမဟုတ်လား။ ပြီးတော့ လှတာလည်း ယဉ်ယဉ်လေးနဲ့ လှလိုက်တာ"

မွှေးတဲ့။ မိန်းမပီသပြီး အနေအထိုင် ကျစ်လစ်ပုံကလည်း နာမည်နဲ့လိုက်အောင် သတင်းမွှေးနေသူ။ ဆံပင်ရှည်ကြီးတွေ တဝဲဝဲနဲ့ မွှေးကိုငေးနေရင်း မိုးမြင့်မာန်ရင်ထဲမှာ ချွေးသလိုလို အေးသလိုလိုပါ။ တကယ်တော့ မွှေးက ဒီလောက်အလှကြီးမဟုတ်ပါဘူး။ ယဉ်တာပါ။

မွှေးကို ပိုင်ဆိုင်ခွင့်ရတဲ့သူက –

ကံကောင်းတယ်လို့ ပြောရမလား။ မိုးမြင့်မာန် နှုတ်ဆက်ပြီး ထပြန်လို့ရလျက်သားနဲ့ မပြန်နိုင်သေးတာ မွှေးကို ငေးပြီး စိတ်ကူး ယဉ်နေမိသည်သာ။ စိတ်ကူးထဲမှာ မွှေးဟာ ကိုယ့်ရဲ့ချစ်ဇနီးလေးပေါ့။

"ကျေးဇူးပါ မွှေးရယ်။ အန်တီ ပြန်တော့မယ်နော်"

"ဟုတ်ကဲ့ပါ အန်တီ"

မိုးမြင့်မာန် စိတ်ကူးယဉ်ပြီး ပြုံးနေမိသည်။ စိတ်ထဲမှာ မွှေး





မွှေး မွှေးလို့ ခေါ်ရင်း မွှေးရဲ့ကိုယ်သင်းရနံ့လေးက ကိုယ့်ရင်ခွင်ထဲမှာ။

"ဟင်"

မွှေး သူ့မကိုကြည့်ပြီး မိုးမြင့်မာန် ပြုံးနေတာကိုမြင်တော့ ရှက်ဝဲဝဲလေး ဖြစ်သွားရသည်သာ။ ဒါပေမဲ့ ကိုယ်က အိမ်ရှင်ဆိုတော့ ရှက်တယ်ဆိုပြီး မခေါ်မပြောပဲ နေလို့မရဘူးလေ။

"မိုးမြင့်မာန်"

"______"

"မိုးမြင့်မာန်"

"အင် ... ဟင် ... ဗျာ"

"ပြုံးကိုစောင့်နေတာမဟုတ်လား။ ခဏနော်။ မမွှေး ဖုန်း ဆက်ပြီး ပြန်ခေါ်ပေးမယ်"

"ဟာ ... မဟုတ်ပါဘူး။ မခေါ်ပါနဲ့။ ကျွန်တော် ပြန်မှာပါ"

အခုမှ ထိုင်နေမိတဲ့ကိုယ့်အဖြစ်ကိုယ် သတိရပြီး မိုးမြင့်မာန် ရှာပျာသလဲ ထရပ်လိုက်လေတော့သည်။ ဟုတ်သားပဲ၊ သူ ပြုံး အိမ်မှာမရှိဘဲနဲ့ ဘာလို့ဆက်ထိုင်နေမိပါလိမ့်။

"ဟင် ... မမွှေးပြောကာမှ ထပြန်မယ်လုပ်တော့ နှင်သလို ဖြစ်နေပြီထင်တယ်"

"မဟုတ်ပါဘူး ... မွှေးရဲ့ ... အဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်မာန် ကိုယ့်ပါးစပ်ကိုယ် လက်နှင့်အမြန်ပိတ်လိုက်သည်။ ထွက်သွားပြန်ပြီ ဒီပါးစပ်က မွှေးလို့။ အဲဒါ ဓာတ်ဆေးက စိတ်ကူးထဲမှာ ခေါ်နေတာပါ။ အခု ပါးစပ်ကထွက်သွားပြီဆိုတော့ –

"အားနာလိုက်တာဗျာ"

"ဘာကိုအားနာတာလဲ မိုးမြင့်မာန်"

မွှေးကမေးတော့ မိုးမြင့်မာန် ခေါင်းကုတ်လိုက်ကာ –

"မထူးတော့ပါဘူးဗျာ၊ ပြောပဲပြောလိုက်တော့မယ်။ ကျွန်တော် မွှေးကို မွှေးလို့ပဲ ခေါ်တော့မယ်ဗျာ"

"ဟောတော့"

"ကျွန်တော့်ကို ရိုင်းတယ်လို့တော့ မထင်ပါနဲ့။ ကျွန်တော် မွှေးကို မွှေးလို့ပဲ ခေါ်ချင်တယ်"

မွှေး ရယ်လိုက်မိပြီး –

"ဒါများ မိုးမြင့်မာန်ရယ် ... အဆန်းလုပ်လို့၊ မွှေးလို့ ခေါ်ချင်တာပဲ ခေါ်ပေါ့။ အဲဒီလိုခေါ်တော့ ရင်းနှီးမှုရှိတာပေါ့"

အကြည့်ချင်းဆုံသွားကြတော့ ဘာတွေ ငြိတွယ်သွားသည်တော့ မသိပေ။ မိုးမြင့်မာန်က အရင်ကတည်းက မွှေးကို သဘောကျနေတာ။ မပြောရဲလို့သာပေါ့။ မွှေးကလည်း မိုးမြင့်မာန်ဘဝကို သနားနေသူပါ။





"ကျေးဇူးပါ မွှေး"

"လာပြန်ပြီ ဒီကျေးဇူး။ နောက်တစ်ခါတင်ရင် ပါခေါ်ယူတော့ နိုင်မှာတင်"

မဖြစ်နိုင်တာကိုရွှေပြောတာမို့ ရွှဲမှန်း သိသိကြီးပါ။ မိုးမြင့်မာန် ပြန်ချင်သေးပေမယ့် –

"ကျွန်တော် ပြန်လိုက်ပါဦးမယ် မွှေး"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

အင်း ... ခက်ပြီ။ မိုးမြင့်မာန် စိတ်နဲ့ကိုယ် မကပ်တော့သလို ပါပဲ။ မွေးရဲ့အပြုံးနဲ့ မွေးရဲ့ဟန်ပန်အမူအရာလေးတွေကိုပဲ သတိရနေမိသည်လေ။ ဘယ်လိုလုပ်ရပါ့မလဲ။ အလုပ်လုပ်နေရင်းလည်း သတိရ။

"မိုးနဲ့ဖြိုး"

ဖြိုးက လှည့်ကြည့်ပြီး မိုးမြင့်မာန်က မကြားပေ။

"ဗျာ ... အန်တီ"

"ဒီ ... ခဏလာကြပါဦး"

ဖြိုး ... မိုးမြင့်မာန်ကို လှည့်ကြည့်တော့အလုပ်ကိုသာ





ခဲလုပ်နေပြီး ကြားဟန်မတူပေ။ သူတို့အလုပ်က လက်သမားလေ။ ခေါ်နိုင်လာသန်းက အလုပ်ရှင်ပေါ့။ ဗီရို၊ စားပွဲ အစရှိသည်တို့ကို လုပ်တာပါ။ ဒီကြားထဲ အော်ဒါလက်ခံပြီး ဘာလေးလုပ်ပေးပါ၊ ညာလေးလုပ်ပေးပါ ဆိုတာတွေ လက်ခံပြီး လုပ်ပေးရတာပေါ့။

"အစ်ကို"

"____"

"အစ်ကို့"

"ဟင် ... ပော"

"အမယ်လေး အစ်ကိုရာ၊ ဘာတွေများ ဒီလောက်တွေးနေလို့ ခေါ်မကြား အော်မကြား ဖြစ်နေရတာလဲဗျ"

"ဘာလဲ ဖြိုး"

"ဟိုမှာ ဘွားတော် ခေါ်နေတယ်"

"ဟုတ်လား"

"ဘာလဲ အစ်ကို၊ စိတ်ဝင်စားရမယ့်ကောင်မလေး ရှိနေလို့ ကောင်မလေးအကြောင်း တွေးနေတာလား"

မိုးမြင့်မာန် ပြုံးစိစိလေးပဲ လုပ်နေရတော့သည်။ ကိုယ် စိတ်ထဲ စားနေတာ သူ့အစ်မပါလို့ ဘယ်လိုပြောရမလဲ။ ဒီတော့ မှန် အလေး နာစေးနေသည်ပေါ့လေ။ -



www.burmeseclassic.com

www.burmeseclassic.com



“အစ်ကို”

“ဘာလဲကွ”

“ဘာမှပြန်မပြောပဲ ငြိမ်းနေပုံထောက်တော့ ကျွန်တော်ပြောတာ ဟုတ်နေပြီထင်တယ်။ အချင်းချင်း မလျှို့နဲ့နော်အစ်ကို”

“မင်းကလည်းကွာ . . . ဘာတွေပြောနေမှန်းမသိဘူး။ အန်တီ ခေါ်နေတယ်ဆို သွားရအောင်”

ပြောပြီး ရှေ့ကထွက်သွားတော့ ငြိမ်းလည်း နောက်ကလိုက် လာခဲ့သည်။ ဒေါ်နီလာသန်း ရှေ့ကိုရောက်တော့ –

“အန်တီ ကျွန်တော်တို့ကို ဘာပြောမလို့လဲ မသိဘူး”

“ပြောမလို့ မဟုတ်ပါဘူး အန်တီဖုန်းဆက်ခေါ်တဲ့အချိန် လာပြီး အလုပ်ကြိုးစားတဲ့ မင်းတို့နှစ်ယောက်ကို ဆုချမလို့ပါ”

“ဗြော်”

“ရော့ . . . အဝတ်တစ်ယောက်တစ်စုံ။ အရောင်ကတော့ မင်းတို့အချင်းချင်းပဲ ညှိယူကြ၊ ဟုတ်ပြီလား”

“ဟုတ်ကဲ့ပါ အန်တီ”

“ကျေးဇူးပါ အန်တီ”

အလုပ်ရှင်နဲ့အလုပ်သမားဆိုတာ ရေအိုးနဲ့ရေမှုတ်လိုပဲတဲ့။ လူကြီးတွေပြောကြတာ။ ဒေါ်နီလာသန်းနဲ့ သူတို့လိုမျိုးကို ပြောတာဖြ





ဖြစ်မှာပေါ့။ ဒေါ်နီလာသန်းက အလုပ်ရှင်ဆိုပြီး မောက်မာတာမျိုးမရှိ ဘူး။ အလုပ်သမားနဲ့ မိသားစုလို ဆက်ဆံသူပါ။

“မိုးမြင့်မာန်”

“ဗျာ”

“မနက်ဖြန်ကျရင် မင်းတို့နှစ်ယောက်စလုံး အလုပ်ထဲကို မလာနဲ့။ အန်တီ့အိမ်ကို လာခဲ့နော်။ အိမ်မှာ ပြင်စရာလေးတွေရှိလို့။ ဒီမှာလုပ်တာထက်တော့ ပိုပင်ပန်းမယ်နော်။ လုပ်အားခလည်း အန်တီ ပိုပေးမှာပါ”

“ဗြော် . . . ရပါတယ် အန်တီရဲ့၊ ပြောနေရမယ့်လူတွေမှ မဟုတ်တာ”

ငြိမ်းက သွက်သွက်လက်လက်နှင့် ဝင်ပြောလေသည်။ မိုးမြင့် ကတော့ ဘယ်လောက်ပဲပေးပေး လုပ်ပေးမှာမို့ အပိုမပြောတာ ပေါ့။ အခု ဝတ်စုံတစ်စုံဝယ်ပေးတာအတွက် သူ့မှာ ဝမ်းသာလို့ဆုံးပါ။ ချမ်းသာတဲ့သူတွေအတွက် ဘာမှမဟုတ်ပေမယ့် သူ့အတွက်ကတော့ အထိကရပါ။

ဒီဝတ်စုံလေးရတော့ –

အမေ့ကို ဝယ်ခိုင်းစရာမလိုတော့ဘူးပေါ့။ သူ့ အိတ်ကို အသာဟကြည့်လိုက်တော့ ဝတ်စုံက ပုဆိုးနဲ့အကျႌ တစ်ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကျော်မှာ အသေအချာပါ။

"မင်းတို့နှစ်ယောက်နဲ့ အလုပ်လုပ်ရတာ အန်တီစိတ်ချမ်းသာတယ်ကွယ်။ ကျန်တဲ့သူတွေက အလုပ်ကို ဆင်းလိုက် မဆင်းလိုက်၊ မူးနေတဲ့အခါတွေဆို တော်တော်စိတ်ပျက်ဖို့ကောင်းတာ"

"ဟုတ်ကဲ့ ... ကျွန်တော်တို့အတွက်ကတော့ စိတ်ချပါ အန်တီ။ နေမကောင်းတာတို့ သေရေးရှင်ရေး အရေးကြီးတဲ့ကိစ္စတို့ ပေါ်လာရင်တော့ အန်တီက နားလည်ပေးပါ"

"ဪ ... ဒါကတော့ နားလည်ပေးရမှာပေါ့ မိုးမြင့်မာန်ရဲ့။ ကဲ ... အန်တီပြန်လိုက်ဦးမယ်။ မှာတာတွေ မမေ့နဲ့နော်"

"ဟုတ်ကဲ့ပါ အန်တီ"

ဒေါ်နီလာသခင်းက သူတို့နှစ်ယောက်ကို အမှန်တကယ် အားကိုးတာပါ။ ရိုးသားပြီးကြိုးစားကြလို့လေ။ ဒေါ်နီလာသခင်း ပြန်သွားလေတော့ –

"ဖြိုး"

"ဗျာ"

"ဘယ်အရောင် ယူမှာလဲ၊ မင်းကြိုက်တာရွေးလေ"

"ရပါတယ် အစ်ကို၊ ကျွန်တော်က ဘာအရောင်ပဲဖြစ်ဖြစ် ဝတ်ပါတယ်။ အစ်ကိုပဲ ကြိုက်တာရွေးပါ"





"ငါလည်း အရောင်မရွေးပါဘူး။ မင်းကအငယ်ဆိုတော့ မင်းပဲရွေးပါ"

"အဲဒါဆို မရွေးပါဘူး။ ကိုယ့်လက်ထဲရောက်နေတာပဲ ကိုယ်ရွေးလိုက်ကြတာပေါ့"

"ဒါဆိုလည်း ပြီးရောကွာ"

ကိုယ့်နေရာကိုယ် ပြန်သွားကြပြီး ဖြိုး မိုးမြင့်မာန်ကို စချင်လာတာနှင့် –

"အစ်ကို"

"ဘာတုံးကွ"

"စောစောက အစ်ကို့ကို ကျွန်တော်ခေါ်တုန်းကလေ အစ်ကို ...ခမ်းကပြုံးပြီး အတွေးထဲမှာ နစ်မျောနေတဲ့ပုံပဲ။ မှန်မှန်ပြော အစ်ကို ဘယ်ကောင်မလေးအကြောင်း တွေးနေတာလဲ"

ခက်တော့တာပဲ၊ ဒါကိုပဲ မေးနေတယ်။ ပြောလိုက်ရကောင်းဖြစ်တော့မှာပဲ။

"ပြောနော် အစ်ကို၊ အချင်းချင်း မလျှို့နဲ့"

"ဖြိုး"

"ဗျာ"

"ဘာဖြစ်လို့ အဲဒီကိစ္စပဲ မင်း ငါ့ကို မေးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိချင်လို့ပေါ့ အစ်ကိုရ"

ဒီလောက်တောင် ရှိလှတယ်ဆိုပြီး မိုးမြင့်မာန် ခါးကိုမတ်ပြီး ဖြိုးကိုကြည့်ကာ –

"ငါ အမှန်အတိုင်း ပြောပြလိုက်ရင် မင်းနဲ့ငါ ဖခဲပလ နှစ်ခြမ်းကွဲသွားမှာ သဘောပေါက်"

"ဗျာ"

ဖြိုး တွေခနဲဖြစ်သွားပြီးမှ နားမလည်စွာနှင့် ခေါင်းကုတ်လိုက်မိတော့သည်။ အဲဒါ ဘာစကားကြီးလဲ။ ဘာကို ရည်ရွယ်တာလဲဆိုတာ မသိတော့ပေ။

❋



## အခန်း (၆)

"ဟင်"

လက်ဖက်ရည်ဆိုင်ထဲကို လှမ်းအကြည့် မျိုးမင်းသူကို တွေ့ဆိုက်ရတာမို့ မွေး ခြေလှမ်းက သွက်သထက် သွက်သွားလေသည်။ ဒီလူ မွေးကိုမြင်ရင် မွေးနောက်လိုက်မှာစိုးလို့လေ။

"ဟာ . . . ဟော့ကောင် ငမျိုး"

"ဘာလဲကွ"

"ဟိုမှာ"

အောင်တိုး လက်ညှိုးထိုးပြရာဆီသို့ မျိုးမင်းသူ လှမ်းကြည့် [illegible]ချောင် မွေးကိုမြင်သွားလေတော့ –



www.burmeseclassic.com

www.burmeseclassic.com



"မွေး"

"————"

"မွေးလေး"

မွေးကိုမြင်တာနှင့် ချက်ချင်းထလိုက်သွားလေတော့သည်။ သောက်လက်စ လက်ဖက်ရည်ခွက်ကို ချပစ်ခဲ့တာလေ။ ခေါ်သံကြားတော့ မွေး ခြေချင်း ခလုတ်တိုက်လုမတတ်ပါပဲ။

"မွေး"

"အမေ့"

နောက်ကလိုက်လာတဲ့သူကို ကြောက်လို့ ရှေ့ကို ဖော်နှင့်သွားကာမှ ရှေ့က မွေးလို့ ရုတ်တရက်ကြီး ခေါ်လိုက်တာကြောင့် လန့်သွားရသည်လေ။

"လန့်သွားတာလား မသိဘူး"

"သြော် . . . မိုးမြင့်မာန်"

"ဘာဖြစ်လာတာဲ မွေး"

မွေး ခေါင်းခါလိုက်စဉ်မှာပဲ —

"မွေး"

"————"

"မွေးကလည်း ကိုယ့်ကိုမြင်တာနဲ့ တရွေရှောင်ခံရတဲ့





အတိုင်းပဲ။ ကိုယ်က အဲဒီလောက်တောင် ကြောက်စရာကောင်းနေလို့လား မွေးရယ်။ ကိုယ်ကလေ မွေးကို"

"ဒီမှာ ကိုမျိုးမင်းသူ"

"ဟင်"

"ရှင် ကျွန်မကို လိုက်မနှောင့်ယှက်ပါနဲ့။ ကျွန်မတောင်းပန်ပါတယ်။ ကျွန်မလမ်းကို ကျွန်မ အေးအေးဆေးဆေး သွားပါရစေ"

"ဟာ . . . ပြောရက်လိုက်တာ မွေးရယ်။ ကိုယ်က နှောင့်ယှက်တယ်တဲ့လား။ နှောင့်ယှက်တာမဟုတ်ရပါဘူးကွာ။ ကိုယ်လေ မွေးကို တကယ့်ကို မြတ်မြတ်နိုးနိုးနဲ့"

"ဟာ . . . ကျွန်တော်သိပြီ မွေး"

"ဟင်"

မိုးမြင့်မာန် အခြေအနေကို အကဲခတ်မိပြီး မျိုးမင်းသူ စကားဖြတ်သွားအောင် ဝင်ရှုပ်လိုက်တာ ဖြစ်၏။ ဒီလူလိုက်လာတာကို မွေးက ကြိုက်ပုံမှမရဘဲလေ။

ဒါကြောင့် —

"သူပြောတာ ကိုယ်တို့လမ်းထဲက မြတ်မြတ်နဲ့နိုးနိုးတို့ ညီအစ်မကိုပြောနေတာ ထင်တယ်။ ညီအစ်မနှစ်ယောက်ထဲက တစ်ယောက်ကို ကြိုက်လို့ မွေးကို အောင်သွယ်ခိုင်းမလို့ထင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လားဗျ"

မိုးမြင့်မာန် ပြောလိုက်တဲ့စကားကြောင့် မျိုးမင်းသူမျက်နှာ ရှုံ့မဲ့သွားကာ –

"မင်း ဘာတွေလာပြောနေတာလဲ။ ဘယ်က မြတ်မြတ်နဲ့ နီးနီးလဲ၊ ငါမသိဘူး"

"ဟာင် မသိဘူးလား၊ မြတ်မြတ်နဲ့နီးနီးတို့က ကျွန်တော်တို့ လမ်းထဲကလေ"

"မင်း ဘာတွေလာပြောနေတာလဲ။ ငါပြောတာက မွေးကို ငါက မြတ်မြတ်နီးနီးနဲ့"

"ဩော် ... မွေး။ မွေးကို ကိုယ်လာစောင့်နေတာ မွေးရဲ့ မတွေ့ရတာကြာတော့ အရမ်းသတိရနေတာ။ အေးအေးဆေးဆေး စကားပြောရအောင် တစ်နေရာရာသွားမယ်လေ နော်၊ လာ"

မိုးမြင့်မာန် မငံ့မရဲနှင့်ပဲ မွေးလက်ဖျားလေးကို ဆုပ်ကိုင်ပြီး ပြောလိုက်သည်။ မွေးက သူ့ကို ကြောင်အမ်းအမ်းနှင့် ကြည့်နေသည်။

"ဟာ ... မင်းနဲ့မွေးက ဘာလဲကွ။ လက်ကိုင်လား ဘာလားနဲ့ ပိုင်စိုးပိုင်နင်းပါလား"

"လက်ကိုင်ခွင့်ရတယ်ဆိုမှတော့ သဘောပေါက်ပေါ့ဗျာ"

"ဟာင်"





မျိုးမင်းသူ မျက်နှာပျက်သွားစဉ်မှာပဲ မိုးမြင့်မာန် ခေါင်းညိတ် ပြလိုက်တော့ မွေး သဘောပေါက်သွားပုံရလေသည်။ ဒီလိုမလုပ်လို့ ရဘူးလေ။ ကိုယ်မှားသွားတယ်ဆိုရင်လည်း နောက်မှပဲ တောင်းပန် တာပေါ့။ အရှက်ကြီးတဲ့ လူပျိုကြီး ကိုယ်ချစ်နေတဲ့ မိန်းကလေးကို သူများလိုက်နှောင့်ယှက်တာမြင်ရတော့ –

အူတို ဒေါသထွက်ဖြစ်ချင်ချင်။

မိန်းကလေးတွေနဲ့ ပတ်သက်ပြီး ဒီလိုမျိုးဖြစ်တာ ဟိုအရင်က မှတော့ရှိခဲ့ဖူးသည်။ သို့သော် ဒီလောက်ကြီးတော့မဟုတ်ပေ။

"မွေး သွားမယ်"

"အင်း ... အင်း"

မိုးမြင့်မာန် မွေးလက်ကို ဆွဲခေါ်သွားလေတော့ –

"ဟာ ... သွားပြီ၊ ပါသွားပြီ"

"______"

"သူများနောက်ကို ပါသွားပြန်ပြီ။ ငိုချင်တယ်၊ မျက်ရည်က လည်း မထွက်ဘူး။ ရသလိုပဲ ငိုမယ်ကွာ၊ ဗြဲ"

မျိုးမင်းသူက ပေါ်တောတောဆိုမှ တကယ့်ပေါ်တောတော ပဲ။ အဲဒါကြောင့် ပစ္စည်းဥစ္စာ အတော်အသင့် ချမ်းသာပါလျက်နှင့် သူ့ကို မိန်းကလေးတွေက အရေးမလုပ်ကြတာပါ။ သူကလည်း မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတိုင်းကို အရေးလုပ်တာမဟုတ်ဘူးလေ။ သူကြိုက်တဲ့ မိုး ကလေးတွေကျတော့ သူကို ပြန်မကြိုက်ကြပေ။

လူကသာ ပေါတောတော။ ရွက်ကြမ်းရေကျိုရုပ်ရှည်နဲ့ မိုး ကလေးကို သူက ကြိုက်တာမဟုတ်ဘူးလေ။

"မွေး"

"————————"

"ဆောရီး ... ကျွန်တော် တောင်းပန်ပါတယ်နော်။ ထို မွေးနောက် ဆက်မလိုက်အောင် ကျွန်တော်လည်း လုပ်မိလုပ်ရ လုပ်လိုက်မိတာပါ"

"ရပါတယ် မိုးမြင့်မာန်။ ခုလိုကူညီတဲ့အတွက် မွေးက မိုးမြင့် မာန်ကို ကျေးဇူးတင်ရမှာပါ"

"မဟုတ်တာဗျာ"

မိုးမြင့်မာန် စောစောက ဒေါသထွက်ချင်သလိုပေမယ့် အခု ကျတော့ ရယ်ကျဲကျဲနှင့် လည်ပင်းသာပွတ်မိတော့၏။

"ဘာလို့မဟုတ်ရမှာလဲ။ မိုးမြင့်မာန်သာ မကူညီရင် ဟိုလူက ဆက်လိုက်နေဦးမှာပဲလေ။ အဲဒီလူနဲ့ မွေးလည်း စိတ်ညစ်ပါတယ်။ တစ်နေ့တစ်နေ့ ဈေးလာရင် သူကိုပဲ ကြောက်နေရတယ်"

"မွေး"





မွေးက သူကိုမော့ကြည့်တော့ ဘာဆက်ပြောရမှန်းမသိပေ။ ရင်ထဲမှာ မွေးကိုချစ်တဲ့အချစ်တွေက ထုထည်ကြီးမားနေပြီ။ ပြောပြန် ရင်လည်း လမ်းလယ်ခေါင်ကြီးမှာဆိုတော့ မွေးကို တန်ဖိုးမထားရာ ရောက်နေမည်လား။ ဟူး ... မပြောတော့ပါဘူးလေ။

နောက်မှပဲ ပြောတာပဲ ကောင်းပါတယ်။ တော်ကြာ သူမကို တန်ဖိုးမထားဘူးလို့ ထင်နေရင် မကောင်းပါဘူး။

"မိုးမြင့်မာန် ... ဘာပြောမလို့လဲ ပြောလေ"

"အဟဲ ... နောက်မှပဲပြောတော့မယ်ဗျာ"

"ဪ ... ဒါဆို အကြွေးထားလို့ရတဲ့စကားပေါ့ ဟုတ်လား"

"အကြွေးထားတာရယ်လို့ မဟုတ်ပါဘူး။ အခုလိုလမ်းမှာ တွေ့တုန်း ပြောလိုက်ရင် ကျွန်တော့်စကားက တန်ဖိုးမရှိသလိုဖြစ် သွားမှာစိုးလို့ပါ။ စကားဆိုတာ သူနေရာဒေသနဲ့ အလိုက်အထိုက် ပြောရတာပဲလေ"

စကားလုံးတွေက ကြီးကျယ်လိုက်တာ။ အဲဒီလို အလိုက် အထိုက်နေတတ် စားတတ် ပြောတတ်လို့ပဲ မွေး သူကို လေးစားမိတာ လားမသိပါဘူး။ ပြီးတော့ သနားတတ်သူလည်းပါတာပေါ့နော်။ မိုးမြင့်မာန် က မိသားစုအပေါ်မှာ သိတတ်တဲ့သူပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဟုတ်ပါပြီ . . . ဒါဆို အကြွေး မှတ်ထားလိုက်မယ်နော်"

"မွှေး ဝယ်စရာတွေများလား မသိဘူး"

"ဘာဖြစ်လို့လဲ မိုးမြင့်မာန်"

"များရင် လိုက်ပြီး ကူသယ်ပေးမလို့ပါ။ မွှေး ပင်ပန်းမှာစိုးလို့"

မွှေး ပြုံးလိုက်မိသည်။ ရင်ထဲမှာလည်း နွေးသလိုလို အေးသလိုလိုနဲ့ ဘာဖြစ်ပါလိမ့်။ မျိုးမင်းသူ လိုက်ပြီး ကူသယ်မယ်ဆိုတာကျတော့ ကြောက်လိုက်တာ။ မိုးမြင့်မာန်ကျတော့ လိုက်စေချင်တာအမှန်ပါ။

"ဝယ်ရမှာကတော့ များတယ်၊ ဒါပေမဲ့ မိုးမြင့်မာန် အားလို့လား"

"ဒီနေ့ အလုပ်မဆင်းရတော့ အားတယ်ပဲပြောပါတော့။ ကဲပါ၊ အဲဒါထား ကျွန်တော် ကူသယ်ပြီး ပို့ပေးပါ့မယ်နော်"

"သဘောပါပဲ"

သဘောပါပဲဆိုပြီး ခွဲခြင်းကိုင်ကာ နောက်ကနေတကောက်ကောက်တော့ မလိုက်နိုင်းပေ။ သူ့သိက္ခာ ကိုယ့်သိက္ခာဆိုတာ ရှိတယ် မဟုတ်လား။ ယော်တော့တဲ့အရွယ်တွေမှ မဟုတ်တာ။ ပြီးတော့ ပတ်ဝန်းကျင်မှာ သူ့အသိမိတ်ဆွေတွေ ရှိသလို –





ကိုယ့်အသိမိတ်ဆွေတွေလည်း ရှိသည်။ ပတ်ဝန်းကျင်ဆိုတာ ရှုမွှမ်းစရာရှိရင်သာ ဖုံးကွယ်ထားချင်ထားမယ်၊ ကဲ့ရဲ့ရမယ်ဆိုရင် သတင်းပေးက မြန်ပါ့။ ထို့ကြောင့် မိုးမြင့်မာန်ကို ခပ်လှမ်းလှမ်းကပဲ စောင့်နိုင်းထားလေသည်။

မွှေး –

ဈေးဝယ်နေရင်း တစ်ခုခုကို စိတ်ကူးမိတာ အဝတ်စနှစ်စ ဝယ်လာခဲ့သည်။ နှစ်ယောက်သား ပြန်လာခဲ့ကြတော့ –

"မွှေး"

"ဟင်"

"မွှေး လက်ရာကလေ အရမ်းစားလို့ကောင်းတာပဲ သိလား။ မွှေးက ဟင်းချက်တော်တော်ကောင်းတာပဲ။ ဘာပဲချက်ချက် ခံတွင်းကို မြိန်တာ"

"ဟုတ်လား"

အမြဲတမ်း ဖြိုးနဲ့အတူတူ အလုပ်လုပ်တာဆိုတော့ မွှေးက တင်းတွေပိုထည့်ပေးခဲ့သည်ပဲလေ။ ပြောမှာပေါ့။

"ဟုတ်တယ် မွှေးရဲ့။ ကျွန်တော်တို့အိမ်မှာကျတော့ ရှေ့က အမှာစားဆိုတော့ အဲဒီလောက် မွှယ်မွှယ်ရာရာ ချက်မစားနိုင်ဘူးလေ"

"ပြောာ်"



www.burmeseclassic.com

www.burmeseclassic.com



မွေး စိတ်မကောင်းဖြစ်သွားရသည်။ ဟုတ်မှာပါ။ သူတို့အိမ်က လုပ်အားနည်းပြီး စားအားကများနေတာလေ။ ဒီကြားထဲ သူ့အမေ ဆေးဖိုးဝါးခနဲ့ ကျောင်းသားနှစ်ယောက်အတွက် ကုန်ကျစရိတ် ရှိသေးသည်မဟုတ်လား။ မွေးတို့မောင်နှမလည်း အရင်က ဒီလိုဘဝ မျိုးကို ဖြတ်သန်းခဲ့ကြဖူးသည်လေ။

အဖေက ဆုံး။ အမေက ကျန်းမာရေးမကောင်း။ မောင်နှမ နှစ်ယောက်စလုံး ကျောင်းထွက်ပြီး အလုပ်လုပ်ခဲ့ကြရသည်။ မွေးက အလုပ်ထွက်လုပ်၊ မောင်လေးက ကလေးဆိုတော့ အိမ်မှာ အမေ့ကို ပြုစုခဲ့ရသည်ပေါ့။ ကိုယ်ချင်းစာပါတယ်လေ။

"ဟိုလေ မွေး"

"အင်း . . . ပြောလေ"

"ကျွန်တော်လေ မွေးလက်ရာကို တစ်သက်လုံးစားချင် လိုက်တာဗျာ"

"ဟင်"

သူ့စကားက ဘာပါလိမ့်။ မွေး ဘာမှမပြောတော့ဘဲ ရှေ့ဆို သာ ဆက်လျှောက်ခဲ့တော့သည်။ ပြောရင် ရေလာမြောင်းပေး ဖြစ်နေ မှာပေါ့။

❋



## အခန်း (၇)

"အမေ

"______"

"အမေ့"

"ဟဲ့ ဘာလဲ . . . ငါ ဒီမှာ အလုပ်လုပ်နေတယ်"

"သိပါတယ်၊ ဒီမှာ နှင်း ဖုန်းရှာမတွေ့လို့ မေးမလို့ပါ"

"နှင် ဘယ်မှာထားလို့လဲ"

"စာကြည့်စားပွဲပေါ်မှာ တင်ထားတာ အမေရဲ့။ အခု ရှာ မတွေ့တော့လို့"



www.burmeseclassic.com

www.burmeseclassic.com



"အထားမှားသလား သေသေချာချာ ရှာကြည့်ပါဦးဟယ်"

မိုးမြင့်မာန် ရေကန်ကို လှယ်ပေးနေရင်းကနေ နားစွင့်နေလိုက်မိသည်။ ဒီနေ့ ညီမတွေ အလုပ်ပိတ်ရက်။ ကိုယ်ကလည်း ဒီနေ့ အလုပ်ကို နေ့လယ်လောက်မှ သွားရမှာလေ။ ဒါကြောင့် ရေချိုးကန်ကို လှယ်ပေးနေတာပါ။ ဒီအနီးအနားတစ်ဝိုက်မှာက ဒီလို အသံကျယ်ကျယ်နဲ့ စကားပြောတတ်သူက အများသားလား။

အိမ်မှာဆို –

နှင်းနဲ့အမေက အသံကျယ်ကျယ်ဖြင့် စကားပြောတတ်ပြီး ကျန်တဲ့သူတွေက အထိုက်အလျောက်ပါ။

"အထားမမှားပါဘူး။ နှင်း စားပွဲပေါ်မှာပဲ တင်ထားတာ အမေရဲ့"

"အဲဒါဆိုလည်း မသိဘူးအေ၊ ဘယ်သူယူကိုင်သလဲ မေးကြည့်ပါလား။ ဟဲ့ ... နှင်းဖုန်းကို ဘယ်သူယူကိုင်ကြလဲ"

နှင်းကိုပြောရင်း ကျန်တဲ့သူတွေကိုလည်း အမေက အသံကျယ်ကျယ်ဖြင့် မေးလေသည်။

"ဆောင်းဆီမှာပါ အမေ။ ဆောင်း ဂိမ်းဆော့ချင်လို့ ယူကိုင်တာပါ"

ဆောင်းရောက်လာပြီး ပြောလေတော့ နှင်းမျက်နှာ တင်းခနဲ





သွားလေသည်။ တကယ်တော့ ဂိမ်းဆော့တာမဟုတ်ပါဘူး။ Viber နှင့် Facebook ကို ဖွင့်ကြည့်တာ။ နှင်း ဘယ်သူတွေနဲ့ ဘာတွေပြောထားလဲ သိလိုက်ရသည်လေ။

ဒါပေမဲ့ –

အမေ့ရှေ့မှာမို့ ဖုံးဖုံးဖိဖိ ပြောလိုက်တာပါ။ ပြီးတော့ ကိုကြီးလည်း အိမ်မှာရှိနေသည်ဆိုတော့ ပြောလိုက်ရင် ပြဿနာတက်မှာ စိုးလို့ပါ။

"ငါ့ဖုန်းကို နင်က ဘာကိစ္စနဲ့ ယူကိုင်တာလဲ။ ငါ မကြိုက်ဘူးနော် ဆောင်း"

"နင်ကျတော့ ဖုန်းဝယ်ကိုင်ရတယ်လေ။ ငါကျတော့ မဝယ်ရဘူး မကိုင်ရဘူး၊ အဲဒါကြောင့် ခဏကိုင်ကြည့်တာ ဘာဖြစ်သွားမှာမို့လို့လဲ"

"နောက်ကို မကိုင်နဲ့။ ငါ့ဖုန်းကိုကိုင်တာ ငါမကြိုက်ဘူး။ နင်ကိုင်ချင်ရင် ကိုယ့်ဘာသာဝယ်ကိုင်"

"နင့်လိုသာ မသိတတ်ရင် ငါလည်း ရတဲ့လစာနဲ့ ဝယ်ကိုင်လို့ ရတာပေါ့။ ဒါပေမဲ့ အိမ်မှာ အဆင်မပြေမှန်းသိလို့ အလိုက်သိစွာနဲ့ မဝယ်တာ ရှင်းလား"

"နင်ပြောပုံက ငါကတော့ အလိုက်ကန်းဆိုးမသိတဲ့သား



www.burmeseclassic.com

www.burmeseclassic.com



သမီးပေါ့ ဟုတ်လား"

"ဒါတော့ ကိုယ့်အကြောင်း ကိုယ်သိလေ"

"နင်"

"ဟဲ့ . . . တော်ကြစမ်း"

နှင်းက ဆောင်းကိုရိုက်ဖို့ လက်အရွယ်မှာ ဒေါ်စန်းစန်းနဲ့ အော်လိုက်တော့ ရပ်တန့်သွားလေသည်။

"ဘာဖြစ်နေကြတာလဲ၊ ရှုရှုညံ့ညံ့နဲ့ ညီအစ်မချင်းဖြစ်နေတာ မရှက်ကြဘူးလား။ တောက် စိတ်ညစ်တယ်ကွာ"

ကိုယ်က ရောဂါသည်မို့ ဘယ်သူ့ကိုမှ စကားမပြောတဲ့ အား ငယ်နေတတ်တဲ့ ဦးမြင့်အောင် မနေသာတော့တဲ့ ဝင်ပြောလိုက်ရတာ ပါ။ ခင်ပွန်းသည် စိတ်ညစ်မှာစိုးတဲ့ ဒေါ်စန်းစန်းနဲ့ ပျာပျာသလဲနှစ်သိမ့်

"ဘာမှစိတ်ညစ်မနေပါနဲ့ ကိုမြင့်အောင်ရယ်။ ရှင် နေသာ သလိုသာ နေစမ်းပါ။ ဒင်းတို့ကိစ္စ ကျွန်မ ရှင်းမယ်"

ခင်ပွန်းသည်ကို လှည့်ပြောပြီးနောက် သမီးတွေဘက်သို့ ပြန်လှည့်ကာ –

"နင်တို့ တော်တော်အလိုက်ကန်းဆိုး မသိကြပါလား။ ကိုယ့် အဖေက လူမမာလေ။ စိတ်ချမ်းသာအောင် ထားမယ်တော့မရှိဘူး စိတ်ဒုက္ခရောက်အောင် လုပ်နေကြတာ"





"မပြောနဲ့တော့အမေ။ သူတို့အသံထပ်ထွက်ရဲ ထွက်ကြည့် ထွက်တဲ့လူ နာရင်းအုပ်မယ်"

မိုးမြင့်မာန် အိမ်ပေါ်တက်လာပြီး ပြောလိုက်တော့ ခဏတော့ သံတိတ်သွားကြလေသည်။ နောက်တော့ နှင်းက ခြေဆောင့်ပြီး ထွက်သွားလေတော့ –

"အံမယ် . . . ငါ လိုက်နားရင်းအုပ်ရ သေတော့မယ်"

"ကိုကြီးညီမကို ပြောထား။ နောက်ကျ နှင်းဖုန်းကို ယူမကိုင် နဲ့ ပြောကြက်ဘူး"

"အော် . . . ကိုကြီးညီမဆိုတော့ နင်နဲ့က ညီအစ်မ မဟုတ် ဘူးလား။ ပြောစမ်း အလတ်မ"

အမေ့အသံက ခပ်ကျယ်ကျယ်ထွက်လာပြန်သည်။

"ကဲပါ အမေရယ် . . . ပြောမနေပါနဲ့တော့။ ကျွန်တော် အသံထွက်လို့ရိုက်ရင် နာကြဦးမယ်။ ဘာမဟုတ် ညာမဟုတ်နဲ့။ အငယ်မ"

အငယ်မကိုခေါ်လိုက်တော့ မရဲတရဲပုံစံနှင့် ကြည့်လေသည်။

"နောက်ကို နင် သူ့ဖုန်းကို ယူမကိုင်နဲ့ ကြားလား"

"ဟုတ်"

"နင် ငါ့ဖုန်းကို ယူလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး မိုးမြင့်မာန် ပြန်ထွက်သွားတော့ ဒေါ်စန်းစန်းနဲ့ သားကြီးကျောပြင်ကိုကြည့်ပြီး သက်ပြင်းချလိုက်မိသည်။ သူ့ခမျာ သားသမီးထဲမှာ အကြီးဆုံးဆိုတော့ အရာရာမှာ သူပဲ သိတတ်ပြီး သူပဲ အနစ်နာခံရတာလေ။ အကြီးဆုံးဆိုတဲ့ သားသမီးတွေက အငယ်တွေရဲ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့ အဖြည့်ခံသက်သက် လူဖြစ်လာကြ သလား။ သူ့အောက်က နှစ်ယောက်ဆို အိမ်ထောင်ကျလို့ သားသမီး တောင် ရကုန်ကြပြီလေ။

သားကြီးမှာတော့ –

အခုထိ အိမ်ထောင်ပြုဖို့ မပြောပေ။ ဒေါ်စန်းစန်းနဲ့ သားကြီး နောက်သို့ လိုက်သွားရင်းပဲ –

"နင်တို့တွေကို မွေးထားမိတာလေ ငါ ဝမ်းရေစပ်တယ် သိလား။ ငါ့သားကြီးလို တစ်ယောက်မှ မသိတတ်ကြဘူး။ ငါ့သားကြီး ကတော့ အစစအရာရာမှာ အနစ်နာခံ သက်သက်ပဲ"

မိုးမြင့်မာန်ကတော့ ညီမတွေကို အပြစ်မမြင်ချင်ပေ။ မိန်း ကလေးတွေဆိုတော့ လှချင်ပချင် ဝတ်ချင်စားချင်မှာပဲလေ။ အလုပ် သွားတော့လည်း ယောက်ျားလေးက အဝတ်သုံးစုံလောက် ထည့်လှည့် ထည်လဲရှိရင် တင့်တယ်ပေမယ့် မိန်းကလေးကျတော့ –

တစ်ခါလာ မည်းပြာပုဆိုးဖြစ်နေလို့ မတင့်တယ်ဘူးလေ





တော့ ဖုန်းကိုင်တာလည်း သူများကိုင်တော့ ကိုင်ချင်မှာပဲဆိုပြီး ထားတာပါ။ ဒါပေမဲ့ စိတ်ကတော့ မချပါဘူး။

"သားကြီး"

"ဗျာ အမေ"

"သားကြီးမှာ ဖုန်းမရှိလို့ဖြစ်ပါ့မလားကွယ်။ သားကြီး အလုပ် တာ သားကြီးဖုန်းကို လှမ်းဆက်တာလေ။ အလုပ်ကိစ္စပြောရင် သားကြီးနဲ့ပဲ ပြောတာမဟုတ်လား"

"ရပါတယ် အမေ။ သားမှာ ဖုန်းမရှိလည်း ပြဿနာမရှိပါ ဘူး။ အလုပ်ကိစ္စပြောရင် မြို့ ဖုန်းကိုပဲ လှမ်းဆက်ခိုင်းလိုက်ပါ့မယ်"

အိမ်အပြင်ဘက်မှာ သားအမိနှစ်ယောက် စကားပြောနေ ကြသလို အိမ်ထဲမှာလည်း ဆောင်းက နှင်းနောက်သို့ လိုက်သွား တာ...

"နှင်း"

"ဘာလဲ"

အရွယ်က နှစ်နှစ်ကျော်ပဲ ကွာတာမို့ ဆောင်းနဲ့နှင်းက နာမည် ခေါ်ပြီး နင်နဲ့ငါပဲ ပြောကြတာပါ။ ကျန်တဲ့သူတွေက အဲဒီလို ခေါ်ပေမယ့် ဆောင်းနဲ့နှင်းကတော့ မမခေါ်ဖို့ ဆောင်းကိုသင်ပေးလို့ ခဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



"နှင့်အကြောင်း ငါသိတယ်နော်။ မပြောချင်လို့ ကြည့်နေတာ"

"သိတော့ ဘာဖြစ်လဲ။ နင်လည်း တစ်နေ့ကျ ဒီပုပ်ထဲက ဒီပဲ,ပဲဖြစ်မှာ"

"ဘာလို့ဖြစ်ရမှာလဲ မဖြစ်ပါဘူး"

"ဒါဆို နင် အပျိုကြီးလုပ်မှာလား။ လုပ်မယ်ဆို သစ္စာဆိုပြီး ကျိန်ပြလေ"

"ဘာလို့ ကျိန်ပြရမှာလဲ၊ မကျိန်ပါဘူး။ အခု လောလောဆယ် နင့်အကြောင်း ငါ ကိုကြီးပြောပြလိုက်ရင် နင် ဘာဖြစ်သွားမယ် သိလား"

"ပြောချင်ပြောလိုက်လေ၊ ငါကလည်း သူ့နောက်လိုက်သွားလိုက်ရုံပဲပေါ့"

အချို့လူငယ်တွေက အဲဒီလိုပါ။ အချစ်ကို ယုံစားကိုးကွယ်ကြသည်။ အချစ်တွေဖုံးပြီး အပြစ်မမြင်နိုင်တော့ မှားတဲ့လူတွေလည်း မှားကြတာပေါ့။ ဒါကို နှင်း အခုအချိန်မှာ မသိပေ။ အချစ်နဲ့ ပတ်သက်လာရင် . . . စဉ်းစားတွေးခေါ်နိုင်စွမ်းအားနည်းတာ –

တစ်ယောက် နှစ်ယောက်, တစ်ရာ နှစ်ရာ မဟုတ်ပေ။

❋



## အခန်း (၁)

မိုးမြင့်မာန်၊ မနေ့ကတည်းက နှင်းဆီပင်မှာ နှင်းဆီဖူးလေး တစ်ဖူး ရှားရှားပါးပါး ဖူးနေတာကို တွေ့လိုက်တယ်လေ။ ဒီနှင်းဆီပင် [illegible]စိုက်ထားတာ မကြာသေးဘူးမို့ ဒီအဖူးလေးက ဦးဦးဖျားဖျားပွင့်တဲ့ [illegible]ပါ။ အမေစိုက်ထားတဲ့ နှင်းဆီပင်လေ။ ဒီနေ့ နံနက်မိုးလင်းလို့ ကြည့်လိုက်တော့ –

နှင်းဆီပွင့်လေးက ပွင့်နေပြီ။

ပန်းရောင်ဖျော့ဖျော့လေးဆိုတော့ အတော်ပဲဆိုပြီး ချူးလာ [illegible]လေ။ မွေးကို ပေးမလို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းရေ ... ဆောင်း"

"ဘာလဲ နှင်း"

နှင်းက အလုပ်သွားကာနီး ပန်းခူးပန်သွားမည်ဟု မနေ့

ညနေကတည်းက စိတ်ကူးထားတာ။ အခု နှင်းဆီပင်က နှင်းဆီပွင့်

ခူးမလို့ကြည့်တော့ မရှိတော့ပေ။ ဒါကြောင့် –

"နှင်းဆီပင်မှာပွင့်နေတဲ့ နှင်းဆီပန်း နှင်ခူးလိုက်တာလ

ဆောင်း"

"မခူးပါဘူး နှင် ငါ့အကြောင်းသိရဲ့သားနဲ့။ ငါ ဘယ်တုန်း

ပန်းပန်လို့လဲ"

နှင်း မျက်မှောင်လေး ကြုတ်သွားလေသည်။ တစ်ပွင့်တည်း

အမေကရော ဘုရားတင်ဖို့ ခူးပါ့မလား။ သေချာအောင် သွားကြ

မည်ဟု အိမ်ပေါ်ပြန်တက်လာပြီး ဘုရားကျောင်းဆောင်က ဘုရား

အိုးကိုကြည့်တော့လည်း ဒီနှင်းဆီပွင့်က မရှိပေ။

"ဘုရားပန်းအိုးတွေမှာလည်း မရှိပါဘူး။ ဘယ်သူခူးပါလိ

မိုးမြင့်မာန် အကျီလဲနေရင်းမှ မကြားချင်ယောင်ဆောင်

လိုက်သည်။ ပန်းက ခူးပြီးကတည်းက ကိုယ့်လွယ်အိတ်ထဲ အ

ထည့်ထားတာလေ။ ဘယ်ရှာလို့တွေ့မှာလဲ။ ကြွေမှာစိုးလို့

အသာလေး ဖွဖွလေးထည့်ထားရတာ။ ကိုယ်ချစ်ရတဲ့သူလေ





ချင်လို့ပေါ့။

"အမေ"

"-----"

"အမေ့"

"ဘာလဲ အလတ်မ"

"နှင်းဆီပင်က နှင်းဆီပွင့် ဘယ်သူခူးတာလဲ အမေ"

"ဘယ်သိမလဲဟဲ့။ ဒီမှာ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတာ။

နှင်းဆီပင်ကို ငါက ထိုင်ကြည့်နေတာမှ မဟုတ်တာ"

"ကျွတ်"

ဒီနှင်းဆီပွင့်ကို မရမက မေးနေသော ညီမဖြစ်သူကို မိုးမြင့်

န် စိတ်တိုလာလေသည်။

"အလတ်မ"

"ရှင်"

"အဲဒီနှင်းဆီပွင့်မပန်ရရင် နှင် အလုပ်မသွားတော့ဘူးလား

ကွာ"

"မဟုတ်ပါဘူး ကိုကြီးရဲ့။ ဘယ်သူခူးမှန်းမသိလို့ မေးကြည့်

ာပါ"

"မေးမနေနဲ့၊ ခူးတဲ့လူရှိလို့ ပန်းမရှိတော့တာ ရှင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ကိုကြီးပြောမှလားလို့"

မိုးမြင့်မာန် ခပ်တည်တည်နှင့်ပဲ အလုပ်သွားဖို့ လွယ်အိတ်ကို

လွယ်လိုက်စဉ် –

"ကိုကြီး"

"ဟာ"

အငယ်ဆုံးကောင် သူရမာန်လေးက အိပ်ရာကနေထလာ

သူ့ကိုပြေးဖက်လေတော့ လွယ်အိတ်က နှစ်ယောက်ကြားမှာ ညှပ်

လေလျှင် –

"သွားပါပြီကွာ ... သွားပါပြီ၊ ကြွပြီထင်ပါရဲ့"

"ကိုကြီး သားဖို့ ပြန်လာရင် မုန့်ဝယ်ခဲ့နော်"

"အေးပါကွာ ... ဝယ်လာခဲ့မယ်။ ဖယ်စမ်းပါဦးကွ၊ သွား

ပြီကွာ"

ဖက်ထားတဲ့သူရမာန်လေးက ပြုံးတုံးကြောင်တောင်လေးနှင့်

နောက်ဆုတ်သွားလေလျှင် မိုးမြင့်မာန် လွယ်အိတ်ကို ဟကြည့်လိုက်

ပြီး –

"တော်ပါသေးရဲ့ မကြေလို့"

"ကိုကြီး"

"ဟင်"





"ဘာမကြေတာလဲ။ ပန်းက ကိုကြီး ချုထားတာလား"

မိုးမြင့်မာန် ခပ်တည်တည်နဲ့နေကာမှ ခုတော့ ပေါ်တော့မည်။

ဖွတ်ခနဲ ထွက်သွားတဲ့ ကိုယ့်ပါးစပ်ရဲ့အပြစ်ပါပဲ။

"ဟုတ်လား ကိုကြီး။ ပန်းက ကိုကြီးချုတာ မဟုတ်လား"

မထူးတော့ပါဘူးဆိုပြီး –

"အေး ... ဟုတ်တယ်ဟာ ဟုတ်တယ်၊ ဘာဖြစ်လဲ"

"ဟောတော့"

ပြောပြီး ရှက်ရှက်နှင့်ထွက်သွားလိုက်တာ နောက်ကို လုံးဝ

ပြန်လှည့်မကြည့်တော့ပေ။ ကိုကြီးထွက်သွားတော့ နှင်း ဆောင်းနှင့်

အမေ့ကိုပြောပြပြီး ရယ်မိကြတော့၏။

လူပျိုကြီးနဲ့တော့ ခက်ပါ့။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဖြိုး"

"______"

"ဖြိုး"

"လာပြီ အစ်ကို"

မိုးမြင့်မာန် အသံကြားတော့ ဖြိုးက ထမင်းချိုင့်ယူကာ ထွက်လာခဲ့လေလျှင် –

"မင်း ငါ့ကို ခဏစောင့်နေပေးပါလား"

"ဘာဖြစ်လို့လဲ အစ်ကို"





"ဗိုက်ထဲ နည်းနည်းရစ်လာလို့ကွာ။ အဲဒါ ... ငါ မင်းတို့အိမ်မှာ ဝင်ရှင်းလို့ရမလား"

"ဒါများ အစ်ကိုရာ ... ပြောနေရမယ့်လူတွေလား။ သွားလေဗျာ"

"အေး ... အေးပါကွာ"

"ဪ ... အစ်ကို"

"ဟေ"

"ကျွန်တော် လမ်းထိပ်ကပဲ စောင့်နေမယ်ဗျာ။ ဖိနပ်က ပြတ်တော့မယ်ဗျ။ အဲဒါ လမ်းထိပ်ကဆိုင်မှာ ဖိနပ်ဝင်ဝယ်မလို့"

"အေး ... အေးပါ"

ဖြိုးက အရင်လှည့်ထွက်သွားလေတော့ မိုးမြင့်မာန် ကျေနပ်စွာ ပြုံးလိုက်မိသည်။ အစကတော့ မွှေးကို နှင်းဆီပန်းလေး ဝင်ပေးရဦးမည်။

အခုတော့ ...

စကားလည်း နည်းနည်းပါးပါးပြောလို့ရသွားတာပေါ့။ အင်း ချစ်မိတော့လည်း လိမ်တတ်ညာတတ်ရပြီပေါ့။

"မွှေး"

"အမေ့"



www.burmeseclassic.com

www.burmeseclassic.com



မွှေး အဝတ်စကိုက်ရင်းမှ လန့်သွားလေလျှင် –

"လန့်သွားတာလား မွှေး။ ကျွန်တော်ခေါ်လိုက်တိုင်း မွှေးက လန့်နေတာပဲနော်"

"ဩော် ... ဟို ... မိုးမြင့်မာန်က ရုတ်တရက်ခေါ်လိုက်တာကိုး။ မွှေးက အလုပ်မှာ အာရုံစိုက်နေတာလေ"

ဒါလည်း ဟုတ်တာပါပဲ။ အလုပ်မှာအာရုံစိုက်နေတဲ့လူကို ရုတ်တရက် ခေါ်လိုက်တော့ လန့်သွားမှာပေါ့။

"ကျွန်တော် မွှေးကိုပေးစရာရှိလို့ပါ"

"ဘာလဲ ပေးလေ"

မိုးမြင့်မာန် လွယ်အိတ်ထဲကပန်းကို ထုတ်ယူလိုက်တော့ ပန်းက လွယ်အိတ်အပြင်ရောက်မှ ပွင့်ဖတ်ကလေး နှစ်ဖတ် ကြွေကျသွားလေလျှင် –

"ဟာ ... သွားပါပြီ"

"ဘာဖြစ်လို့လဲ"

"မွှေးကို ပန်စေချင်လို့ ခူးလာတာ မွှေးရဲ့။ အခု ကြွေသွားတော့"

စကားကို ဖြတ်ထားပြီး ခေါင်းကုတ်လေလျှင် –

"ကြွေပေမယ့် ပန်လို့ရပါသေးတယ် မိုးမြင့်မာန်ရဲ့။ ခုလို





ယူလာပေးတဲ့အတွက် ကျေးဇူးပဲ"

"အားနာလိုက်တာဗျာ။ အဲဒါဆိုလည်း ကျန်တာလေးပဲ ယူသွားလိုက်ပါတော့"

မွှေး သူပေးတဲ့ပန်းကိုယူပြီး ကြွေကျသွားတဲ့ ပွင့်ဖတ်ကလေး နှစ်ဖတ်ကိုလည်း ကောက်ယူ၍ စက်ခုံပေါ်မှာ တင်လိုက်သည်။

"ပေးချင်တာပေးပြီးပြီဆိုတော့ ကျွန်တော်သွားတော့မယ် မွှေး"

"ဒါနဲ့ ဖြိုးရော"

"သွားနှင့်ပြီလေ။ လမ်းထိပ်က စောင့်နေမယ်တဲ့။ ဖိနပ်ဝယ်မလို့ဆိုလားပဲ"

"ဟုတ်တယ်၊ ဖြိုးဖိနပ်က ပြတ်တော့မှာလေ"

"ကျွန်တော် သွားတော့မယ်နော်"

"ကောင်းပါပြီ"

မိုးမြင့်မာန် လှည့်ထွက်လိုက်မှ –

"ဩော် ... မိုးမြင့်မာန်"

"ဗျာ"

မွှေး ခေါ်လိုက်တော့ မိုးမြင့်မာန်က လှည့်ကြည့်လေလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"မွေးလည်း မိုးမြင့်မာန်ကို ပေးစရာရှိတယ်။ လက်ဆောင်ပေါ့နော်။ အလုပ်မဆင်းရတဲ့နေ့ကျမှ ဈေးထိပ်ကစောင့်နေလိုက်မှနော်"

"ဟာဗျာ ... မွေးက ပေးမှာဆိုရင် အားနာစရာကြီး"

"မယူရင်တော့ ရှင်ခန်းပြတ်ပဲနော်။ ဒါပဲ"

မွေးက မျက်စောင်းထိုးပြီးပြောလိုက်တော့ မိုးမြင့်မာန် ခေါင်းညိတ်မိသွားလေသည်။ လက်ဆောင်ပေးမှာကို လိုချင်လို့ မဟုတ်ပါဘူး။

မွေးဆန္ဒကို မငြင်းပယ်ချင်လို့ပါ။

❋



## အခန်း (၁၀)

ဖြိုး မမ ယောက်ျားရှပ်အင်္ကျီချုပ်တာမြင်တော့ တစ်ခုခုကို တွေးလိုက်မိသည်။ အဲဒီအင်္ကျီကို အပ်တဲ့လူက ဘယ်လိုလူမျိုးလဲလို့လေး။ ဒီခေတ်ထဲမှာ ယောက်ျားရှပ်အင်္ကျီကို စက်ချုပ်သူဆီမှာအပ်ပြီး ချုပ်ဝတ်တဲ့လူက အရှားသား။

ဒီလောက် ရယ်ဒီမိတ်တွေပေါ်နေတာကို။ မိန်းကလေးတွေသာ ပုံစံအမျိုးမျိုးနဲ့ ချုပ်ဝတ်နေကြတာ။ ယောက်ျားလေးတွေက ဘယ်သူမှ ချုပ်မဝတ်ကြတော့ဘူးလေ။ အင်္ကျီမပြောနဲ့ ပုဆိုးတောင်မှ ချုပ်ပြီးသားပဲဥစ္စာ။ အရင်ကမှ ယောက်ျားအင်္ကျီကို မမချုပ်တာတွေ့သေး။



www.burmeseclassic.com

www.burmeseclassic.com



အခု နှစ် နှစ် သုံးနှစ်ပိုင်းလောက်မှာ ယောကျ်ားအကျီချုပ်တာ မတွေ့တော့ပေ။

"မမ"

"____"

"မမ"

ဖြိုး စက်ခုံအနားကိုလာရပ်ပြီး ခေါ်လေတော့ မွှေးရဲ့စက်ချုပ်သံက ရပ်သွားလေသည်။

"ဘာပြောမလို့လဲ မောင်လေး"

"ဒီအကျီကို အပ်တဲ့သူက တော်တော်ပေါ်ကြောင်ကြောင် နိုင်တာပဲနော်"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ မမရဲ့။ ဒီလောက် ရုယ်ဒီမိတ်တွေ ဝယ် ဝတ်နေတဲ့ခေတ်မှာ သူက အပ်ဝတ်ရတယ်လို့။ တော်တော်တုံးတာပဲ"

မွှေး တွေခနဲဖြစ်သွားလေသည်။ ဟုတ်တော့လည်း အဟုတ် သား။ ဘယ်လိုညာရပါ့မလဲ။ အမှန်အတိုင်းပြောလိုက်ရကောင်းမလား။ မဖြစ်သေးပါဘူး။ ဖြိုးက အစ်မကို တိုပါဘီသနဲ့။ တော်ကြာ တစ်မျိုး ထင်ပြီး မိုးမြင့်မာန်ကို ပြဿနာရှာရင် ဒုက္ခ။

"မမ"





"ဟင်"

"ဒီအကျီတွေကို ဘယ်သူအပ်တာလဲ"

"နင်ကလည်း ဘာလို့မေးနေတာလဲ။ ယောကျ်ားလေးဖြစ်ပြီး စပ်စပ်စုစု"

"သိချင်လို့ မေးတာကို"

"ငါပြောပြတော့ရော လာအပ်တဲ့သူကို နင်သိမှာမှ မဟုတ် ဘာ"

"အဟဲ . . . သိလိုသိငြားပါ"

"မသိဘူး"

မွှေး မျက်စောင်းထိုးပြီးပြောလိုက်တော့ ဖြိုး ပါးစပ်ပိတ်သွား လေတော့သည်။ သူက ဟိုမေး ဒီမေး မေးတော့ မွှေး ဆက်ချုပ်ဖို့ ထက်ပင် ခပ်တွန့်တွန့် ဖြစ်သွားရ၏။ အဲဒါမှ ဒုက္ခပါပဲ။ မိုးမြင့်မာန် ဒီအကျီတွေဝတ်ရင် ဖြိုးသိမှာ အသေအချာပါပဲ။

ဒီတော့ –

" ကြည့်ပြောလိုက်ရကောင်းမလား။ ဟုတ်တယ်။ ပြောလိုက် တာပဲ ကောင်းပါတယ်လေ။

"မမ"

"____"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကျီတွေလာအပ်တာ ယောက်ျားလား မိန်းမလား"

"ကဲ ... ဖြိုး"

"ဗျာ"

"နင့်ကို ငါ ညာမနေတော့ဘူးနော်။ ညာရမှာလည်း စိတ် မလုံတော့ဘူး။ ဒီအကျီတွေက ဘယ်သူမှ လာအပ်တာ မဟုတ်ဘူး ဟေ့။ ငါ့ဘာသာချုပ်တာ။ မိုးမြင့်မာန်ကို သနားလို့ ချုပ်ပေးမှာ ရှင်းပြီလား"

"ဟောဗျာ"

ဖြိုး အံ့ဩသလို ဖြစ်သွားပြီးမှ ခေါင်းကုတ်မိလေသည်။ သူစိမ်းယောက်ျားတွေနဲ့ အတတ်နိုင်ဆုံး ကင်းကင်းရှင်းရှင်းနေတတ်တဲ့ အပျိုကြီးတော့ ဘာဆေးစားမိသွားပါလိမ့်။ မမက ယောက်ျားလေးတွေ ဆို လူမှုရေးအရ ခေါ်ပြောနှုတ်ဆက်ရုံပေမယ့် ရင်းရင်းနှီးနှီးနေသူ မဟုတ်ပေ။

အေးလေ ...

အစ်ကိုမိုးမြင့်မာန်ကို ကိုယ်တောင်သနားတာ မမ မိန်းကလေးဆိုတော့ ပိုပြီးသနားတတ်မှာပေါ့။

"အဲဒါ စောစောကတည်းက ပြောပြလိုက်ရင် ပြီးတာပဲ မမရာ။ ကျွန်တော်လည်း အစ်ကို့ကို သနားတာပဲဥစ္စာ။ ကဲပါ ... အဲဒါထားတော့ ကျွန်တော်ဗိုက်ဆာနေပြီ၊ ထမင်းစားမယ်"





"ဆာနေပြီလား"

"အင်း ... ဆာပြီ"

"အေးပါ ... အဲဒါဆို ငါ ထမင်းဝိုင်း သွားပြင်လိုက်ဦး မယ်"

မွေး ချုပ်လက်စကိုထားခဲ့ပြီး ထမင်းဝိုင်းပြင်ရတော့သည်။ မောင်နှမနှစ်ယောက်ထဲကို ဝင်ငွေကိုယ်စီရှိနေကြတော့ ဟိုတုန်းကလို မြိန်သလို မစားကြတော့ပေ။ ဖြိုးက ဟင်းကောင်းကြိုက်ပုံ။ ဒါကြောင့် ချက်ပြီဆို ဟင်းက နှစ်မျိုးသုံးမျိုးပါ။ အသားဟင်းက တစ်မျိုးပေါ့။

ထမင်းပွဲပြင်ပြီး ထမင်းစားကြတော့ —

"ဟာ ... အမဲနှပ်နဲ့ ပုစွန်ထုပ်ဆီပြန်ချက်ပါလား"

"အင်းလေ ... အဲဒါနဲ့ ဘာဖြစ်တာလဲ။ အခုမှ ချက်ကျွေး ဘာကျလို့။ ဒီလို ခဏခဏချက်နေတာကိုး"

"အဟဲ ... အစ်ကို့ကို သတိရသွားလို့ပါ မမရဲ့။ အစ်ကိုမိုးမြင့် မာန်က အမဲနှပ်နဲ့ ပုစွန်ထုပ်ဆီပြန်ချက်ကို အရမ်းကြိုက်တာဗျ"

ကိုယ့်ကိုများ ရွဲ့ပြောနေသလားလို့ မွေး စိတ်မလုံဖြစ်သွားရ မြင်တော့ မွေး ... ဘာဖြစ်နေပါလိမ့်။ သူ့အကြောင်းပဲ ခဏခဏ တွေးနေမိပြီး မောင်လေးကလည်း တိုက်တိုက်ဆိုင်ဆိုင် သူ့



www.burmeseclassic.com

အကြောင်းပဲ ခဏခဏ ပြောနေတာလေ။ ခုနောက်ပိုင်း မွှေး
သူ့အတွက် ဟင်းတွေ ပို့ထည့်ပေးနေလို့လား။

"မမ"

"----"

"ဟိုလေ"

"ဘာလဲဖြိုးရဲ့။ ပြောစရာရှိတာ ပြောတာမဟုတ်ဘူး"

"အဟဲ ... မေးရမှာအားနာလို့"

"အံမယ် ... မောင်နှမချင်းကို အားနာရတယ်လို့။ နင်
ဘာဖြစ်နေတာလဲ ဖြိုး"

"ဖြစ်တာက ကျွန်တော်မဟုတ်ဘူး မမ"

"ဘာ"

မွှေး မျက်မှောင်လေးကြုတ်သွားကာ –

"ငါက ဘာဖြစ်နေလို့လဲ၊ ပြောပါဦး"

ဖြိုး မျက်နှာက စပ်ဖြီးဖြီးပုံစံနှင့်။

"မမ အစ်ကိုကိုသနားတာ ရိုးရောရိုးရဲ့လားလို့ပါ"

"ဟယ် ... ကြည်စမ်း။ ဖြိုး အဲဒါ နင် ကိုယ့်အစ်မကို
ပြောရမယ့်စကားလား"

မွှေး မျက်နှာလေး ရဲသွားလေသည်။ ကိုယ့်မောင်ကတော်





ဆိုမေးလာပြီဆိုတော့ မွှေး လုပ်ရပ်က သရုပ်ပျက်နေပြီလား။ မဟုတ်
သေးပါဘူး။ မွှေးက တကယ်သနားလို့ စေတနာထားမိတာပဲဟာ။
ကောင်လေးကိုက သံသယစိတ်နဲ့ ထင်ယောင်ထင်မှား ဖြစ်နေတာပါ။

"မပြောမပြီး မတီးမမြည်တဲ့ မမရဲ့။ မမအရွယ် လွန်နေပြီ
လေ။ ငှက်ပျောတုံးက ရှားတယ်ဗျ"

"ဖြိုး"

"ကျွန်တော်အရင်က မမကို တိုခဲ့တာ မဟုပ်မဟာပ်ကောင်
တွေနဲ့ ဖြစ်မှာစိုးလို့ပါ။ ရိုးသားမှုရှိတဲ့ အစ်ကိုနဲ့ဆိုရင်တော့ အဟဲ"

"နင်နော်"

"လူမချမ်းသာရင်သာနေမယ် အစ်ကိုနဲ့ဆို မမစိတ်ချမ်းသာ
မှာပါ"

"ကဲဟယ်"

"ဒေါက်"

"အား"

မွှေး ရှက်ရှက်နှင့်ပဲ ဖြိုး ခေါင်းကို လှမ်းခေါက်ပစ်လိုက်
လေသည်။ ဖြိုး ခေါင်းကိုပွတ်ပြီး မျက်နှာကတော့ စပ်ဖြီးဖြီးနဲ့ အရယ်
မပျက်ပေ။

❋

# အခန်း (၁၁)

မွေး ဈေးထိပ်ကိုရောက်တာနှင့် မျက်လုံးက ဟိုကြည့် ဒီကြည့်နှင့် မိုးမြင့်မာန်ကို ရှာနေမိသည်။ ဒီနေ့ သူတို့အလုပ်မဆင်းကြဘူးလေ။ ရက်ဆက်အလုပ်ဆင်းပြီး ပင်ပန်းလာရင် တစ်နေ့လောက်တော့ အလုပ်ရှင်ဆီမှာ ခွင့်တောင်းပြီး နားကြသည်။

သူတို့ –

ရက်ဆက်အလုပ်ဆင်းနေရတာ တစ်လကျော်ပြီလေ။ ဒါကြောင့် အလုပ်နားမယ်ဆိုလို့ ဒီနေ့နံနက် ဈေးထိပ်ကနေ စောင့်နေဖို့ ပြောထားပြီးသားပါ။

"မွေး"





"______"

"မွေး"

"ဟင်"

ရှေ့ကိုကြည့်ပြီးရှာနေတုန်း နောက်ဘက်ကနေ ရောက်လာသော –

"မွေး ကျွန်တော့်ကို ရှာနေတာ မဟုတ်လား"

"မဟုတ် ... မဟုတ်ပါဘူး"

ရှာနေတာအမှန်ပေမယ့် ဝန်မခံချင်ပေ။

"ထားပါတော့လေ။ မွေးက စောင့်နေဆိုလို့ ကျွန်တော် လာစောင့်နေတာ။ မွေးပေးမယ့်လက်ဆောင်ကိုလိုချင်လို့ မဟုတ်ဘူးနော် မွေး။ မွေး ရွှေစိတ်တော်ငြိုငြင်မှာစိုးလို့"

"ကဲ ... သိပါတယ်၊ ရော့ ... ဒီမှာ ဒါက မွေး မိုးမြင့်မာန်ကို ပေးမယ့်လက်ဆောင်ပါ"

မွေးပေးတဲ့ အိတ်ကလေးကို မိုးမြင့်မာန် မယူပေ။ ကြွပ်ကြွပ်အိတ်နဲ့ထုပ်ထားတော့ ဘာတွေလဲဆိုတာ မိုးမြင့်မာန် မသိပေ။

"ကျွန်တော် မယူလို့မရဘူးလား မွေး"

"မရဘူးလေ၊ မွေးက ပေးချင်လို့မှ အပင်ပန်းခံပြီး ချုပ်ထားတာကို"

www.burmeseclassic.com



"ဟင်"

အပင်ပန်းခံပြီး ချုပ်ထားတာတဲ့။ ဒါဆို အကျီလား။ ပုဆိုး ဆိုရင် ချုပ်ပြီးသားတွေပဲလေ။ ဟုတ်မှာပါ။ မွေးက စက်ချုပ်တာဆို တော့ သူချုပ်ရင် အကျီပဲဖြစ်မှာပေါ့။ ကိုယ်ချစ်ရတဲ့သူက ကိုယ့် အတွက် အပင်ပန်းခံပြီး ချုပ်ပေးထားတာ။

အမှတ်တရအဖြစ်။

ယူလည်း ယူချင်၊ မယူလည်း မယူချင်ပေ။ မယူချင်တာက ယောကျ်ားတစ်ယောက်ရဲ့မာန။ ဆင်းရဲသားတစ်ယောက်ရဲ့မာနကြောင့် ပါ။ ကိုယ်က သူ့အတွက် ဘာမှပေးဆပ်ထားတာ မရှိဘူးလေ။

"ယူလေ"

"ကျွန်တော်"

"မယူဘူးလား"

မွေးမျက်နှာ တင်းသွားလေတော့ –

"မွေး ယူစေချင်ရင်ယူပါ့မယ်။ ဒါပေမဲ့ မွေးကို ကျွန်တော် တစ်ခုပြောပါရစေ"

"ပြောလေ ဘာလဲ"

"ကျွန်တော့်မှာ မွေးကို လက်ဆောင်ပြန်ပေးစရာဆိုလို့"

မိုးမြင့်မာန် စကားမဆက်တော့ပေ။ လမ်းမှာ မိုးမြင့်မာန်





မပြောချင်ပါဘူး။ ဒါပေမဲ့ စကားလမ်းကြောင်းက လွှဲပစ်ရမှာကိုပဲ ပြောတာသမို့ အရိပ်အမြွက်လောက်ပဲ –

"ပြောလေ ဘာဖြစ်လဲ"

"လမ်းသွားမတ်တပ်ပြောရမှာဆိုတော့ တန်ဖိုးမထားလို့တော့ မထင်ပါနဲ့နော်။ ကျွန်တော် မွေးကို အရမ်းတန်ဖိုးထားပါတယ်။ ကျွန်တော် မွေးကို စိတ်မှန်တဲ့ချစ်ခြင်းမေတ္တာနဲ့ သစ္စာတရားတွေ ပြန်ပေး ပါရစေ"

မွေး ခေါင်းလေးငုံ့သွားလေလျှင် –

"မွေး"

"------"

"မွေး လက်ခံမှာလားဟင်"

"-----"

"ကျွန်တော် မွေးကို ချစ်တယ်"

အရိပ်အမြွက်ပဲ ပြောပါမယ်ဆိုမှ နှလုံးသားရဲ့ဆန္ဒက ထိန်း ရ သိမ်းမရနဲ့ ပြောမိသွားပြီ။ အဲဒီစကားအတွက် မိုးမြင့်မာန် တာဝန်ယူ ရပါသည်လေ။

"ကျွန်တော် ခုလိုပြောရလို့ ကျွန်တော့်အချစ်ကို အထင်တော့ သေးပါနဲ့ မွေးရယ်။ ကျွန်တော် အခုပြောတဲ့စကားတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူရဲပါတယ်”

မွေး ခေါင်းလေးမော့လာပြီး သူ့ကို တွေတွေလေး ကြည့်ကာ

“မွေး ဘာပြောရမလဲဟင်”

“ကျွန်တော့်ကို ချစ်တယ်၊ မချစ်ဘူး တစ်ခုခုပြောပေါ့ မွေးရဲ့”

မွေး မျက်နှာလွှဲပြီး ဘေးဘောဘီဘီသို့ ကြည့်လိုက်တော့ မွေး ဝယ်နေကျ ဟင်းသီးတင်းရွက်ဆိုင်က အစ်မကြီးက ပြုံးစိစိနှင့် လှမ်းကြည့်နေသည်။ ဘယ်လိုထင်သွားပြီလဲ၊ ဒီနေရာမှာ ရပ်နေမိတာလည်း ဘယ်လောက်ကြာသွားပြီ မသိပေ။

“သူများတွေ ကြည့်ကုန်ကြပြီ”

“အဲဒါဆို မွေး မြန်မြန်အဖြေပေးလေ”

“မွေးကို အထင်မသေးရဘူးနော်”

“ခြော် မွေးရယ် … အထင်မသေးလို့မှ ချစ်မိနေတာကို။ မွေးကို ကျွန်တော် လေးစားမိရာကနေ ချစ်မိမြတ်နိုးမိသွားတာပါ။ ကျွန်တော်က လှတာပတာ မိန်းကလေးမြင်တိုင်း ချစ်တယ်ပြောတတ်တဲ့ ယောက်ျားမျိုး မဟုတ်ဘူးဆိုတာ မွေးသိပါတယ်”

အဲဒါကိုတော့ မွေး မယုံမရှိပေ။ မိုးမြင့်မာန်က မိသားစုအရေး ကိုပဲ ဦးစားပေးခဲ့သူပါ။ ကိုယ့်မောင်လေးနဲ့ အမြဲတမ်း အလုပ်တွဲ လုပ်နေတာ။ ပြီးတော့ ပတ်ဝန်းကျင်မှာလည်း ရှုပ်ရှုပ်ယှက်ယှက်





အတင်း ဘာမှမကြားရဘူးလေ။ သူ ရိုးသားလို့ပဲ မွေး လေးစားခဲ့မိတာ ပါ။

အခုတော့ –

“မွေး”

“_____”

“ကျွန်တော့်မိသားစုအခြေအနေကို မွေးလက်မခံနိုင်လို့လား ဟင်”

“မဟုတ်ပါဘူး”

“ဒါဆို ဖြေလေ”

“မွေး”

မွေးဆိုပြီး ခေါင်းလေးငုံ့သွားတော့ မိုးမြင့်မာန် နားစွင့်နေ မိသည်သာ။

“မွေး မိုးမြင့်မာန်ရဲ့အချစ်ကိုလက်ခံပါတယ်”

“ဟင် … လက်ခံရုံပဲလား။ မွေးကရော ပြန်မပြောတော့ဘူး လား။ အဲ … ပြန်မပေးဘူးလားလို့”

“သူများတွေ ကြည့်နေကြတယ်၊ စျေးမဆစ်နဲ့တော့”

“စျေးဆစ်တာမဟုတ်ဘူးလေ၊ ဒီက အလကားပေးထားတာ ကို”



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး သွားတော့မယ်"

မွေး သူ့ကိုရှောင်ပြီး ထွက်သွားလေတော့သည်။ မိုးမြင့်မာန် ဝမ်းသာလိုက်တာ မပြောပါနဲ့တော့။ မွေးအချစ်ကို လိုချင်တာ ကိုယ် တစ်ယောက်တည်းမဟုတ်ဘူးလေ။ အခု ကိုယ်ကရလိုက်ပြီဆိုတော့ ဝမ်းသာတာပေါ့။ မိုးမြင့်မာန် အိတ်ကိုဟပြီး အကျီနှာထည်ကို ထုတ် ကြည့်ကာ –

ကြည်နူးလိုက်သည့်ဖြစ်ခြင်း။

သူ အကျီထုပ်လေးကို ရင်ခွင်ထဲမှာပိုက်ပြီး သူငယ်ချင်း တစ်ယောက် ဆန်ရောင်းတဲ့ဆိုင်ကနေ စောင့်နေလိုက်သည်။ ကိုယ်က အလုပ်တစ်ဖက်နဲ့ဆိုတော့ မွေးနဲ့ အခုလို အေးအေးဆေးဆေး စကား ပြောခွင့်ရဖို့က မလွယ်ပေ။ အိမ်သွားတော့ မျက်နှာလေးတော့ မြင်ရ ပါရဲ့။

ဖြူးနဲ့ဆိုတော့ –

အခုလို အေးအေးဆေးဆေး စကားပြောခွင့်မရဘူးလေ။ ရတဲ့အခွင့်အရေးလေးကို လက်လွှတ်မခံနိုင်ပါဘူး။

"မိုးမြင့်မာန်"

"ဟင်"

"မင်း ဘယ်သူ့ကို စောင့်နေတာလဲကွ"





သူငယ်ချင်းကမေးတော့ မိုးမြင့်မာန် ရယ်ကျဲကျဲနှင့်သာ။

"ကောင်မလေးတစ်ယောက်ပေါ့ကွ"

"ဟာ ... တို့ကောင်ကြီးမှာ ဒီလိုမျိုးရှိပြီလား။ ပြောစမ်းပါဦး ကွ။ ဘယ်သူလဲ ဘယ်ကလဲ"

အနေအေးတဲ့ မိုးမြင့်မာန်က ကောင်မလေးတစ်ယောက်ကို စောင့်နေတယ်ဆိုတော့ သူငယ်ချင်းက စိတ်ဝင်စားသွားဟန်နှင့် မေး လေသည်။

"မင်းကလည်း ဘာလို့မေးနေတာလဲ။ မသိချင်စမ်းပါနဲ့ကွာ"

"ဟာ ... မင်းကလည်း။ သိချင်ပါတယ်ဆိုမှ ပြောပါကွ"

"မပြောဘူးကွာ"

"ဟား ... ကြီးကျယ်လိုက်တာကွာ"

"ဟော"

ဟောဆိုပြီး မိုးမြင့်မာန် ထရပ်လိုက်လေတော့ မိုးမြင့်မာန်. ကြည့်တဲ့နေရာသို့ ရာဇာအကြည့်ရောက်သွားလေသည်။ လာနေတာက ကောင်မလေးနှစ်ယောက် ရှေ့ဆင့်နောက်ဆင့်လေ။ ရှေ့က ကောင်မ လေးက ကျောလယ်လောက်ဆံပင်ကို ဖြန့်ချထားပြီး အဖြူခံပေါ်မှာ အပြာနုအပွင့်နုတ်ကလေးတွေပါတဲ့ ဝမ်းဆက်နှင့်ပါ။ ခါးမှာက အနက် ရောင်ဖြတ်ဆက်ပုံစံမျိုးနှင့်လေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ကထစ်ယောက်က –

ဆံပင်တွေ၊ တင်ပါးအောက်ရောက်နေပြီး ထိုဆံပင်တွေကို ခေါင်းစည်းကွင်းလေးနှင့် စည်းထားကာ သနပ်ခါးပါးကွက်ကလေးနှင့် မိုးရိုးယဉ်ယဉ်။ ဝတ်ထားတာက ထဘီအနက်ခံပေါ်မှာ အနီလုံးလေးတွေပါပြီး အင်္ကျီက ရင်ဖုံးဆန်ဆန် အနီရောင်လေးနှင့်ပါ။

"သူပြန်လာပြီ . . . ငါသွားတော့မယ်"

"ဟော့ကောင် နေဦး"

ရာဇာက မိုးမြင့်မာန်လက်ကို ဆွဲထားကာ –

"လာနေတာက နှစ်ယောက်၊ မင်း ကောင်မလေးက အပြာလား အနီလား ဖြေခဲ့ဦး"

"အနီကွာ . . . အနီ အနီ"

ပြောပြီးတာနှင့် မိုးမြင့်မာန် လက်ကို ရုန်း၍ထွက်လာခဲ့တော့သည်။

"မွေး"

"ဟင်"

မွေးက လှည့်ကြည့်ပြီး မိုးမြင့်မာန်ကိုမြင်သွားလေတော့ –

"မိုးမြင့်မာန် မပြန်ရသေးဘူးလား"

"မွေးကို စောင့်နေတာလေ"





"လိုချင်တာပေးပြီးပြီလေ၊ ပြန်တော့ပေါ့"

"မပြန်ပါဘူး။ မောင့်ချစ်သူ ဝယ်လာတာတွေ ကူသယ်မလို့ စောင့်နေတာ"

"ဘယ်လိုခေါ်လိုက်တာ"

မွေး မျက်လုံးဝိုင်းလေးနှင့် ကြည့်ပြီးမေးလေတော့ မိုးမြင့်မာန်က ရယ်လေသည်။ ချစ်သူတွေဖြစ်ကြပြီဆိုမှတော့ ကိုတို့ မောင်တို့ ခေါ်ကြတာပဲဟာ။ ကိုယ်လည်း ကိုယ့်ချစ်သူကိုခေါ်စေချင်တာပေါ့။ ဒါကြောင့် ကိုယ်က လမ်းကြောင်းပေးလိုက်တာပါ။

"မောင်က မွေးကို အရမ်းချစ်တယ်လေ။ အဲဒါကြောင့် မောင့်ချစ်သူလို့ ခေါ်လိုက်တာ"

"ဘာမောင်လဲ မခေါ်ချင်ပါဘူး"

"မခေါ်ချင်လို့ မရဘူးလေ။ ချစ်သူဖြစ်သွားမှတော့ အခေါ် ပြောင်းရမှာပေါ့ မွေးရဲ့။ ခေါ်ရမယ်"

"ချစ်တာနဲ့ အခေါ်အဝေါ်ပြောင်းရရောလား။ ဘာမှ မဆိုင်ဘူး"

"ပေး လက်ထဲကဟာတွေ"

မိုးမြင့်မာန် မွေးဝယ်ခြမ်းလာတဲ့ ဈေးခြင်းကို ဆွဲယူလိုက်သည်။ ပြီးမှ လမ်းလျှောက်ရင်းပဲ –



www.burmeseclassic.com

www.burmeseclassic.com



"မွေး"

"______"

"မောင့်ကိုချစ်တယ် မဟုတ်လားဟင်"

"ပြောပြီးပြီလေ"

"ချစ်သူတွေဖြစ်နေပြီပဲဟာ။ မောင်လို့ခေါ်ပါ မွေးရဲ့ နော်"

"ဟွန်း ... အဖြေကိုအတင်းတောင်း။ အဖြေရပြန်တော့ တစ်ဆင့်တက်လာပြန်ပြီ။ ချက်ချင်း ဘယ်လိုပြောင်းခေါ်လို့ ရမှာလဲ လို့"

ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ ကိုယ်ကပဲ ဆန္ဒစော နေမိတာပါ။ သူ့ခမျာ အဖြေပေးပြီးပြီပဲ ဥစ္စာ။ ကိုယ်က ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒကို ချက်ချင်းပြောလိုက်မိတာကိုး။ တကယ်ဆို ကိုယ်က အကျွန်ုပ် အောင် စကားထဲမှာ ထည့်ပြောပေးရမှာလေ။

"ဒါဆို နောက်ကျရင် မွေး ပြောင်းခေါ်မယ် မဟုတ်လား"

"အင်း"

မွေး ခေါင်းညိတ်လိုက်ပြီးနောက် –

"တစ်ခုတော့ ကြိုပြောထားမယ်နော်"

"ပြောလေ"

"မွေး အသည်းကွဲမှာကြောက်တယ်"





မွေးစကားကြောင့် မိုးမြင့်မာန် အသံထွက်အောင် ရယ်လိုက် တော့သည်။

"မွေးရယ် ... မောင်က မွေးကို တကယ်မြတ်မြတ်နိုးနိုးနဲ့ ချစ်တာပါဆိုမှ။ မွေးက ဘာကိစ္စ အသည်းကွဲရမှာလဲ။ စိတ်ချလက်ချ သာချစ်"

ဒီတစ်ခါတော့ မွေး အပြုံးနှင့် မျက်စောင်းထိုးလိုက်သည် သား။ ချစ်မျက်စောင်းဆိုတော့ ခဏခဏပဲ အဲဒီမျက်စောင်းမျိုး အထိုးခံ ချင်တာ။ ရင်ထဲမှာ ကြည်နူးမိလို့ပါလေ။

❋



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

မိုးမြင့်မာန် မွေးပေးတဲ့အင်္ကျီနှစ်ထည်ထဲက အဖြူပေါ်မှာ အပြာနုနုနှင့် မထင်မရှား ကွပ်ထားတဲ့ အင်္ကျီလေးကို ဝတ်လိုက်သည်။ ဒီအင်္ကျီက အိမ်က ချုပ်ပေးတာမဟုတ်တော့ အားလုံးသတိထားမိကြ သည်သာ။ ဒါကို အရင်ဆုံးသတိထားမိသူက ဆောင်းပါ။

"ဟယ် . . . ကိုကြီး . . . အင်္ကျီတွေ ဘာတွေနဲ့ပါလား"

မိုးမြင့်မာန် လှည့်ကြည့်ပြီး –

"အရင်က ငါ အင်္ကျီမရှိဘဲ ကျောပလာ ရင်ပလာနဲ့ နေလို့ လား။ ပြောပုံက ငါ အခုမှ အင်္ကျီဝတ်တာ ကျနေတာပဲ"

"မဟုတ်ဘူးလေ ကိုကြီးရဲ့။ ဒီအင်္ကျီက အခုမှ ဝတ်တာ





မြင်လို့ ပြောတာပါ။ အမေ ဘယ်အချိန်ချုပ်ပေးလိုက်ပါလိမ့်"

ပြောပြီး ဆောင်းက မီးဖိုချောင်ဘက်သို့ ခပ်သုတ်သုတ် ဝင်သွားကာ –

"အမေ"

"––––"

"အမေ့"

"ဘာလဲ ဆောင်း"

"အမေ ကိုကြီးကို ဘယ်တုန်းက အင်္ကျီအသစ် ဝယ်ပေးတာ လဲ။ ဆောင်းတို့ကို ဒီတစ်ခါ ဘာမှမပြောဘူးနော်။ ခါတိုင်းဆို ဘာပဲ ဝယ်ဝယ် သမီးတို့ကို ပြနေကျပဲ ဥစ္စာ"

ဆောင်းက ပွစိ ပွစိနှင့် ပြောလေလျှင် –

"ဘုရားပေးပေး ကျမ်းပေးပေးပါ အဝယ်မရယ်။ ငါ့သားကြီး ကို ဘာအင်္ကျီ ဘာပုဆိုးမှ ဝယ်မပေးဘူး"

"ဒါဆို ကိုကြီး သူ့ဘာသာသူ ပိုက်ဆံစုဝယ်တာပဲ ဖြစ်မှာ ပေါ့"

အခုတစ်ခါ ဝင်ပြောလိုက်သူက နှင်းပါ။

"အဲဒါတော့ မသိဘူးဟေ့။ နင်တို့ဘာသာသာပဲ မေးကြည့်ပေ တော့"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်မာနဲ့ ညီမတွေဆီသို့ လျှောက်လာပြီး –

"နင်တို့ တော်တော်စပ်စုကြပါလား။ ဘာလဲ ငါ ဒီလိုဝတ်တာ မကြိုက်ကြဘူးလား"

"မဟုတ်ပါဘူး ကိုကြီးရဲ့"

"မဟုတ်ရင် မပြောနဲ့။ နင်တို့သိထားဖို့က ငါ နင်တို့ပြောသလို ငါ့ဘာသာငါ ပိုက်ဆံရှာပြီး ခိုးကြောင်ခိုးဝှက် ဝယ်မဝတ်ဘူး။ ဝယ်မစားဘူးဆိုတာပဲ"

နင်းနဲ့ဆောင်း နှစ်ယောက်စလုံး ခေါင်းလေးတွေငုံ့သွားပြီး ဘာတစ်ခွန်းမှ မပြောကြတော့ပေ။

"ကိုကြီးက အဲဒီအကျီနဲ့ အရမ်းကြည့်လို့ကောင်းတာပဲ"

စာကျက်ရင်းကနေ လှမ်းပြောလိုက်သူက အလတ်ကောင် ကောင်းမြင့်မိုရ်ပါ။ အမေကတော့ မိုးမြင့်မာန်ကို ခပ်ငေးငေးကြည့်ပြီးမှ–

"သားကြီး"

"ဗျာ အမေ"

"ဒီအကျီက"

"မြိုးရဲ့အစ်မ မွေးချုပ်ပေးတာပါ အမေ။ အမေ မွေးကိုသိလား မသိဘူး"

"ကြော် ... ဟုတ်လား။ သိတယ် သားကြီး သိတယ်။





ဆိုတက်လမ်းက စက်ချုပ်တဲ့ ကောင်မလေးလေ။ အမေ မင်းညီမတွေ ထမီအင်္ကျီအပ်ထားလို့ သွားရွေးပေးတာ သူ့အိမ်ကို နှစ်ခေါက်ရောက်ဖူးတယ်။ ကောင်မလေးက ရိုးရိုးယဉ်ယဉ်လေးပါ။ ဒါနဲ့ သူနဲ့သားက"

"ချစ်သူတွေဖြစ်နေကြပြီ အမေ"

မိုးမြင့်မာန် အသံခပ်တိုးတိုးနှင့်ပဲ ဖြေလိုက်မိသည်။ သိထားသင့်တယ်ထင်လို့ တစ်ခါတည်း ဖွင့်ပြောလိုက်တာပေမယ့် အမေ စိမ်းနည်းမှာလည်းစိုးသေး၏။ အရွယ်ရောက်နေပြီ အိမ်ထောင်ပြုချင် ပြုတော့လို့ ခွင့်ပေးထားပေမယ့် တကယ်တမ်းကျတော့ ကိုယ့်ကိုပဲ အားကိုးနေရှာတာလေ။

ဆောင်းကတော့ ဝမ်းသာအားရပုံစံနှင့် –

"ဟာ ... ကိုကြီးနဲ့မမမွေးက တကယ်ချစ်သူတွေလား။ မမွေးနဲ့ဆိုရင် ဆောင်းကတော့ သဘောတူတယ်ကိုကြီး။ ဆောင်းက မမွေးကိုကြည့်ပြီး ချစ်နေတာ ကိုကြီးရ"

"ဟုတ်တယ် ... မမမွေးနဲ့ဆိုရင် နင်းလည်း သဘောတူတယ်"

ညီမတွေက သဘောတူတယ်ဆိုလို့ မိုးမြင့်မာန် ဝမ်းသာပါသည်။ ဒါပေမဲ့ ... အမေ ဘာမှမပြောသေးတော့ မပြုံးနိုင်သေးပါဘူး။

"အေးလေ ... သားကြီးကို အမေတို့က အိမ်ထောင်ပြုဖို့



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပေးထားပြီးသားပါ။ အမေကတော့ သား တကယ်ချစ်တဲ့ မိန်းကလေးဆိုရင် ဘယ်မိန်းကလေးနဲ့မဆို သဘောတူပါတယ်။ ဒါပေမဲ့"

ဒါပေမဲ့ ဆိုတဲ့ စကားခံလိုက်တော့ မိုးမြင့်မာန် စိတ်ထဲမှာ ထင့်ခနဲ ဖြစ်သွားရသည်သာ။ အမေ ဘာပြောချင်လို့လဲ"

"ဒါပေမဲ့ ... ဘာဖြစ်လဲ အမေ"

"ဘာမှမဟုတ်ပါဘူးသားရယ်။ အမေတို့ဘက်က တင့်ကောင်း တင့်တယ်နဲ့ မတောင်းနိုင်မှာစိုးလို့ပါ။ ဘာပဲဖြစ်ဖြစ်ပါ၊ ဇော်သက်ဦးတုန်းကတောင် အမေတို့ ဖြစ်အောင်လုပ်ခဲ့ကြသေးတာပဲ။ သားကြီးကျရင်လည်း အမေတို့ ဖြစ်အောင်လုပ်ပေးရမှာပေါ့"

မိုးမြင့်မာန် သက်ပြင်းချလိုက်မိသည်။ ဇော်သက်ဦးတုန်းက သူ့မိန်းမကို ခိုးပြေးတာပေမယ့် အမေတို့က မျက်နှာမငယ်ရအောင် စီစဉ်ပေးခဲ့သည်။ အဲဒီတုန်းကတင်တဲ့အကြွေးက ကြေသွားတာ ဘာကြာသေးလို့လဲ။ အခုကျတော့ ဇော်သက်ဦးရော မိုးမွှင့်ဖြူရော မသိတတ်ကြပေ။

ယောက္ခမတွေကိုသာ ဘုရားလို ကိုးကွယ်ကြပြီး မိဘအိမ်ကို အလည်ပြန်လာတော့ လက်ဗလာ။ မိဘအိမ်ကတောင်မှ မရှိ ရှိတာလေးကို ပြန်ရင်သယ်သွားကြသေးတယ်။ ကိုယ်ကတော့ အဲဒါမျိုး ဘယ်တော့မှ လုပ်မှာမဟုတ်ပေ။





"ကျွန်တော်ကတော့ မွှေးနဲ့လက်ထပ်ရင် ဇော်သက်ဦးတုန်းကလို ခမ်းခမ်းနားနား မလုပ်ချင်ဘူး အမေ။ ရုံးတက်လက်မှတ်ထိုးပြီး မွှေးဘက်က မင်္ဂလာဆောင်ဆိုရင် သူ့ဘက်မှာပဲ ပူးဆောင်လိုက်မယ်လေ"

"မဟုတ်တာ သားရယ်။ တစ်ဦးနဲ့တစ်ဦး ချစ်လို့လက်ထပ်ကြတယ်ဆိုပေမယ့် ယောကျ်ားလေးဘက်က မင်္ဂလာကိစ္စ ဘာတာဝန်မှ မယူနိုင်ရင် မိန်းကလေးအပေါ်မှာ မတရားရာကျမှာပေါ့"

အမေပြောတာလည်း ဟုတ်တော့ဟုတ်ပါသည်။ မိုးမြင့်မာန် နိုင်တဲ့ဝန်ကို ထမ်းမိပြီလား။ မိဘတွေကိုလည်း သနား၊ ချစ်သူကိုလည်း အခုံရှုံးမခံနိုင်၊ နှလုံးသားကို အလိုလိုက်ခဲ့မိတာ သူမှားပြီလား။ ကိုယ့်အိမ်အခြေအနေကို ပြန်မတွေးဘဲ မွှေးကိုချစ်တယ်လို့ပြောမိတာ။

ကိုယ်အိမ်ထောင်ပြုလိုက်လို့ ...

မိဘတွေ ဒုက္ခရောက်ကျန်ခဲ့မှာကို စိုးရိမ်မိသည်။ မွှေးကိုလည်း သူ အရမ်းချစ်တော့ ဘယ်လိုလုပ်ရမလဲ။ ဓိးစင်ကြည့်ကရတော့မှာပဲပေါ့။

"သားကြီး"

"-----"

"သားကြီးမှာ နှမတွေနဲ့လေ။ နှမချင်း ကိုယ်ချင်းစာကြွယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကိစ္စအတွက် ဘာမှ စိတ်မပူနဲ့။ အမေ သားကြီးမျက်နှာမငယ်ရအောင် စီစဉ်ပေးမယ်။ လူမသေ ငွေမရှားပါ သားကြီးရဲ့"

"ဟုတ်ကဲ့ပါ အမေ။ ကျွန်တော် အလုပ်သွားတော့မယ်"

"အေး ... အေး"

မိုးမြင့်မာန် အိမ်ကထွက်လာခဲ့တာ စိတ်ကတော့ ရှုပ်သွားသည်သာ။ သူက ကိုယ့်ကိုချစ်၊ ကိုယ်က သူ့ကိုချစ်၊ အချစ်နဲ့အချစ် ပေါင်းဖို့လောက်ပဲ သူတွေးခဲ့မိတာ။ ရှေ့ရေးကို သေသေချာချာ တွေးကြည့်တော့မလွယ်။ ဟာင် ဘာဖြစ်လဲ၊ အချိန်တန်ရင် အဆင်ပြေချင် ပြေသွားမှာပေါ့။

ကြံ့တွေးပြီး စိတ်ပူနေလို့ ... ဘာရလာမှာမှတ်လို့။ စိတ်ညစ်တာပဲ အဖတ်တင်တယ်၊ မတွေးတော့ဘူး။

"ဟော ... အစ်ကိုလာပြီ"

ပြောပြီး မြိုးက သူ့အင်္ကျီကိုကြည့်ပြီး ပြုံးစိစိနှင့်သာ –

"အဟဲ ... ဒီအင်္ကျီအကွက်မျိုး မြင်ဖူးသလိုပဲ။ အင်းလေ လူတောင် လူတူမရှား နာမည်တူမရှားရှိသေးတာပဲ။ အင်္ကျီအကွက်တူတာ ဆန်းတော့မဆန်းပါဘူး"

"မြိုး"

"ဗျာ မမ"





"အလုပ်သွားရမှာ ကိုယ်လုပ်စရာရှိတာ မလုပ်ဘူး။ ဘာလို့ စပ်စုနေတာလဲ"

"ဟုတ်ကဲ့ ခင်ဗျ"

မြိုး စပ်ဖြဲဖြဲနှင့် အဝတ်လဲဖို့ အခန်းထဲသို့ ဝင်သွားလေတော့သည်။ မွေးက မိုးမြင့်မာန်ကို ထိုင်လို့ပြောပြီး –

"မောင်"

"ဟင်"

မောင်လို့ခေါ်လိုက်တာကြောင့် မိုးမြင့်မာန် ရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားလေသည်။ စောစောက စိတ်ရှုပ်တာတွေ အကုန်ပျောက်ပါပဲ။

"မွေး မောင့်ကိုခေါ်တာလား"

မွေးက မျက်စောင်းလေးထိုးပြီး –

"အခြား ဘယ်သူရှိသေးလို့လဲ"

"မောင် နားကြားများ မှားသလားလို့ပါ။ ဝမ်းသာလိုက်တာ မွေးရယ်"

"ဒီနေ့ အမဲနှပ်နဲ့ ပုစွန်ထုပ်ဆီပြန်ချက်တယ်။ မောင်ကြိုက်တယ်ဆိုလို့ အများကြီးပိုထည့်ပေးထားတယ်"

"ဟား ... ဒီနေ့တော့ ဗိုက်ကားဦးတော့မှာပဲ။ မောင့်ချစ်သူက အရမ်းအလိုက်သိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်မာန်စိတ်ထဲမှာ မချင့်မရဲဖြစ်လျက် မွှေးရဲ့ ပါးပြင်လေးကို လှမ်းလိမ်ဆွဲပစ်လိုက်မိသည်။

"မောင် ×× သူများပြောတဲ့ သွေးခွဲစကားတွေကို ×× မောင် ×× တဖြည်းဖြည်းနဲ့ စဉ်းစားပြီးယုံနော် ×× မောင် ×× သူများပြောတော့ ×× ချွေးသားစားတယ်ဆို ×× မောင် ×× အတူတူ နေကြရအောင်"

ဖြိုး အခန်းထဲကနေ ပေါက်ကရတွေ သီချင်းအော်ဆိုလေတော့ မွှေး ဇက်ကလေးပုသွားကာ –

"ဖြိုး ကြားသွားပြီထင်တယ်"

"ကြားတော့ ဘာဖြစ်လဲ။ ရှုသိနေတယ် မဟုတ်လား"

မွှေးက ခေါင်းလေးညိတ်ပြပြီး နှစ်ယောက်သား ရယ်မိကြလေသည်။

"တော်လိုက်တဲ့ ယောက်ဖလေး"

"ဟင် ... ဘာယောက်ဖလဲ"

"နောက်တော်ရမှာကို"

"တော်မှခေါ်"

ချစ်မျက်စောင်းလေးကြောင့် ရင်ထဲမှာ ပန်းတွေပွင့်သွားသည့်နှယ်ပါ။

❋



## အခန်း (၁၃)

မွှေး ပုဆိုးငါးထည်ဝယ်လိုက်သည်။ ဖြိုးအတွက် သုံးထည်၊ မောင့်အတွက် နှစ်ထည်ပေါ့။ မောင်နဲ့မွှေးက ချစ်သူတွေ ဖြစ်နေကြပြီဆိုတော့ မောင့်ရဲ့ ဝတ်ရေး စားရေးက ကိုယ်နဲ့ဆိုင်တယ်လို့ပဲ မွှေး ခံယူလိုက်တာပါ။ ပြီးတော့ ဖြိုးအတွက် အင်္ကျီသုံးထည်၊ မောင့်အတွက် နှစ်ထည်။

ဒါတွေဝယ်ပြီးမှ –

မွှေး ရွှေဆိုင်ကိုဝင်ဖို့ စိတ်ကူးလိုက်သည်။ စုထားတဲ့ပိုက်ဆံလေးတွေများလာရင် မွှေးက ရွှေပဲလုပ်ထားတာလေ။ အခြားလုပ်ငန်းတိုးချဲ့မလုပ်တတ်တော့ ရွှေပဲစုတာပေါ့။ မွှေး ရွှေဆိုင်ကိုသွားဖို့



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ ပြန်အလှည့်မှာတော့ –

"အင့်"

"အမေ့"

"ဟာ"

နောက်က တစ်ဦးတစ်ယောက်နှင့် ဝင်တိုက်မိပြီး မွှေးကိုယ်လေး ယိုင်ခနဲဖြစ်ကာ လက်ထဲမှ အထုပ်တစ်ထုပ်က ပြုတ်ကျသွားလေတော့၏။ ထိုအထုပ်ကို ငုံ့ကောက်လိုက်တော့ –

"ဒုတ်"

"အား"

"ဟာ"

နှစ်ယောက်ပြိုင်တူကောက်လိုက်တော့ နဖူးချင်း တိုက်မိသွားပြန်လေသည်။ မွှေး ကိုယ့်နဖူးကို လက်ဝါးနှင့်ပွတ်ရင်း မျက်နှာလေး ရှုံ့မဲ့သွားလေတော့ သူကလည်း နဖူးကို ပွတ်ရင်းမှ –

"ဆောရီး ... ဆောရီးပါဗျာ။ ကျွန်တော် တောင်းပန်ပါတယ်"

မွှေး တောင်းပန်သူရဲ့မျက်နှာကိုကြည့်လိုက်ပြီး –

"ရပါတယ် မောင်လေးရယ် ... အစ်မ မှားတာပါ။ ရုတ်တရက် လှည့်လိုက်တာဆိုတော့လေ"





"မှားတယ်ရယ်လို့ မဟုတ်ပါဘူး အစ်မရယ်။ မတော်တဆ ဖြစ်သွားတာ ဘယ်သူမှ မမှားပါဘူး"

"အေးပါကွယ်"

ကောင်လေးကပဲ အထုပ်ကိုကောက်ပြီး နှစ်ယောက်စလုံး ထော်တပ်ပြန်ရပ်လိုက်ကြသည်။ ကောင်လေးက အထုပ်ကိုပေးလေတော့ –

"ကျေးဇူးပါနော်"

အထုပ်ကိုယူပြီး မွှေးထွက်သွားလေတော့ ထက်ရှားလိုက်ငေးနေမိတော့သည်။ ဆံပင်ရှည်ကြီးတွေနဲ့ ရိုးရိုးယဉ်ယဉ်လေး။ အရမ်းကြီး လှတာမဟုတ်ဘဲ ကြည့်ကောင်းနေတာပါ။ မျက်စိအေးရင်အေးပေါ့။

"ဟော မွှေးပါလား"

"ဟုတ်ကဲ့မမ"

"ကဲ ပြောပါဦး ... ဒီကိုပဲ တမင်လာတာလား။ ဘာလုပ်မှာ ထဲ"

"လက်ကောက်နှစ်ကွင်းလောက် ထပ်လုပ်မလို့ပါ မမ"

"အေး ... ကြည့်လေ ညီမ"

မွှေး လက်ကောက်ပုံအမျိုးမျိုးကို လိုက်ကြည့်နေစဉ်–

"မကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ပော . . . ထက်ရှား"

"ဟဲ ဟဲ"

"အိမ်ယ် . . . ဘာဟဲဟဲလဲ။ ကောင်လေး ထုံးစံအတိုင်း

မဟုတ်လား"

"ဟုတ်"

"သိပ်ါတော် . . . မင်း ဆိုင်ကိုလိုက်လာပြီဆိုရင် မုန့်ဖိုးတော

ဖိုက လွဲပြီး ဘာရှိဦးမှာလဲ"

ပြောရင်း မသီတာဝင်း တစ်သောင်းတန်ငါးရွက်ကို ထုတ်ပေ

လေသည်။ ချမ်းသာတဲ့လူတွေအဖို့တော့ ငွေငါးသောင်းဆိုတာ ဘာမှ

တန်ကြေးမရှိသလိုပါပဲ။ တောင်းတာနဲ့ ချက်ချင်းထုတ်ပေးတာပဲလေ

မွေး . . .

ကြိုက်တာလေးတွေ့တော့ လက်ညှိုးထိုးပြကာ –

"ဒါလေးယူမယ် မမ"

"ဩော် အေး . . . ညီမလေး။ မမထုတ်ပေးမယ်နော်"

"ဟုတ်ကဲ့"

ထက်ရှား အစ်မဖြစ်တဲ့သူပေးတဲ့ပိုက်ဆံကိုယူပြီး ဘာရယ်

မဟုတ် ငုံ့ကြည့်လိုက်စဉ် –

"ဟာ"





စောစောက သူနဲ့ဝင်တိုက်မိတဲ့ မမပါလား။ ထပ်ဆုံရပြန်ပြီ

ဆိုတော့ –

"စောစောက ဝင်တိုက်မိတဲ့ မမပါလား"

"ဟင်"

မွေးကလည်း သူ့ကိုလှည့်ကြည့်ပြီး –

"ဩော် . . . မင်းကိုး"

"ပြန်တွေ့ရပြန်ပြီနော်"

မွေး အပြုံးနဲ့ ခေါင်းညိတ်ပြလိုက်စဉ် –

"ဩော် . . . မောင်လေးနဲ့ မွေးက သိနေကြတာလား"

"စောစောကမှ ဝင်တိုက်မိကြတာ မကြီးရဲ့"

ထက်ရှားက သွက်သွက်လက်လက်နှင့် ဖြေလေသည်။

"မွေးက မကြီးဆိုင်မှာ ရှောပယ်နေကျ မောင်လေးရဲ့၊ နာမည်

အပြည့်အစုံက ညမွေးပန်းတဲ့"

"ဩော် . . . ဟုတ်လား။ ကျွန်တော် မှတ်ထားပါ့မယ် မမ"

သူ့အစ်မကို ခေါ်တာ မကြီးဆိုတော့ မမဆိုတာ ကိုယ့်ကို

ရည်ညွှန်းခေါ်တာမှန်းသိ၍ မွေးခေါင်းညိတ်ပြီး ပြုံးပြလိုက်သည်။

တကယ်မှတ်တာ မမှတ်တာက သူ့အကြောင်းလေ။ သူနဲ့ကိုယ်က

ထပ်ပတ်သက်စရာအကြောင်းမှ မရှိတာ။ ဒါကြောင့် –



www.burmeseclassic.com

www.burmeseclassic.com



အလိုက်အထိုက် ဆက်ဆံရသည်ပေါ့။

"မွေး"

"ရှင်"

"သူက မကြီးနဲ့ မောင် အငယ်ဆုံးလေးလေ။ နာမည်က ထက်ရှားသော်တဲ့။ မှတ်ထားနော်။ နောက်တစ်ခါတွေ့ဖြစ်ရင် ခေါ်ပေါ့"

"ဟုတ်ကဲ့ပါ မမ"

"တွေ့ရတာ ဝမ်းသာပါတယ် မမ။ မမက ရိုးရိုးယဉ်ယဉ်လေးနော်။ မျက်စိအေးလိုက်တာဗျာ"

သိတာဝင်း မောင်ဖြစ်သူကို မျက်စောင်းထိုးလိုက်သည်။

ကိုယ့်မောင်အကြောင်း ကိုယ်သိလို့လေ။ ဒီကောင်လေးက လူရမ်း ရမ်းရမ်းကားကားကြီးမဟုတ်ပေမယ့် ရည်းစားထည့်လဲတွဲတဲ့သူ။ ကိုယ်က မကြိုက်ပေမယ့် တားလို့မှမရတာ၊ ဘယ်လိုလုပ်မလဲ"

ကိုယ်ကလည်း ကိုယ့်အလုပ်နဲ့ကိုယ်။

သူ့နောက်တကောက်ကောက်လိုက်ပြီး မျက်လုံးဒေါက်ထောက်ကြည့်မနေနိုင်တော့ လွှတ်ထားရသည်သာပေါ့။ ညီအစ်ကိုမောင်နှမလေးယောက်ထဲမှာ သူက အငယ်ဆုံးဆိုတော့ ဘွဲ့ရ အလုပ်လက်မဲ့၊ လည်ရာပြန်စားရေးပေါ့လေ။

"မမက ဒီလိုပဲ နေတတ်တာပါ"





"သြော် ... ကောင်းပါတယ် မမရယ်။ အမြဲတမ်း အဲဒီလို လေးပဲနေနော်"

အံမယ် သူက ဆရာကြီးလုပ်နေပါလား။ မွေး ဘာမှမပြောတော့ဘဲ လက်ကောက်နှစ်ကွင်းကိုယူ၍ ငွေရှင်းပေးလိုက်သည်။

"မမ မွေးကို ခွင့်ပြုပါဦးနော်"

"အေး ... အေး ... ညီမလေး။ နောက်လည်း မမဆိုင်မှာ လာပေးရမယ်နော်"

"ဟုတ်ကဲ့ပါ မမ။ မွေး ရွှေဝယ်တိုင်း မမဆိုင်မှာပဲ ဝယ်တာပါ။ ခွင့်ပြုပါဦးနော်"

မွေး နှုတ်ဆက်ပြီးထွက်သွားတာကို ထက်ရှား လိုက်ငေးရင်း ကျန်နေမိသည်။ နာမည်က ညမွှေးပန်းတဲ့။ ညမှမွှေးခွင့်ရပေမယ့် အေးငြိမ်းပြီး လှတကာ နှစ်ထက်တဲ့ ပန်းကလေးပါ။ ရင်ထဲကို အေးစေသည်ပေါ့။ ထက်ရှား တွဲနေကျ ရှုပ်ရှုပ်ရှရှ အလှပိုင်ရှင်တွေနဲ့ ဆန့်ကျင်ဘက်မှာ –

နူးညံ့သိမ်မွေ့လိုက်တဲ့ မမရယ်။

ထက်မြက်တဲ့ မိန်းကလေးတွေကို သဘောကျတတ်တဲ့ ထက်ရှား။ အခုတစ်ခါ ဘာဖြစ်သွားပါလိမ့်။

"ဟဲ့ ... ထက်ရှား"

www.burmeseclassic.com



"ဗျ"

ထက်ရှား လန့်ထူးထူးလိုက်ပြီး –

"လန့်လိုက်တာ မကြီးရာ"

"လန့်မှာပေါ့။ ငေးကြောင်ထွေနေတာကို။ ငါ သတိပေးတာ မယ်နေ့၊ ထက်ရှား"

"ဘာလဲ မကြီးရဲ့"

"မွေးက နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့လေ။ သွားပြီး ဒုက္ခ တော့ မပေးနဲ့နော်။ သူ့ဘာသာသူ အေးအေးချမ်းချမ်းနေပါစေဟယ်"

"ဟာ ... မကြီးပြောပုံက ကျွန်တော်ကပဲ သူများတွေကို ဒုက္ခလိုက်ပေးနေတဲ့ ပြဿနာကောင်ကျနေတာပဲ"

"နင်က မိန်းကလေးတွေကို အပျော်တွဲတာလေ။ တစ်ပတ်က တကယ်ချစ်မိကြတော့ အသည်းကွဲ၊ သောကတွေရောက်"

"ဒီတစ်ခါတော့ တကယ်ထိတာ မကြီးရ"

"ဟင်"

သိတာဝင်း မျက်လုံးပြူးရလေပြီ။ မွေးတော့ ကံဆိုးပြီထင်ရဲ့။ သူ့ခမျာ အေးအေးချမ်းချမ်းနေတာ။ ဘုရားသိကြားမလို့ မွေးမှာ ချစ်ရမယ့်သူဖြစ်ဖြစ်၊ လက်ထပ်ဖို့ရည်ရွယ်ထားတဲ့သူပဲဖြစ်ဖြစ် ရှိပါစေလို့ပဲ ဆုတောင်းရတော့မှာပေါ့။





"တကယ်ပြောတာ မကြီးရဲ့၊ ဒီတစ်ခါ တကယ်ကြီးထိတာ"

"နင် အဲဒီလိုပြောတာ ရိုးနေပါပြီ ထက်ရှားရယ်။ တစ် ယောက်လာလည်း တကယ်ထိတာ၊ နောက်တစ်ယောက်လာလည်း တကယ်ထိတာနဲ့ ဘယ်တုန်းက အလကားထိဖူးလို့လဲ"

ဆက်ပြောနေရင်လည်း ယုံမှာမဟုတ်တော့ ထက်ရှား ဆက် မပြောတော့ပေ။ ကိုယ့်ရင်ထဲမှာ ဖြစ်တည်သွားတာ ကိုယ်ပဲအသိဆုံး ပေါ့။ အဲဒါနဲ့ သူ ဘယ်မှာနေတာပါလိမ့်။

"မကြီး"

"ဘာလဲ"

"ငွေလက်ငင်းဖြတ်ပိုင်းမှာ နေရပ်လိပ်စာတွေ ထည့်ရေး ထား"

"ရေးတယ်လေ၊ ဘာဖြစ်လို့လဲ"

"အဲဒါ ခဏလောက်"

ထက်ရှား အစ်မဖြစ်သူပေးမှာကို စောင့်မနေတော့ဘဲ ကိုယ့် ဘာသာယူ၍ မညာမွေးမန်းရဲ့ နေရပ်လိပ်စာကို ရှာမိလေတော့သည်။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

“မွေးရယ် . . . နောက်ကျရင် မောင့်အတွက် အဝတ်အစား တွေ ဝယ်မလာပါနဲ့။ ခဏခဏဆိုတော့ မကောင်းဘူးလေ”

“နှစ်ခါတည်းပဲ ရှိသေးတာပါ မောင်ရဲ့”

“ဘယ်နှစ်ခါပဲဖြစ်ဖြစ် နောက်ကို ဝယ်မပေးနဲ့တော့နော် မွေး စိတ်ကောက်မှာစိုးလို့သာယူရတာ မောင် စိတ်မလုံဘူး မွေး”

ချစ်သူတွေဆိုပြီး သူများတွေလို ချိန်းတွေ့တာမျိုးမရှိ။ အေး အေးဆေးဆေး စကားမပြောရ။ သွားရင်းလာရင်း မျက်နှာလေးမြင်ရ သာ။ ဒီနေ့တော့ မွေးက ဖြိုးမှုန်းကိုလှမ်းဆက်ပြီး ပြောနိုင်းတာလေ။ ညနေ အလုပ်ကပြန်လာရင် အိမ်ကိုဝင်ခဲ့ပါဦးတဲ့။





မိုးမြင့်မာန် –

ချစ်သူနဲ့ အေးအေးဆေးဆေးတွေ့ပြီး စကားတွေ အများကြီး ပြောချင်တာကြောင့် အလုပ်က အပြန်မှာမဝင်ခဲ့ပေ။ အခုက အိမ် ရောက်လို့ ရေချိုးထမင်းစားပြီးမှ လာခဲ့တာပါ။ သူလာတော့ ဖြိုးကို မတွေ့ပေ။ လက်ဖက်ရည်ဆိုင်သွားတယ်တဲ့။ ရှောင်ပေးတာ ထင်ပါရဲ့။

“အဲဒီလိုမပြောပါနဲ့ မောင်ရယ်။ မွေးကလေ မောင်နဲ့ ချစ်သူ တွေဖြစ်ပြီဆိုကတည်းက မောင်နဲ့ပတ်သက်သမျှအရာအားလုံး မွေးနဲ့ ဆိုင်တယ်လို့ ခံယူထားတာပါ”

“မောင့်အတွက် တွေးပေးလို့ မောင်ဝမ်းသာပါတယ် မွေး။ ဒါပေမဲ့ မောင့်အတွက်နဲ့ မွေးကို စိတ်မရှုပ်စေချင်ဘူး”

“မောင်ကလည်း”

“မောင့်ဘက်က မွေးကို ပေးစရာဆိုလို့ သစ္စာ၊ မေတ္တာပဲ ရှိတာလေ”

“မွေးလိုချင်တာလည်း မောင့်ဆီက စစ်မှန်တဲ့အချစ်နဲ့ သစ္စာ ရှိဖို့ပါ မောင်။ ကျန်တာ မွေးအတွက် ဘာမှ မလိုအပ်ပါဘူး”

“မွေးရယ်”

နှစ်ယောက်ထိုင် ဆိုဖာပေါ်မှာ အတူတူထိုင်နေတာမို့ မိုးမြင့် မာန် မွေးပခုံးလေးကို ဖက်လိုက်သည်။ မွေးကလည်း အလိုက်သင့်



www.burmeseclassic.com

www.burmeseclassic.com



သူရင်ခွင်ထဲမှာ မှီလို့ပေါ့။

"မွှေးတို့က မချမ်းသာပေမယ့် နေရေး စားရေးတော့ မ
တော့ဘူးလေ။ နေစရာ ကိုယ်ပိုင်အိမ်ရှိတယ်၊ ကိုယ်ပိုင်လုပ်ငန်းရှိတယ်
ဘာမှမလိုတော့ဘူး။ မောင့်ဆီကရဖို့ မွှေး ဘာမှ မမျှော်လင့်ပါ
မောင်ရယ်"

"အဲဒီအတွက်တော့ မွှေးစိတ်ချပါ။ မောင့်ရင်ထဲက အ
တွေအားလုံး မွှေးဆီမှာ ပုံအပ်ထားတယ်နော်"

ပြောပြီး မွှေးရဲ့မေးစေ့လေးကိုင်ပြီး မျက်နှာလေးကို မော
သည်။

"တကယ်လား"

"တကယ်ပေါ့"

ပြောပြီး ချစ်သူပါးပြင်လေးပေါ်သို့ ပထမဦးဆုံးအနမ်း
ခြွေချလိုက်သည်။ ဟိုးအရင်က ဘာမသိ ညာမသိနဲ့ သူငယ်ချင်း
မြှောက်ပေးလို့ ထားခဲ့ဖူးတဲ့ ရည်းစားတစ်ယောက်မှာ လက်ကလေး
ကိုင်၊ ပခုံးလေးဖက်ရှိခဲ့ပေမယ့် ပါးကိုတော့ မနမ်းခဲ့ဘူးပေ။

မေးစေ့လည်း မနမ်းဖူး။ နဖူးလည်း မနမ်းခဲ့ဖူးပေ။ အ
တကယ်မြတ်နိုးလို့ နမ်းလိုက်မိခြင်းအတွက် ချစ်သူပါးပြင်က သနပ်
နံ့လေးသည် တစ်သက်လုံး မွှေးပျံ့နေမှာပါ။





"မောင်"

"ဟင်"

"မောင် အရမ်းကံကောင်းတယ်လို့ ပြောရင် မွှေး ကိုယ့်ကိုယ်
ကိုယ် ကိုယ်ရည်သွေးရာများ ရောက်နေမလား မသိဘူး"

"ဘာဖြစ်လို့လဲ မွှေးရဲ့"

"မွှေးရဲ့ပါးပြင်ကို အခုလို သူစိမ်းယောကျ်ားတစ်ယောက်
ထပမဦးဆုံးနမ်းခွင့်ရတာ မောင်ပဲလေ"

"မောင်က သူစိမ်းလား မွှေးရဲ့"

"မဟုတ်ဘူးလေ၊ မွှေးပြောတာက ဖေဖေရယ်၊ မောင်လေး
ရယ်ကလွဲရင်"

"သိပါတယ်ဗျာ။ မောင်က/တမင်စတာပါ။ ဒါဆို မောင်
အရမ်းကံကောင်းတာပေါ့"

မိုးမြင့်မာန် အချစ်ရေးနဲ့ပတ်သက်ပြီး ကိုယ်ဟာ တကယ်
ကံကောင်းတဲ့ ယောကျ်ားလို့ သတ်မှတ်ပြီး ဝမ်းသာပီတိဖြစ်ရသည်
သာ။ မွှေးရဲ့အချစ်ဦး။ အချစ်ဆုံးဖြစ်ခွင့်ရတဲ့အပြင် မွှေးရဲ့ပါးပြင်လေးကို
ထပမဦး နမ်းခွင့်ရတဲ့သူ။

"မောင်လည်း အတူတူပဲ မွှေးရဲ့"

"ဟင် ... ဘာတူတာလဲ မောင်"



www.burmeseclassic.com

www.burmeseclassic.com



"အမေနဲ့ ညီမတွေကလွဲရင် ဘယ်မိန်းကလေးကိုမှ မနမ်းခဲ့ဖူးဘူးလေ"

"ဟုတ်လား"

"ဟုတ်တာပေါ့"

"မောင့်မှာ အရင်က ချစ်သူမရှိခဲ့ဖူးဘူးပေါ့"

"ရည်းစားတစ်ယောက်ထားခဲ့ဖူးပါတယ်။ ချစ်သူမှ မဟုတ်ပါလေ။ အမေက သဘောမကျလို့ ဖြတ်ပစ်လိုက်တာ လွယ်လွယ်လေးပဲ"

"သူ့ကို မောင် မနမ်းခဲ့ဖူးဘူးပေါ့နော်"

မိုးမြင့်မာန် ရယ်လိုက်ကာ –

"ပန်းလေးမက်၊ လက်ကလေးတော့ ကိုင်ဖူးတာပေါ့ မွေးရဲ့။ နမ်းတော့ မနမ်းဖူးဘူး။ ဘာလဲ မောင့်ချစ်သူက သဝန်တိုမလို့လား"

မွေး ပြုံးလိုက်မိသည်။ မွေးက အဲဒီလောက် သဘောထားသေးသိမ်တဲ့ မိန်းကလေးမှ မဟုတ်ပဲလေ။

"ပြီးခဲ့တာတွေက ပြီးခဲ့ပြီပဲ မောင်ရယ်။ မွေးက ဘာလို့ သဝန်တိုရမှာလဲ။ အခု မောင်နဲ့မွေး တစ်ယောက်ကိုတစ်ယောက်နားလည်ပြီး သစ္စာရှိနေကြရင် ပြီးတာပဲလေ"

"ဟင်"





မွေးက သဝန်မတိုဘဲ ကိုယ်က သဝန်တိုမိချင်သွားလေသည်။ သူကြားဖူးတာတော့ သဝန်တိုတာ ချစ်လို့တဲ့။ ဒါလည်းမဟုတ်သေးပါဘူး။ အခြေအနေနဲ့ အချိန်အခါက ရှိသေးတာပဲလေ။ ကိုယ်က မွေး သဝန်မတိုတတ်တာကိုပဲ သဝန်တိုမိသွားတာပါ။ တကယ်က သဝန်တိုစေချင်တာလေ။

"မွေး"

"ဟင်"

'မောင့်ကို ဘယ်လောက်ချစ်လဲ"

"မောင်ကရော"

"မောင် အရင်မေးတာလေ။ မွေး အရင်ဖြေပေါ့"

မွေး သူ့ခါးကို ပြန်ဖက်ထားလိုက်ပြီး –

"ပြောမပြတတ်အောင် ချစ်တယ်"

"မောင်က မွေးထက် နှစ်ဆပိုတယ်လေ"

"အဟမ်း အဟမ်း . . . သံပုဒ္ဓေ သံပုဒ္ဓေ အထ အထ အဲညည်းမရဘူး"

ဖြိုးအသံကို ကြားလိုက်ရတော့ နှစ်ယောက်သား လူချင်းခွာထွက်ကြသည်။ အချက်ပေးတဲ့ ဖြိုးအသံ ကျယ်ကျယ်ကြောင့် ရယ်ထိုက်မိ၏။ မွေးကလည်း ရှက်မျက်နှာလေး ဖြစ်တည်သွားကို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"မြိုး ပြန်လာပြီလား"

"ဟုတ်ပါ့ဗျာ၊ ထိုင်ရတာ တင်ပါးတွေပူလာလို့ ပြန်လာတာ။ ဟိုစကားဆိုက ဟုတ်တော့ ဟုတ်နေတာပဲ။ ကြိမ်တောမဟုတ်သေးဘူး ပူလာတာ"

"မင်းက ရေခဲတုံးမှ ဖင်ခုမထိုင်ပဲကွ"

"အခုတစ်ခါကျ ရေခဲသေတ္တာထဲ ဝင်နေပေးပါ့မယ်ဗျာ"

ပြောပြီး မြိုးက နောက်ဖေးဘက်သို့ ထွက်သွားလေတော့သည်။ မိုးမြင့်မာန် ချက်ချင်းထပြန်လို့တော့ မကောင်းသေးပါဘူး။ မြိုးနဲ့ စကားစမြည်တော့ ပြောဦးမှ။

❋



## အခန်း (၁၅)

မွေး စက်ချုပ်နေရင်းမှ ကိုယ့်အိမ်ရှေ့မှာ ကားတစ်စီးရပ်သွားတာမို့ ဘာရယ်မဟုတ် ကြည့်လိုက်မိသည်။ မွေးတို့နဲ့ မျက်နှာချင်းဆိုင် အိမ်ကိုလာတာ ထင်ပါရဲ့။ အဲဒီအိမ်က ကိုထွန်းမြင့်ဦးက ကားပွဲစားဆိုလို ဘာလိုလိုလေ။ ခဏပဲကြည့်ပြီး မွေး ကိုယ့်အလုပ်ပဲ ကိုယ်ပြန်လုပ်နေလိုက်သည်။

"မမမွေး"

"——————"

"မမမွေး"

ကိုယ့်နာမည်ကိုခေါ်သံကြားတာမို့ မွေး ခြေထောက်ရေား



www.burmeseclassic.com

www.burmeseclassic.com



လက်ရော ရပ်ပစ်လိုက်သည်။ လှမ်းကြည့်လိုက်တော့ လမ်းထိပ် ကွမ်းယာဆိုင်က မြမြဝင်းရဲ့သား ပြည့်စုံလေးပါ။

"ဘာလဲ ပြည့်စုံလာလေ"

ပြည့်စုံက နောက်ကလူကို လှည့်ခေါ်လေသည်။

"ဟင်"

မွေး အံ့သြသွားရ၏။ ဟိုကောင်လေးပါလား။

"မမွေး ... ဒီအစ်ကိုကြီးက မမွေးအိမ်ကို လာချင်တယ် ဆိုလို့ သားလိုက်ပို့တာပါ"

"သြော် ... လာလေ ထိုင်ပါ"

ထက်ရှား မွေးကိုပြုံးပြပြီးနောက် ကလေးကို ပိုက်ဆံ နှစ်ထောင် ထုတ်ပေးလိုက်လေသည်။

"ရော့ ညီလေး ... မင်းအတွက် မုန့်ဖိုး။ ကျေးဇူးပဲနော်"

"ဟုတ်ကဲ့ ကိုကြီး သား ပြန်လို့ရပြီလား"

"အေး ... ပြန်လေကွာ"

"ဟုတ်"

ကလေးက ခေါင်းညိတ်ပြီး ပြန်ထွက်သွားလေသည်။ မွေးကတော့ စွံ့အနေသူလို ဘာပြောလို့ ပြောရမှန်း မသိတော့ပါဘူး။ ဒီကောင်လေး ဘာလာလုပ်ပါလိမ့်ပေါ့။ သူနဲ့ကိုယ်ကြားမှာ အိမ်လာစရာ





အကြောင်းမရှိ။ ရင်းလည်း မရင်းနှီးပေ။ သူ့အစ်မနဲ့သာ ရင်းနှီးတာပါ။

သူက

မွေးကို ခပ်ရှုံ့ရှုံ့စိုက်စိုက်ကြည့်ပြီး —

"မ ကျွန်တော့်ကို မှတ်မိရဲ့လားမသိဘူး။ ကျွန်တော်က ချိုးသီတာဝင်းရဲ့မောင် ထက်ရှားသော်လေ။ ဟိုနေ့က မနဲ့ဆုံဖူးတာ"

"မှတ်မိပါတယ်ကွယ်။ ဟိုနေ့ကမှ ဆုံဖူးတာဆိုတော့ ချက်ချင်းကြီး ဘယ့်မေ့ဖို့မလဲ"

"ဟား"

ထက်ရှား ခေါင်းကိုမော့၍ ရယ်လိုက်သည်။ ကိုယ့်ကိုမှတ်မိနေမယ်ဆိုတာ သိသားပဲ။ ဒါပေမဲ့ စကားချူရတာလေ။

"ဒါနဲ့ မင်း အစ်မအိမ်ကိုလာတာ ဘာကိစ္စများရှိလို့လဲ မသိဘူး"

"အင်္ကျီချုပ်မလို့ပေါ့ မရဲ့"

"မင်းက"

"ဟုတ်တယ်လေ၊ ဘာလဲ ချုပ်မပေးဘူးလား။ ရယ်ဒီမိတ်တွေဝတ်ရတာ ရိုးသွားလို့ ချုပ်ဝတ်ပြောင်းဝတ်မလို့ မရဲ့"

မွေး တွေခနဲဖြစ်သွားလေသည်။ ခေါ်တာက မတဲ့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ဗိုက မသေ။ ရွှေဆိုင်ပိုင်ရှင်ရဲ့မောင်က တန်ဖိုးကြီးရယ်ဒီမိတ်တွေ မဝတ်ချင်တော့ဘဲ ချုပ်ဘာဝတ်ချင်လို့တဲ့။ အပြောင်းအလဲကို လက်ခံ တယ်။ ဒါပေမဲ့ . . . ရှပ်ကလည်း တကူးတက လာချုပ်ဝတ်စရာ မလိုဘဲလေ။

ခုခေတ်ထဲမှာ . . .

ဘယ်ယောက်ျားလေးကများ အင်္ကျီကို စက်မှာအပ်ပြီး ချုပ် ဝတ်တဲ့သူရှိလို့လဲ။ မရှိသလောက် ရှားသွားပြီပဲလေ။

"အစ်မက စက်ချုပ်တဲ့သူပဲလေ။ လာအပ်ရင်တော့ လူ ဘာသာမရွေး ချုပ်ပေးတာပါပဲ"

"ဒါဆို ပြီးနေတာပဲ မရဲ့"

ထက်ရှား သူယူလာတဲ့အထုပ်ကို လှမ်းယူလိုက်ပြီး –

"ရော့ မ . . . အဲဒီအထဲမှာ အဝတ်စ ဘယ်နှစ်စပါမှန်း တောင် မသိဘူး။ မ,ပဲ ထုတ်ကြည့်လိုက်ပါ"

ကိုယ်က အလုပ်သဘောအရ အလိုက်အထိုက်ဆက်ဆံရ မည်သာ။

ဒါကြောင့် မွေး အဝတ်တွေကို ထုတ်ရေကြည့်လိုက်တော့ အားလုံးခြောက်စပါ။

"အားလုံး ခြောက်စ မောင်လေး"





"Ok 'မ' စိတ်တိုင်းကျချုပ်။ မြန်မြန်လေးတော့ ချုပ်ပေး နော် 'မ'။ ဒါတွေချုပ်ပြီးရင် ထပ်လာအပ်ဦးမယ်"

"ဟုတ်ပါပြီ။ ဒါဆို ကိုယ်တိုင်းယူမယ်"

"ဟုတ်"

မွေး ပေကြိုးကိုယူပြီး သူ့ကိုတိုင်းလိုက်သည်။ သူ့က မွေး မျက်နှာကိုပဲ ခဏခဏငုံ့ကြည့်နေတာသိပေမယ့် ကိုယ်က ကိုယ့်အလုပ် ကို ကိုယ်လုပ်နေတာပါ။

"မ"

"––––––"

"မ,က အရမ်းအေးချမ်းတာပဲနော်"

"အေးချမ်းခြင်း မအေးချမ်းခြင်းက ကိုယ်ကိုယ်တိုင် ဖန်တီး ကြတာပဲလေ။ မင်းလည်း အေးချမ်းချင်ရင် အေးချမ်းအောင်နေပေါ့။ မင်းတို့လို ပြည့်စုံတဲ့လူတွေအတွက် အေးချမ်းခြင်းကို ဖန်တီးရတာ ခက်မယ်မထင်ပါဘူး။ ကိုယ့်စိတ်အပေါ်မှာပဲ မူတည်တာပါ"

မွေး ရှည်ရှည်ဝေးဝေးပြောနေရတာ လူမှုရေးကြောင့်ပါ။ ပြီးတော့ ကောင်လေးပုံကြည့်ရတာ သိပ် အချိုးမပြေလို့လေ။ ဒါကြောင့် သွယ်ဝိုက်နည်းနဲ့ ဆုံးမတာယ်ပဲ ပြောပါတော့။

ထက်ရှားလည်း –



www.burmeseclassic.com

www.burmeseclassic.com



မွေးစကားကြောင့် တွေခနဲဖြစ်သွားလေသည်။ 'မ' ပြောတ မှန်တာပေါ့။

အေးချမ်းခြင်း၊ ပျော်ရွှင်ခြင်းကို ကိုယ်ကိုယ်တိုင်ပဲ ဖန်တီး ကြတာ မဟုတ်လား။ ဘ၀အကျိုးပေးမကောင်းလို့ နှိပ်စက်တာနဲ့ ညှာ ပြေးလွှားရှာဖွေစားသောက်နေရတဲ့လူတွေက တစ်မျိုးပေါ့။

"မ ပြောပြမှပဲ ကျွန်တော် နောင်တတောင်ရချင်လာတယ် ဗျာ"

"ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ပျော်အောင်လုပ်နေ သလားလို့ပါ"

"သြော်"

တကယ်တော့ ထက်ရှားဘ၀က အရာရာပြည့်စုံတယ်လို့ ပြောရမှာပေါ့။ အဖေရော အမေရော ရှိတယ်။ အဖေက ဆရာဝန် အမေက ဆရာဝန်။ အစ်မကြီးက ပညာရေးမှာ အားနည်းချက်ရှိ မယ့် ရွှေဆိုင်ပိုင်ရှင်လေ။ အစ်ကိုကတော့ ဂျပန်မှာပဲ အိမ်ထောင်ကျ ပြီး အခြေချနေသူ။

မလေးကလည်း ဆရာဝန်။

ကိုယ့်ကျမှ ယောင်ခြောက်ဆယ်ဖြစ်နေတာ။ စီးပွားရေး





ချောင်းပြီးထားပြီး ဘာမှမဟုတ်။ ရည်းစားထည်လဲတွဲပြီး ပျော်ရ ယ်လို့ ထင်နေတာ။ တကယ်တော့ ပျော်ခဲ့တာလည်း ရှိသည် ။ ရည်းစားတစ်ယောက်ကို ဖြတ်တိုင်း ပက်ပက်စက်စက် အပြော ရ တစ်ခါတလေ ပါးရိုက်တောင်ခံရတယ်။

ဒါ ပျော်ခြင်းတွေပဲ မဟုတ်လား။

"အခုလို ပြောပြပေးတာ ကျေးဇူးတင်တယ်နော် 'မ'။ ဒါနဲ့ 'မ' အသက်ဘယ်လောက်ရှိပြီလဲ"

"အစ်မအသက် သုံးဆယ်ပါ"

ကဲ ... စိတ်ပျက်ပေရော့ပေါ့။

"မထင်ရဘူးနော်၊ ကျွန်တော်က နှစ်ဆယ့်ငါး၊ နှစ်ဆယ့် ခြောက်လောက်ပဲထင်တာ။ 'မ' က နုတာကိုး"

"ငါ့မောင်ကို မှန့်ဝယ်ကျွေးမှဖြစ်တော့မယ် ထင်တယ်"

"တကယ်ပြောတာ 'မ' ရဲ့။ 'မ' ကနုတယ်။ ကျွန်တော့်ထက် ခြောက်နှစ်ကြီးတာပါ။ ကျွန်တော်က နှစ်ဆယ့်လေးနှစ်ပါ"

"သြော်"

ကိုယ်တိုင်ပြီးသွားပြီမို့ မွေး သူ့အစ်တာတွေကို မိရိုးထဲသို့ ည်ပြီး နောက်ထပ်ချုပ်ရမယ့် အဝတ်တွေကို ထုတ်ယူလိုက်သည်။

ထိုစဉ် –



www.burmeseclassic.com

www.burmeseclassic.com



ဓိရိုပေါ်က ဖုန်းလေးမြည်လာပြီး မွေးကြည့်လိုက်တော့ မြ
ဖုန်းပါ။

"ဟယ်လို ပြောဖြိုး"

"ဖြိုး မဟုတ်ပါဘူး။ မောင်ပါ မောင့်ချစ်သူရဲ့။ ဖြိုးလှ
ယူဆက်တာ။ မောင့်မှာ ဖုန်းမရှိတော့လေ"

"ဩော် ... အင်း မောင် ဘာပြောမလို့လဲ ပြောလေ"

"ဘာမှမပြောပါဘူး"

"ဟင် ... ဒါနဲ့"

တစ်ဖက်က ရယ်သံကိုကြားရပြီး –

"သတိရလို့ ဆက်တာလေ မွေးရဲ့။ ဘာလဲ မဆက်ရဘူး
လား။ ကိုယ့်ချစ်သူအသံလေး ကြားချင်လို့ပါ"

"မောင်ကတော့ ဖိုဖြိုး"

မောင်ဆိုတဲ့အခေါ်ကြောင့် ထက်ရှား မျက်မှောင်ကြုတ်သွား
လေသည်။ ဒါဆို 'မ' မှာ ချစ်သူရှိတယ်ပေါ့။

"မမရေ ကျွန်တော်ကတော့ ဆံထုံးထုံးရ ဆီစိုက်ရ ဖြစ်နေပြီ
နော်။ ညနေကျရင် ဘောပြန်ဝယ်ထည့်ပေး ဒါပဲ"

ဖြိုးအသံကို ကြားလိုက်ရသဖြင့် မွေး ရယ်လိုက်မိသည်။

"ငါ ပြန်ဝယ်ထည့်ပေးမှာပါကွ"





"မောင်"

"ရှာ"

"မောင် ဘာပြောဦးမလဲ။ ပြောစရာရှိရင်ပြောလေ။ ဒီမှာ
ညှော်သည်ရောက်နေလို့ မောင်ရဲ့"

"ဟုတ်လား ... မောင်မသိလို့ပါ မွေးရယ်။ ဒါဆို မောင်
ချလိုက်တော့မယ်နော်"

မောင် ဖုန်းချသွားလို့ မွေး ဒီဘက်ကို ပြန်လှည့်လိုက်
တော့..

"မ"

"ဟင်"

"ဖုန်းဆက်တာ 'မ' ရဲ့ချစ်သူလား"

"ဟုတ်တယ် မောင်လေး။ အစ်မရဲ့ချစ်သူပါ"

တော်တော်စပ်စုတဲ့ကောင်လေးလို့ မွေး စိတ်ထဲမှာ ထက်ရှား
ချင်သွားပြီး ရွှဲဖြေလိုက်တယ်။ ထက်ရှား စိတ်ထဲမှာကျတော့
မ ရဲ့ မောင်ဆိုတဲ့လူကို မနာလိုလိုက်တာ။ ဟာ ဘာဖြစ်လဲ။ ချစ်သူ
ဟာ ကာမပိုင်လင်ယောကျာ်းရှိတာမှမဟုတ်တာ။

"မ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပြန်တော့မယ်"

"ကောင်းပါပြီကွယ်"

"ကျွန်တော် ထပ်လာခဲ့ဦးမှာ"

"ဟင်"

ပြောပြီး ထွက်သွားလေတော့ နောက်ထပ်မလာပါနဲ့လို့ မှာမထားလိုက်နိုင်ပေ။

❋



## အခန်း (၁၆)

မိုးမြင့်မာန်။ ကိုယ်က ထမင်းအရင်ဝတာမို့ ထမင်းစားပြီး ရေသောက်။ ပြီးတော့ ဗီရိုပေါ်မှာ ဆောင်းဖုန်းက တင်ထားနေကျမို့ ရှယ်ဟု သွားလိုက်သည်။ ဆောင်းက ဖုန်းကို နှောက်သာယူသွားပြီး ညာသက်ကျ မိုးမြင့်မာန် ကိုင်သည်လေ။ ကိုင်တာက –

အင်တာနက်ဖွင့်ပြီး –

အပျင်းပြေ Facebook လေးဖွင့်၊ ဟိုကြည့်ဒီကြည့်ပါပဲ။ တက်လာတဲ့ posts တွေကို ကြိုက်တာ သဘောကျတာလေးတွေ တော့ like ပေး ဒါပါပဲ။ ဗီရိုပေါ်မှာ ဆောင်းဖုန်းက မရှိပေ။ ဘယ်မှာ ထားပါလိမ့်။ တွေ့တာက နှင်း ဖုန်းပါ။



www.burmeseclassic.com

www.burmeseclassic.com



တွေ့တဲ့ဟာပဲ အလွယ်တကူယူပြီး အင်တာနက်ကို ဖွင့်လိုက်တာနှင့် –

"တုံ တုံ"

"ဟင်"

"တုံ"

Viber ကနေ စာဝင်လာတာမို့ မိုးမြင့်မာန် ဖွင့်ကြည့်လိုက်သည်။ စာကတော့ –

"ချစ် အရမ်းချစ်တယ်နော်"

"ကို့ အချစ်ဆုံးလေး"

"အာဘွားနော်၊ အာဘွား"

အပေါ်မှာ ဘာတွေရေးထားသေးလဲဟု မိုးမြင့်မာန် ခေါက်ချိုး ပွတ်ကြည့်လိုက်စဉ် –

ကိုတွေ၊ ချစ်တွေနဲ့ တီတီတာတာ ပလီပလာတွေ ပြောထားတာ အများကြီးပါပဲ။ အစ်ကိုတစ်ယောက်အနေနဲ့ ဖတ်ကြည့်ဖို့တောင် ရှက်လိုက်တာ။

"နှင်း"

"———"

"နှင်း"





"ရှင် ကိုကြီး"

ဒေါ်သကြောင်း အသံက ခပ်မာမာပါ။

"နှင် စားလို့မဝသေးဘူးလား"

"ဝပြီ ကိုကြီး"

"ဝရင် ဒီကိုလာဦး"

"ဟုတ်"

မိုးမြင့်မာန် ဖုန်းကိုကိုင်လျက်နှင့် သစ်သားကုလားထိုင်ပေါ်မှာ ထိုင်ပြီး စောင့်နေလိုက်သည်။ အရွယ်ရောက်လို့ ချစ်သူရည်းစားထား တာ သဘာဝပေမယ့် လူဆိုးမှန်းမသိ လူကောင်းမှန်းမသိမို့ အစ်ကို တစ်ယောက်အနေနဲ့ သွန်သင်ဆုံးမရမှာလည်း သဘာဝပါ။

"ကိုကြီး ဘာပြောမလို့လဲ"

နှင်း ရောက်လာပြီးမေးတာကြောင့် –

"ဒီဖုန်းထဲကစာတွေက ဘာတွေလဲ၊ Viber က စာနဲ့ပို့ထား တာတွေ"

"———"

နှင်း ဘာတစ်ခွန်းမျှမပြောဘဲ ခေါင်းငုံ့သွားလေသည်။ ဖုန်း တို ကမ်းပေးပေမယ့် မယူရဲပါဘူး။ သူမ ခါတိုင်းဆို ဖုန်းကို အခုလို အလွယ်တကူ မထားပါဘူး။ ဒီနေ့မှ ကြမ္မာဖန်တာ။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာကတည်းက ဗိုက်ထဲရစ်လာလို့ အိမ်ရောက်တာနဲ့ ဖုန်းကို အလွယ်တကူ မီရိုပေါ် တင်ခဲ့ပြီး အိမ်သာကို တန်းသွားတာပါ။

ပြီးတော့ –

ခဏထိုင်နေမိသေးတာ ဖုန်းကို သတိမရ။ နောက်တော့ ရေချိုး၊ ဟိုလုပ် ဒီလုပ်နဲ့ပဲ မေ့သွားခဲ့တာပါ။

"ငါမေးနေတာ ဖြေလေ"

"———"

"နင်တို့ကို ငါက သူများနဲ့တန်းတူ ကိုင်ပါစေတော့လို့ ဖုန်း ကိုင်ခွင့်ပေးထားတာ။ ရည်းစားနဲ့ကြူနေဖို့ မဟုတ်ဘူး ... နားလည် လား"

"ကိုကြီးကလည်း၊ နင်းက အရွယ်ရောက်နေပြီပဲဟာ။ အရွယ်ရောက်တဲ့မိန်းကလေး ယောက်ျားလေးချစ်သူရှိတာ ဘာဆန်း လဲ"

"ဘာ"

"ဟဲ့ ... အကြီးမ ကိုယ့်အစ်ကိုကို ဘာလို့ပြန်ပြီး နှုတ်သံ ထိုးနေတာလဲ"

အမေက လှမ်းပြောလေသည်။





"အေး ... ရည်းစားရှိတာ မဆန်းပါဘူး။ မှားမှာစိုးလို့ ငါက နိုင်စိတ်နဲ့ပြောတာ။ အဲဒါ ငါမှားတာ"

"———"

"အငယ်မ"

"ရှင်"

"နင့်ဆီကဖုန်း ငါ့ကိုပြန်ပေး။ နင် ဒီနေ့ကစပြီး ဖုန်းမကိုင်နဲ့ တော့"

"ကိုကြီးကလည်း ခေါင်းနဲ့ ဘာဆိုင်လို့လဲ"

"ပြန်ပြောပြန်ပြီလား တစ်ယောက်။ အကြီးလုပ်တဲ့သူက ဆိုရင်ပေးလိုက်။ နင်တို့ ဘာမှ ဆင်ခြေပေးစရာမလို"

ဒါက အမေ့အသံ။ အဖေကလည်း လေသံပျော့နှင့်။

"အဖေ့တာဝန်တွေ ငါ့သားကြီးအပေါ်ပိနေပြီ။ အဖေ့ ကိုယ်စား မင်းပဲ ဆုံးမပေတော့ သားကြီးရေ"

မိုးမြင့်မာန် အဖေ့ကိုကြည့်ပြီး ညီမတွေကို ဘာမှထပ်မပြော တော့ပေ။ အဖေ စိတ်ဆင်းရဲမှာစိုးလို့ပါ။ သူ့ခမျာ အားမသန်လို့ န်လျှော့နေရတာလေ။ ကျန်းမာရေးကောင်းနေတဲ့အချိန်က သား သမီးတွေရဲ့ စားဝတ်နေရေးအတွက် နေပူမရှောင် မိုးရွာမရှောင် အလုပ် လုပ်ခဲ့ရတာ။



www.burmeseclassic.com

www.burmeseclassic.com



အခု ...

ကိုယ်ပင်ပန်းတာထက် အများကြီး ပိုပင်ပန်းခဲ့ရတာပေ

"စိတ်ချပါ အမေ။ ကျွန်တော်က အစ်ကိုကြီး အဖအရာ လေ။ အမေ ဘာမှ တွေးပြီး စိတ်ညစ်မနေပါနဲ့"

"အေးပါကွာ"

အမေ့ကို ငဲ့ပြီး မိုးမြင့်မာန် ဘာမှ ထပ်မပြောတော့ပေမယ့် အခုမှာတော့ အိမ်ရာဝင်ကာနီးအထိ သမီးဖြစ်သူတွေကို တရှ တောက်တောက်နှင့် ပြောဆိုဆုံးမနေသည်သာ။

နောက်နေ့မှာတော့ –

နှင်း အလုပ်သွားရင်းကနေ အိမ်ကိုပြန်မလာတော့ပေ။ ဒီ အရွယ်တွေ အရွယ်ရောက်ရင် ဒီလိုဖြစ်မယ်ဆိုတာ တွေးမိပေမယ့် ကိုယ်တွေ့ ကလည်း မဆုံးမပဲ လက်ပိုက်ကြည့်နေလို့ မရပေ။ အခု နှင်း ယောက်ျားနောက်လိုက်သွားတော့ အမေငိုပြီပေါ့။ မိဘဆိုတာ သား သမီးတွေ ကိုယ့်ရင်ခွင်ထဲကနေ ထွက်ခွာသွားရင် ဝမ်းနည်းကြတာ မွေတာပါ။

"ငိုမနေစမ်းပါနဲ့ အစန်းရယ်။ ဒါမျိုးကို မင်း အခုမှ ကြုံ တာလည်း မဟုတ်ဘူး။ အချိန်တန် အတောင်အလက်စုံရင် ဒီအသိုက် အမြုံကနေ ပျံသန်းထွက်ခွာကြမှာပဲ။ သဘာဝပဲလေကွာ"





"ဒါတော့ ဒါပေါ့ ကိုမြင့်အောင်ရယ်။ ဒါပေမဲ့ ကျွန်မ သမီးကို ကျွန်မ နမြောတာပေါ့။ ကိုယ့်ရုပ်ကိုယ့်ရည်နဲ့ ရှာယူတတ်ပါတယ်။ တောင်လေးက အရက်သမားတဲ့။ တစ်လ ရက်ပေါင်းသုံးဆယ်ကို ရက်နှစ်ဆယ်လောက်က မူးနေတာတဲ့လေ"

မိုးမြင့်မာန် သက်ပြင်းချလိုက်မိသည်။

"ဒါကတော့ သူ့လမ်းသူ ရွေးချယ်သွားတာပဲ အမေရယ်။ သူ့ထိုက်နဲ့ သူ့ကံပဲပေါ့။ ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ"

အငယ်မကတော့ ငြိမ်ပြီးကုပ်နေသည်။ သူနဲ့မဆိုင်ပေမယ့် ရှေ့လူကို နမူနာထားပြီး သူလည်း အဆူခံရတာပေါ့။

"ကဲ ... အလတ်ကောင်နဲ့ အငယ်ကောင်"

"ဗျာ"

"ဗျာ ... ကိုကြီး"

"လူကြီးတွေစကားပြောတာကို မှော့ငေးမနေနဲ့။ စာကျက် စရာရှိတာ သွားကျက်"

"ဟုတ်ကဲ့"

အလတ်ကောင်က အငယ်ကောင်ကိုခေါ်ပြီး ထသွားကြလေ တော့သည်။

"သားကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . အမေ"

"အဲဒီကိစ္စ ဖော်သက်ဦးတို့လင်မယားရော၊ မိုးပွင့်မြူတို့လင်မယားရော သိအောင် ဖုန်းဆက်ပြောလိုက်ဦး"

"ဟုတ်ကဲ့ အမေ"

မိုးမြင့်မာန် ပထမ ဖော်သက်ဦးကို အရင်ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြလိုက်တော့ –

"ဟာ . . . သူ့ဘာသာသူကြိုက်လို့ လိုက်သွားတာ၊ ငါက ဘာလုပ်ပေးရမှာလဲ ကိုမိုး၊ မင်္ဂလာဆောင်ပေးနိုင်ရင် ဆောင်ပေးလိုက်၊ မဆောင်ပေးနိုင်ရင် မဆောင်ပေးနဲ့၊ ဒါပဲရှိတာကို"

"ဟုတ်ပါတယ်၊ မင်းလည်း အစ်ကိုတစ်ယောက်မို့လို့ ငါက ပြောပြတာပါ"

"ဘာလဲ . . . ငါ့မှာလည်း တာဝန်ရှိတယ်လို့ ပြောချင်တာလား၊ ငါလည်း ငွေရေး ကြေးရေး သိပ်အဆင်မပြေဘူးကွ၊ သူများဆီ ချေးပေးဖို့ကလည်း မလွယ်ဘူးကွ၊ ငါ ချေးပေးရင် အမြဲတမ်း ငါပဲ အတောင်းခံရမှာ၊ အဲဒါဆိုရင် အိမ်ကမိန်းမနဲ့ ပြဿနာတက်မှာ"

မိုးမြင့်မာန်စိတ်ထဲမှာ တင်းခနဲဖြစ်သွားလေသည်။ ကိုယ်က အမေပြောပြခိုင်းလို့ ပြောပြရုံပဲလေ၊ ဒါကို ဘယ်လိုသတ်မှတ်လိုက်တာလဲ၊ ညီအစ်ကိုမောင်နှမဆိုတာ ဒီလိုမျိုးလား။ မိဘကိုလည်း





မြှော်ကြည့်၊ ကိုယ့်ဘက်ပဲ ကိုယ်ကြည့်တတ်တာ။

"ဒီမှာ ဖော်သက်ဦး"

"အေး . . . ပြော"

"ငါက မင်းကို သိအောင်ပြောပြရုံပါ၊ မင်းကို တာဝန်လည်း မပေးဘူး၊ ငွေလည်း မချေးခိုင်းဘူး၊ စိတ်ချ၊ နောင် တို့မိသားစုရဲ့ ဘာရေး နာရေး သေရေးရှင်ရေး မင်း ဘယ်တော့မှ မသိစေရဘူး"

ပြောပြီး မိုးမြင့်မာန် ဖုန်းချပစ်လိုက်သည်။ အမေနဲ့အဖေလည်း ကြားရအောင် သူ့ စကား ဖွင့်ပြောမိတာ မှားသွားပြီပေါ့။ အဖေရော အမေရော မျက်ရည်ဝဲနေကြသည်လေ။

"သားကြီး"

"ဗျာ အဖေ"

"အဖေသေရင် အဲဒီကောင်ကို လုံးဝအကြောင်းမကြားနဲ့"

"အို . . . ကိုမြင့်အောင်ကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ သူလည်း သူ့အခက်အခဲနဲ့သူပဲပေါ့၊ ကိုယ်တွေက မိဘလေ"

"ဟုတ်ပါတယ် အဖေရယ်၊ ကျွန်တော်တစ်ယောက်လုံး ရှိနေတာပဲဟာ၊ အဖေ ဘာမှတွေးမနေနဲ့"

"အဟွတ် အဟွတ် အွတ်ဟွတ်"

"ကိုမြင့်အောင်"



www.burmeseclassic.com

www.burmeseclassic.com



“အမေ”

ဦးမြင့်အောင် ရှောင်းဆိုးပြီး အမောဖောက်လာလေတော့သည်။ ရောဂါက အဆုတ်ကင်ဆာ။ တစ်နေ့သွားရတော့မယ်ဆိုတာ သူကိုယ်သူသိသလို မိသားစုလည်း သိပြီးသားပါ။ မသေခင်လေးတော့ အတတ်နိုင်ဆုံး ပြုစုယုယနေကြသည်သာ။

❋



## အခန်း (၁၃)

“ဘာ သူ့အမေ ဆေးရုံတင်လိုက်ရတယ် ဟုတ်လား ဖြိုး”

“ဟုတ်တယ် မမ၊ ဆေးရုံသာတင်ထား မျှော်လင့်ချက်မရှိပါ ရှာ”

“ဟင်”

မွေး ချက်ချင်းပဲ အားအင်တွေ ဆုတ်ယုတ်သွားသလို ခံစားလိုက်ရသည်။ မောင့်ကို စိတ်ပူသွားတာလေ။ သူ့ခမျာ လုပ်ပင်ပန်း ကိုင်ပင်ပန်းပါပဲ။ ငွေရေးကြေးရေး အခက်အခဲ ရှိနေမလား။ အထဲကနေ မောင့်ကို ဆွဲထုတ်ချင်ပေမယ့် မွေးက မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



မောင်က စမပြောဘဲနဲ့ –

မွေးကစပြီး လက်ထပ်ဖို့ပြောလို့ ဖြစ်မတဲ့လား။ မောင့်အတ
သာယာအေးချမ်းစေချင်ပါတယ် မောင်။

"ဖြိုး"

"ဗျာ"

"သူတို့ငွေရေးကြေးရေး အဆင်ပြေပုံမလား၊ မသိဘူးနော်"

ဖြိုး မမစိတ်ကို နားလည်ပါသည်။ သူချစ်သူဆိုတော့ ကူညီ
ချင်မှာပေါ့။ မမက အစ်ကိုကို သိပ်ချစ်သလို အစ်ကိုကလည်း မမ
တကယ်ချစ်တယ်လို့ ယုံကြည်ပါသည်။ ဒီတော့ ကူညီသင့်တာပေ
ဖြိုးကိုယ်တိုင်ရောလည်း အစ်ကိုကို သနားနေတာဆိုတော့ –

"မမကူညီချင်တယ်ဆိုရင် ကူညီလိုက်ပါ။ ကျွန်တော်
မတားပါဘူး မမ"

"ကူတော့ကူညီချင်ပါတယ် . . . ဒါပေမဲ့"

"ဒါပေမဲ့တွေနဲ့ အချိန်ယူပြီး စဉ်းစားမနေနဲ့တော့ မမ။ မ
ညီလိုက်ရရင် မမစိတ်မကောင်းဖြစ်နေမှာ မဟုတ်လား။ ကျွန်တော်
မသိအောင် ခိုးကြောင်ခိုးဝှက် ကူညီတာ မဟုတ်ဘူးပေါ့။ မမ လိ
မလုံစရာအကြောင်း မရှိပါဘူး"

မွေးရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်း မသိပါဘူး။ မော





တွက် စိတ်ပူတာကတစ်ဖက်၊ ကိုယ့်မောင်လေးက နားလည်စွာနှင့်
ယ့်ကိုခွင့်ပြုတာကြောင့် ဝမ်းသာတာက တစ်ဖက်ပါ။

"ကျေးဇူးတင်ပါတယ် မောင်လေးရယ်။ မမကို နားလည်
တဲ့အတွက် မမ ဝမ်းသာလိုက်တာ"

မွေး စကားပြောတာ အသံတွေတုန်လာပြီး မျက်ရည်တွေ
ည်း ကျလာလေတော့သည်။

"ကျွန်တော်တို့မှာ ပြေးကြည့်မှ မောင်နှမ နှစ်ယောက်ပဲရှိ
လေ မမရဲ့။ မမ စိတ်ချမ်းသာမှ ကျွန်တော်လည်း စိတ်ချမ်းသာ
။ ပြီးတော့ အစ်ကိုက မမအတွက် လက်တွဲဖော်ကောင်းတစ်
ာက်ဖြစ်မယ်လို့ ကျွန်တော်ယုံကြည်တယ်"

"အေးပါ မောင်လေးရယ် . . . ဒါဆို မမသွားလိုက်ဦးမယ်
နော်"

မွေး အဝတ်အစားလဲပြီး ပိုက်ဆံအိတ်ထဲသို့ ပိုက်ဆံတစ်သိန်း
ျော်ထည့်ယူလာခဲ့သည်။ မောင်နှမနှစ်ယောက်စလုံး ကျန်းမာရေး
ာင်းနေကြတော့ သူတို့အတွက် ငွေရှာရတာ မခက်ပေ။ ဖြိုးရဲ့
ငွေက တစ်နေ့ကို တစ်သောင်း၊ တစ်သောင်းကျော်ပါ။

မွေးကတော့ ပုံမှန်မရှိပါဘူး။

ကိုယ့်ကြိုးစားမှုအပေါ်မှာ မူတည်သည်။ အဝတ်ထုပ်စုံကို



www.burmeseclassic.com

www.burmeseclassic.com



အမြန်ချုပ်နိုင်ရင် အမြန်စျေး၊ အေးအေးဆေးဆေး ချုပ်နိုင်တာ... တစ်စျေးပေါ့။ ပြီးတော့ ချုပ်ရမယ့် အဝတ်ရဲ့အချိန်ကုန်ခံမှု၊ ဒီဇိုင်... ဆန်းပြီး လက်ဝင်တာ မဝင်တာ ကြည့်တောင်းတာဆိုတော့ တစ်... ဝင်ငွေ နှစ်သောင်းနီးပါးမှာရှိသည်သာ။ သူမက ချုပ်ပြီး –

စီးကွမ်းထိုးတာ ဘာညာကျ ငှားနိုင်တာလေ။ မွေး ပထ... မောင့်အိမ်ကို အရင်သွားလိုက်သည်။ အိမ်မှာ ဘယ်သူမှ မရှိရင်တော့ ဆေးရုံလိုက်သွားမည်ပေါ့။

"အိမ်ရှင်တို့ အိမ်ရှင်တို့"

"————"

"ဘယ်သူမှမရှိကြဘူးလား"

မွေး အသံကိုကြားတော့ ကောင်းမြင့်မာန်နဲ့ သူရမာန်တ... ထွက်လာကာ –

"အမေ မရှိဘူး မမ။ အဖေ့ကိုဆေးရုံသွားပို့ရတယ်။ မမလေး... လည်း ပါသွားတယ်"

"ဒါဆို အိမ်မှာ မောင်လေးတို့နှစ်ယောက်ပဲရှိတာလား"

"ကိုကြီးရှိတယ် မမ"

အငယ်ကောင်လေးက သွက်သွက်လက်လက်နှင့် ဖြေသေ... သည်။ မွေး အိမ်ထဲကို မျှော်ကြည့်လိုက်စဉ်မှာပဲ မိုးမြင့်မာန် ဆွဲခြင်း...





ဆွဲလျက် နောက်ဖေးဘက်ကနေ အိမ်ရှေ့ဘက်သို့ ထွက်လာလေလျှင်

"မောင်"

"ဟင်"

မွေးကိုမြင်တော့ မိုးမြင့်မာန် အံ့ဩသွားပြီး –

"မွေး"

"မောင့်အဖေ ဆေးရုံတင်လိုက်ရတယ်ဆို"

"ဟုတ်တယ် မွေး။ အခြေအနေကတော့ ရေထဲက ဆားပါပဲ"

မောင့်မျက်နှာ ညှိုးနွမ်းနေတာမြင်ရတော့ မွေးရင်ထဲမှာ မကောင်းပေ။ မျှဝေခံစားလို့ရရင် မျှဝေခံစားလိုက်ချင်ပါရဲ့။ မွေး ပိုက်ဆံအိတ်ကိုဖွင့်ပြီး ပိုက်ဆံကို ထုတ်ယူလိုက်ကာ –

"မောင်"

"————"

"ရော့ မောင် ... မောင့်အတွက် လိုအပ်မယ်ထင်လို့ မွေး ကူညီတာပါ"

မိုးမြင့်မာန်လက်ထဲက ဆွဲခြင်းကို အောက်သို့ အရင်ချလိုက်၏။ ကလေးနှစ်ယောက်က အိမ်ထဲသို့ ပြန်ဝင်သွားပြီမို့ သူ ပိုက်ဆံကိုင်ထားတဲ့ မွေးလက်ကို ဖိဆုပ်လိုက်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"မွှေး"

"_____"

"မောင် . . . မွှေးကို တကယ်မြတ်မြတ်နိုးနိုးနဲ့ ချစ်ခဲ့တာပါ။ မောင် ဘာမျှော်လင့်ချက်နဲ့မှ မဟုတ်ဘူး။ မောင် မယူပါရစေနဲ့"

"မောင်"

မွှေးလက်ကို လွှတ်ပေးလိုက်ကာ ထွက်သွားမည်ပြုတော့ မွှေး မောင့်လက်မောင်းကို ဆွဲထားမိကာ –

"ယူသွားပါ မောင်၊ မွှေး မောင့်ကို စချစ်ကတည်းက အေး အတူ ပူအမျှ အားလုံးကို မျှဝေခံစားဖို့ပါ။ အစကတည်းက မောင် အဲဒီလို ရိုးသားလို့ လေးစားခဲ့တာ။ ချစ်ခဲ့တာပါ မောင်"

"မွှေးရယ် . . . မောင်လေ"

မိုးမြင့်မာန် တစ်ခုခုပြောမလို့လုပ်ကာမှ ဖုန်းဝင်လာသဖြင့် စကားက ပြတ်သွားလေသည်။ မိုးမြင့်မာန် ဖုန်းကိုင်လိုက်တော့ –

"ဟယ်လို . . . အငယ်မပြော"

"ကိုကြီး . . . အဖေ၊ အဖေလေ . . . ဟီး"

အငယ်မငိုသံကြောင့် ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားလေသည်။

"အဖေ ဆုံးသွားပြီ ကိုကြီးရဲ့"

"ဒုတ်"





"ခွလန့်"

လက်ထဲက ဆွဲခြင်းက ပြုတ်ကျသွားလေတော့သည်။ ပြန်ကောက်ကိုင်ပြီး ထွက်သွားမလို့လုပ်မှ ကြားလိုက်ရတဲ့သတင်းကြောင့် ခြင်းပြီးပြုတ်ကျသွားတာပါ။ တစ်နေ့ ဒီလိုဖြစ်မယ်လို့ ကြိုတွေးထားပေမယ့် တကယ်လက်တွေ့ကြုံလာတော့ ရင်ထဲမှာ ဟာသွားတာပါပဲ။

"မောင်"

"______"

"မောင်"

မိုးမြင့်မာန့်လက်ကို မွှေး ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်သည်။ မျက်ရည်မကျပါနဲ့လို့ မောင့်မျက်ရည်ကို မွှေး မသုတ်ပေးတော့ပါဘူး မောင်ရယ်။ မိဘအတွက်ကျတဲ့ မျက်ရည်မို့ –

မောင် ကျသင့်ပါတယ်။

မောင် ငိုသင့်ပါတယ်။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"တီ တီ"

"ဟင်"

ကားဟွန်းတီးသံကြောင့် လှမ်းကြည့်လိုက်တော့ ကားပေါ်က ဆင်းလာသူက ထက်ရှားသော်ပါ။ ဘုရားရေ လက်ထဲမှာ အထုပ် တစ်ထုပ်နဲ့။ နောက်ထပ် ထပ်အပ်ဦးမလို့လားမသိပါဘူး။ မွေး ကြည့် နေရင်းပဲ သူ ဝင်လာကာ–

"မ"

"ဟင်"

"အရင်အပ်ထားတာတွေ အကုန်ပြီးပြီလား"





"ပြီးပြီ မောင်လေး။ ထိုင်လေ"

ဘာဝင်မကျပေမယ့် နှုတ်ချိုချိုနဲ့ပဲ ဆက်ဆံရသည်သာ။ သူ့ အကြောင်က ဘာမှ ရှိုင်းရှိုင်းစိုင်းစိုင်း ပြောတာ မရှိတော့ ကိုယ်ကလည်း ငြိမ်ယဉ်ကျေးကျေးပေါ့။ မွေး သူအပ်ထားတဲ့ အကျီတွေကို ရွေးပြီး စိတ်ထဲသို့ ထည့်ပြီးကာ –

"ရော့ . . . မောင်လေး အားလုံးခြောက်ထည်"

"စက်ချုပ်ခက ဘယ်လောက်လဲ မ"

"တစ်ထည် ငါးထောင်ပါ မောင်လေး"

မှတ်ကရော။ မွေးက ရှပ်အကျီတွေ ချုပ်တာနည်းတော့ အခြားသူတွေအပ်ရင် အားနာလို့ အဲဒီလောက်မတောင်းဖူးပေ။ အခု အမြင်ကတ်လို့ တစ်ထည်ငါးထောင် ⁄တောင်းလိုက်တာ အေးရော။ ထက်ရှားက တစ်သောင်းတန်တစ်ရွက်နှင့် ငါးထောင်တန်လေးရွက် ထုတ်လိုက်ပြီး –

"ရော့ မ . . . သုံးသောင်း"

"ကျေးဇူးပဲနော်"

နောက်ကို လာပြီးအားပေးပါဦးလို့ မပြောပါဘူး။ ဒီကောင် လေးက သဘောရိုးနဲ့လာအပ်တာမှ မဖြစ်နိုင်ပဲလေ။

"မ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကျွန်တော် ထပ်အပ်ဦးမှာ 'မ'။ ဒီတစ်ခါ ငါးစဝယ်ထား တယ်"

မွေး မျက်မှောင်လေးကြုတ်သွားပြီး –

"ထက်ရှား"

"ဗျာ ••• မ"

"ဒီအကျီတွေ အကုန်လုံး မင်းတစ်ယောက်တည်း ဝတ်မှာ လား"

ထက်ရှား ရယ်လိုက်မိသည်။ အကြောင်းမရှိ အကြောင်းရှာ ပြီး လာတယ်ဆိုတာ 'မ' သိလောက်ရောပေါ့။

"ဟုတ်တယ်လေ 'မ' ရဲ့။ 'မ' လက်နဲ့ 'မ' ကိုယ်တိုင်ချုပ်တဲ့ အကျီတွေကို ကျွန်တော် တစ်ယောက်တည်းပဲဝတ်မှ။ 'မ' က ဘာဖြစ် လို့မေးတာလဲ"

"ဪ ••• မသိပါဘူးကွယ်။ အစ်မထင်တာက မင်း ယောကျ်ားရှပ်အကျီ သီးသန့်အရောင်းဆိုင်များ ဖွင့်မလားလို့ပါ"

"ဟား ဟား"

ဒီတစ်ခါတော့ ထက်ရှား အသံထွက်အောင် ရယ်မိတော့ သည်။ ကိုယ့်စိတ်ကို ကိုယ်လည်းနားမလည်။ 'မ' မှာ ချစ်သူရှိမှန်း





သိလိုက်ရပြီး ကိုယ်ပဲ ပိုင်ဆိုင်ချင်တဲ့စိတ်က ပိုပြင်းပြလာတာလေ။ သူများရင်ခွင်ထဲကိုထည့်ရမှာ နှမြောမိတာလို့ ပြောရမလား။ မရနိုင်တာ ကိုမှ ပိုလိုချင်မိတာလို့ ပြောရမလား။ ထက်ရှားဆိုတဲ့ကောင်။

အခု –

နေ့ရှေ့ညည 'မ' ကိုပဲ သတိရနေမိသည်။ တွဲခဲ့ဖူးတဲ့ ရည်းစားဟောင်းများ အမျှ အမျှ အမျှလို့ အမျှဝေရတော့မလိုဖြစ်အောင် ထက်ရှားဆိုတဲ့ကောင် အခုတော့ အိမ်မှာ ခြေငြိမ်နေမိတာကြာပြီလေ။ 'မ' နဲ့တွေ့ပြီးကတည်းက ရည်းစားဟောင်းနဲ့တွေ့မှာစိုးလို့ အပြင်သိပ် ထွက်တော့ပါဘူး။ ဖုန်းထဲက ခင်းကတ်လည်း အသစ်ပြောင်းလိုက် ပြီလေ။

"ဖြစ်နိုင်ရင် 'မ' ပြောသလိုပဲ လုပ်ချင်တာဗျ။ ဒါပေမဲ့ ကျွန်တော်က 'မ' ချုပ်တဲ့ 'မ' လက်ရာသီးသန့်ပဲရောင်းချင်တာ။ ကျွန်တော် ဆိုင်ဖွင့်မယ်လေ။ 'မ' ကျွန်တော့်ရဲ့ဆိုင်အတွက် သီးသန့် ချုပ်ပေးမလား"

"အစ်မက သူများသြဇာကို မနာခံတတ်ဘူး ထက်ရှား။ မင်းနဲ့ပူးပေါင်းပြီးလုပ်ရင် မင်းရဲ့သြဇာခံပဲ ဖြစ်သွားမှာပေါ့"

"မဟုတ်တာ 'မ' ရယ်။ ကျွန်တော်က 'မ' ကို သြဇာပေး ဘူး။ 'မ' သြဇာပေးတာကို နာခံမယ်ဆိုရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းက ထက်ရှား ထိုင်ရာကနေ ထရပ်လိုက်သည်။ ပြီးတော့ မွေးအနားမှာ သွားရပ်လေလျှင် –

"မင်း ထိုင်နေလေ၊ ဘာလို့ ဒီကိုလာတာလဲ"

"မ ကျွန်တော့်ကိုယ်ကို တိုင်းဦးမလားလို့ပါ"

"မလိုပါဘူး၊ ဟိုတစ်ခါ မှတ်ပြီးသား ငါ့မှာရှိတယ်"

"သြော် ... ဟုတ်လား"

ဒီတစ်ခါတော့ မွေးရဲ့မျက်နှာရော အသံရောက မရိုးသားတော့ပေ။ ဒီကောင်လေး မလွယ်ပါလား။ မွေး သတိထားမှ ဖြစ်တော့မှာပါ။

"မွေး"

"-----"

"မွေး"

မွေး အပြင်က ခေါ်သံကြားတာမို့ ဝမ်းသာအားရ ဖြစ်သွားလေသည်။ ဒါကြောင့် အိမ်ပေါက်ဝအထိ သွားရပ်လိုက်ပြီး –

"ဟယ် ... မောင်"

မောင်က ပြုံးပြုံး နောက်က သူ့ညီမကိုလည်း လှမ်းလှည့်ခေါ်လေသည်။ နှင်းပါလာတာပါ။ သတို့သမီးဝတ်စုံအပ်မလို့ ထင်ပါရဲ့။





"သြော် ... ညီမလည်း ပါလာတာကိုး"

"ဟုတ်ကဲ့ မမ၊ သတို့သမီးဝတ်စုံ အပ်မလို့ပါ"

"လာ ... ထိုင် ညီမ"

မွေး မောင့်အိမ်ကအကြောင်းအားလုံးကို သိပါသည်။ နာရေး ကြောင့် နှင်းကို မင်္ဂလာဆောင်မပေးနိုင်ဘူးတဲ့လေ။ အခုက ယောက်ျားလေးဘက်မှာ ဆောင်ရမှာတဲ့။ မောင့်အကြည့်က ထက်ရှားဆီသို့ ရောက်သွားတော့ မွေးရင်ထဲမှာ ထိတ်ခနဲဖြစ်သွားရသည်သာ။ ထက်ရှားက မကြည်ကြည့်နဲ့ ပြန်ကြည့်တာလေ။

ဒါကြောင့် ...

မောင် တစ်မျိုးထင်သွားမှာစိုးလို့ပါ။

"မ"

"ဟင်"

"ကျွန်တော် ပြန်လိုက်ဦးမယ်"

မွေး ခေါင်းလည်းမညိတ် ခေါင်းလည်းမခါဖြစ်ပေ။ ထက်ရှား ထွက်သွားလေတော့ –

"အဲဒီကောင် ဘယ်ကကောင်လဲ မွေး။ ဒီကို ဘာလာလုပ်တာလဲ"

"သူ့နာမည်က ထက်ရှားသော်တဲ့။ အင်္ကျီလာအပ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



မောင်”

မွှေး ဒါပဲပြောပြီး နှင်းကိုပဲ ဘယ်လိုပုံချုပ်မလဲ ဘာညာ မေးကာ ကိုယ်တိုင်းလိုက်သည်။ မိုးမြင့်မာန်ကတော့ မျက်နှာ သုန်မှုန်နေလက် ထိုင်နေတာ ငွေကြီးပါ။ သဝန်တိုသွားတာ စဉ်းစားကြည့်ပါဦး။ ငယ်ငယ်ချောချောကောင်လေးက ကားနဲ့လာ အကျီအပ်တယ်ဆိုတော့ –

ဂေါက်ရင်ဂေါက် မဂေါက်ရင် ကြောင်နေတဲ့သူပဲ ဖြစ်ရမယ် နောက်တစ်ခုကတော့ လာပြီးပိုးတာပေါ့။ ကောင်လေးက ကား တောင် လာတာဆိုတော့ ကိုယ့်အခြေအနေနဲ့ ကွာနေမှာ ပြောစရာ မလိုပေ။

“ညီမလေးတို့ မင်္ဂလာဆောင်ပြီးရင် ဘယ်မှာနေကြမှာလဲ ဒီဘက်မှာလား ကောင်လေးဘက်မှာလား”

“ဟိုဘက်မှာပဲလိုက်နေရမှာ မမ။ သူတို့မှာက မိသား သုံးယောက်ပဲရှိတာလေ။ သူ့အဖေ အမေနဲ့ သူပေါ့။ သူ့မှာ မောင်နှ နှစ်ယောက်ရှိတာ။ သူ့အစ်မက အိမ်ထောင်နဲ့၊ သူ့အိမ်နဲ့သူပါ”

“သြော် . . . ကောင်းပါတယ်ကွယ်”

“နှင်း”

“ရှင် ကိုကြီး”





“နှင့်ကိစ္စပြီးရင် ပြန်တော့။ ငါ မွှေးကိုပြောစရာရှိလို့ ကျန်ခဲ့ မယ်”

“ဟုတ်ကဲ့ ကိုကြီး”

နှင်း ချက်ချင်းပဲ ထရပ်လိုက်လေလျှင် –

“မောင်ကလည်း တစ်ခါတလေလာတာ ညီမလေး အေး ဆေးဆေးနေပါစေ”

“အေးဆေးလို့မရဘူး။ အိမ်မှာ လုပ်စရာတွေရှိတယ်”

စကားပြောတာက တိုတိုပြတ်ပြတ်ကြီးမို့ မွှေး သိလိုက်ပါပြီ။ မောင် သဝန်တိုပြီး စိတ်ကောက်တာပဲ ဖြစ်မှာပေါ့။ သဝန်တိုတာ သိတဲ့။ မွှေးရင်ထဲမှာ ဝမ်းသာပီတိဖြစ်ရသည်သာပေါ့။ မောင် ဆို တစ်ခါမှ သဝန်မတိုဖူးသေးဘူးလေ။

“မမ နှင်းပြန်လိုက်ဦးမယ်နော်”

“ကောင်းပါပြီ ညီမလေး”

နှင်းပြန်သွားတာ လမ်းရောက်တော့ မိုးမြင့်မာန် ထရပ်ပြီး အနားသို့ကပ်ကာ –

“မွှေး”

“ဟင်”

“မောင် သိတယ်နော်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုသိတာလဲ မောင်ရဲ့"

"အဲဒီကောင် အကျီလာအပ်တယ်ဆိုတာ ရိုးရိုးသာ... မဖြစ်နိုင်ဘူး။ သူ မွေ့ကိုကြည့်တဲ့အကြည့်၊ မောင့်ကိုကြည့်တဲ့အကြ... သူ့အကြည့်တွေထဲမှာ ဘာတွေပါလဲဆိုတာ မောင်သိတယ်"

"သူ့ဘက်က ရိုးသားလား၊ မရိုးသားလားဆိုတာတော့ ... မသိဘူးလေ မောင်ရဲ့။ မွေ့ဘက်ကတော့ ရိုးရိုးသားသားပဲ။ မွေ့... မွေ့အရမ်းချစ်တဲ့မောင်ရှိတယ်။ မောင့်အပေါ်မှာ မွေ့ ဘယ်တော့... သစ္စာမဖောက်ဘူး မောင်။ အဲဒါကိုတော့ မောင်ယုံပါ"

မိုးမြင့်မာန် ဟင်းခနဲ သက်ပြင်းချလိုက်မိသည်။ မွေ့... သူ ယုံတယ်လေ။ ဒါပေမဲ့ ကံကြမ္မာကို မယုံရဲတာ ကိုယ့်ဘဝအနေ... အနေကြောင့်ပဲပေါ့။ ချစ်လျက်နဲ့ လမ်းခွဲရဖို့လည်း မဖြစ်ချင်။ နိုး... ဖို့ တွေးကြည့်ပြန်တော့လည်း ကိုယ့်ဘက်မှာက အခက်အခဲပေါင်း... ဆိုတော့ –

ရွှေရေးအတွက် –

တွေးမိတိုင်း ရင်ပူရသည့်အဖြစ်ရယ်ပါ။

"ခေတ်ရိုးပါ မွေ့ရယ်။ မောင် မွေ့ကို အရမ်းချစ်လို့ သတိ... မိသွားတာပါ။ မွေ့ကို မောင် ယုံပါတယ်။ မောင်က မောင့်ဘက်... အားနည်းချက်တွေကြောင့်"





မွေ့ မောင့်ပါးစပ်ကို သူမလက်ချောင်းလေးများနှင့် လှမ်းပိတ်... ပြီး ခေါင်းခါပြလိုက်သည်။

"မပြောနဲ့တော့ မောင်၊ မွေ့ကလေ မောင်က ကောင်းကင်... ကြီးဖြစ်ရင် ကောင်းကင်ရဲ့ရင်ခွင်ထဲက လမင်းဖြစ်ချင်တယ်။ မောင့်... ဘဝ အမှောင်ကျနေရင် အလင်းပြမယ့် မီးပြတိုင်က မွေ့ပဲဖြစ်ပါ... ရစေ"

"မီးပြတိုင်ဆိုတာ သူများအလင်းရဖို့အတွက် ကိုယ်တိုင် အလောင်ကျွမ်းခံရတာလေ မွေ့ရဲ့"

"မောင့်အတွက်ဆို မွေ့ အလောင်ကျွမ်းခံရဲပါတယ် မောင်"

"မွေ့ရယ်"

မိုးမြင့်မာန် မွေ့ကိုယ်လေးကို ရင်ခွင်ထဲထည့်ပြီး ပါးပြင်လေး... တို့ နမ်းရှိုက်မိတာ မြတ်နိုးခြင်းတို့နှင့်သာ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ထက်ရှား ဆုံးဖြတ်ချက်တစ်ခု ချထားပြီးပြီ။ အဲဒါ ဘာလဲ ဆိုရင် 'မ' ကို လက်ထပ်ချင်တဲ့အကြောင်း လူကြီးတွေကို ဖွင့်ပြောမလို့ လေ။ လူကြီးတွေက ထက်ရှားကို မြေငြိမ်အောင် အိမ်ထောင်ပြုစေ ချင်နေတာပဲဟာ။ 'မ' လို မိန်းကလေးနဲ့ဆို သဘောတူမှာပါ။

'မ' က –

တည်ငြိမ်အေးချမ်းသည့်လေ။ ထက်ရှားမိဘတွေက ကိုယ် တွေမှာ ပြည့်စုံပြီးသားမို့ ချမ်းသာတာကို မမက်။ ရိုးသားမှုကို မြတ်နိုး ကြသည်သာ။ ရနိုင်တာကိုမှ ပိုလိုချင်မိတာလား မသိပါဘူး။ 'မ'နဲ့ ကျမှ ထက်ရှား ထိုင်မရ ထရေဖြစ်အောင် ဆုံးရှုံးရမှာ ကြောက်နေမိ သည်။





Breakfast စားတော့ လူစုံတက်စုံ ရှိနေသည်မို့ ဖွင့်ပြော ည်ဟု –

"မေမေနဲ့မေမေ့ကို သား ပြောစရာရှိတယ်"

"အင်း . . . ပြောပါဦး"

ဖေဖေက မကြည့်ပဲနဲ့ ပြောလိုက်တာပါ။ မေမေနဲ့ အစ်မ နှစ်ယောက်ရဲ့ မျက်ဝန်းတွေက သူ့ကိုကြည့်လျက် ထက်ရှားပြောမယ့် စကားကို စိတ်ဝင်စားသွားဟန်ပါ။

"သား . . . ဘာပြောမှာလဲ ပြောလေ"

ဒေါ်ခင်ခင်ဝင်းက သားဖြစ်သူ မပြောရဲမှာစိုးလို့ လမ်းခင်း ပေးလိုက်တာပါ။

"သား အိမ်ထောင်ပြုတော့မယ် မေမေ"

"ဘုရားရေ"

"ဟယ်"

"ဟင်"

မယုံကြည်နိုင်စွာနှင့် အာမေဋိတ်သံတွေ ထွက်လာကြသည်။ ထက်ရဲ့လားလို့ မမေးကြသေးပေမယ့် တစ်ယောက်နဲ့တစ်ယောက် အကြည့်ချင်းဆုံပြီး မေးခွန်းတွေ ထုတ်နေကြသလိုပါ။ မေမေနဲ့မကြီးက ထက်ရှားမျက်နှာညှိုမှာစိုးအောင် ချစ်သလောက် ဖေဖေနဲ့ 'မလေး'က



www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းရှိရှိ ချစ်ကြသူတွေမို့ ထက်ရှားကို မျက်နှာသာမပေး

ထက်ရှားရဲ့စရိုက်တွေကို မကြိုက်ဘူးတဲ့။ အခု အိမ်ထောင်ပြု

မယ်ဆိုတော့ အံ့ဩကုန်ကြပြီလေ။

"ထက်ရှား"

"ဗျာ ဖေဖေ"

"ငါ နားကြားမှားတာတော့ မဟုတ်ပါဘူးနော်။ အိမ်မက်များ

မက်နေသလားကွာ"

"ဖေဖေကလည်း သား တကယ်ပြောနေတာပါ။ သား ကိုယ့်

ကိုယ်ကိုယ် ပြုပြင်တော့မှာပါ"

"နားရှိလို့သာ ကြားရတယ်"

မလေးက နှုတ်ခမ်းမဲ့၍ ပြောလေသည်။

"ဘယ်က မိန်းကလေးလဲ။ သူ့မိဘတွေက ဘယ်သူတွေလဲ

သား"

"အိမ်ထောင်ပြုဖို့ပြောလာပြီဆိုတော့ မင်းစိတ်ကို ပြုပြင်

ပြောင်းလဲပေးနိုင်တဲ့ မိန်းကလေးကို ချီးကျူးပါတယ်"

"ဖေဖေ သားကိုမရွဲ့ပါနဲ့။ သားအတည်ပြောနေတာနော်။

အိမ်ထောင်ပြုပြီးရင် သား အလုပ်တစ်ခုခုလုပ်မယ် ဒါပဲ"

"ရွဲ့လည်း မရွဲ့ပါဘူး။ စောင်းလည်းမစောင်းပါဘူး။ ကဲပြော





ကလေးက ဘယ်သူလဲ"

"သူ့နာမည်က ညမွှေးပန်းတဲ့"

"ဘုရားရေ"

ဒီတစ်ခါ အလန့်တကြားပုံစံနှင့် မျက်လုံးပြူးပြီး ခါးဆန့်လိုက်

ာ သီတာဝင်းပါ။ ကိုယ်က ပါးစပ်ပြောပဲ အရင်ကောင်းမလေးတွေ

ကလိုပဲထင်ခဲ့တာ။ မိန်းကလေးတစ်ယောက်ကို သဘောကျပြီးဆို

ည်းအသာနဲလိုက်၊ ပြီးတော့ ချစ်ပြ၊ နည်းနည်းကြာလာရင် သူ့

ဆိုတာက လင်းမြွေလို အမြီးရှုးသွားတာပါ။ အခု ဘယ်လိုဖြစ်ပါ

ဘာခေါ်မှား တားမိသွားပါလိမ့်နော်။

"မ,က စက်ချုပ်တယ်ဖေဖေ။ မချမ်းသာဘူး။ မိန်းမပိသ

ယ်။ သူ့မှာ မိဘတွေတော့မရှိကြတော့ပါဘူး"

ဦးသော်ခင့် မေးစေ့ပွတ်၍ စဉ်းစားဟန်ပြုနေစဉ် –

"ထက်ရှား"

"ဗျာ"

"နင့်ဟာက ဟုတ်ရော ဟုတ်ရဲ့လားဟယ်။ နင်နဲ့မွေး ဘယ်

ဘယ်လို ချစ်သူဖြစ်သွားကြတာလဲ။ ငါ အဲဒီလောက် လွယ်မယ်

င်ဘူးနော်။ မွေးက ဣန္ဒြေသိက္ခာကြီးတဲ့ မိန်းကလေးပါ။ မယုံနိုင်

ဘူ"



www.burmeseclassic.com

www.burmeseclassic.com



ထက်ရှား လွန့်ခနဲ ပြုံးလိုက်ပြီး ရင်ထဲမှာတော့ နာကျင်သွား လေသည်။ ဘာလို့ ကိုယ်နဲ့ 'မ' ရဲ့ တွေ့ဆုံမှုက နောက်ကျရတာလဲ အခုတော့ 'မ' မှာက ချစ်သူနဲ့။ သူများချစ်ခြင်းကိုခွဲပြီး ရအောင် ယူရမှာ။ မတရားမှန်းသိပေမယ့် ကိုယ့်ကိုယ်ကိုယ်ပဲ သနားနိုင်မည်လေ

ကျူးမစ် –

မျက်မြင်ကိုယ်တွေ့သာဆို သူများတွေကိုယူပြီး အကုန်ရိုက်ချ ပစ်လိုက်မိမှာ အမှန်ပါ။

"သမီးပြောပုံအရဆို ကောင်မလေးက မေမေတို့ လက်ခံ နိုင်စရာအကြောင်း မရှိပါဘူး။ သား တကယ်ချစ်လို့ လက်ထပ်ချင် တယ်ဆိုရင် မေမေတို့က စီစဉ်ပေးရမှာပေါ့"

"ဆုနှမစောနဲ့ဦး 'ခင်' ကိုယ့်သားကိုလည်း သေချာအောင် အပြန်ပြန်အလှန်လှန် မေးကြည့်ဦး။ ဒီကောင်က အချစ်ဆိုတာကို ဘော်လီဘောပုတ်နေတာ။ တော်ကြာ စိတ်ပြောင်းချင်ပြောင်းသွားဦး မှာ"

"ရှင်ကလည်း"

မိခင်ကတော့ သားဆန္ဒကို ဖြည့်ဆည်းပေးချင်တာတစ်ခု ထည့်တွေးပြီး သားကိုအပြစ်မြင်ချင်နေတဲ့ ခင်ပွန်းသည်ကို မျက်စောင်း ထိုးလိုက်သည်။





"ဒီတစ်ခါ သား စိတ်မပြောင်းတော့ပါဘူး ဖေဖေ။ 'မ' ကို ကျွန်တော် တကယ်မြတ်မြတ်နိုးနိုးနဲ့ ချစ်မိလို့ လက်ထပ်ချင်တာပါ။ သား အရင်က စရိုက်တွေကို ပြုပြင်တော့မှာပါ"

"မ ဆိုတော့ ကောင်မလေးအသက်က"

"သုံးဆယ်ပါ ဖေဖေ"

ကြီးရင်မှီ ငယ်ရင်မှီတဲ့။ အသက်အရွယ်ကွာခြားမှုက ပြဿနာ မရှိပါဘူး။ ကောင်မလေးက သားကို ပြုပြင်ပေးနိုင်မယ်ဆိုရင် ကိုယ်တွေကတော့ ဝမ်းသာအားရနဲ့ ကောင်မလေးလက်ထဲမှာ သားကို ထိုးကွပ်အပ်ဖို့ ဝန်မလေးပေ။

"နင်နဲ့မွေး ချစ်သူဖြစ်တာ ဘယ်လောက်ကြာပြီလဲ ထက်ရှာ။ တွေ့ကြတာ သိပ်မကြာသေးဘူးနော်။ မွေး အဲဒီလောက် အညာလွယ် မယ်လို့ ငါ မထင်ဘူး"

"ကျွန်တော်ကရော ချစ်သူတွေ ဖြစ်နေပါပြီလို့ပြောမိလို့ လား"

"ဟော"

"ဟင်"

အာမေဋိတ်သံတွေ ကြားရပြန်ပြီ။ ဒီကောင်လေးကို ဘယ်လို နားလည်ရမှန်းကို မသိတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကေသီဝင်း ဝင်ပြောမှ ဖြစ်တော့မှာမို့ –

"ချစ်သူမဖြစ်သေးဘဲ လက်ထပ်ချင်တယ်ဆိုတော့ လူကြီးတွေက ဘာလုပ်ပေးရမှာလဲ ထက်ရှာ။ ချစ်သူဖြစ်အောင် နှင် အရင်ကြိုးစားရမှာလေ။ ချစ်သူတောင် မဖြစ်သေးဘဲ အိမ်ထောင်ပြုမယ်ဆိုတော့"

"ဖြစ်နိုင်ရင် ကျွန်တော်က အမြန်ဆုံးလက်ထပ်ချင်တာ။ ရှင်းရှင်းပြောရရင် 'မ' မှာ ချစ်သူရှိတယ်၊ ကျွန်တော်က တစ်ဖက်သတ်၊ အဲဒါကြောင့် သူများနောက်အပါမခံနိုင်လို့ အမြန်ဆုံး လက်ထပ်ချင်တာ၊ ရှင်းပြီလား"

"ဟာတော့"

ဖြစ်လိုက်ရင် အသည်းအသန်။ တဖွတ်ထိုးခေန်တဲ့ အဲဒီစိတ်ကိုတော့ ဘယ်သူက ပြုပြင်ပေးနိုင်မှာတဲ့လဲ။ လိုချင်ရင် ရမှဖြစ်ချင်ချက်ချင်း။

ဒါ ...

အငယ်ဆုံးမို့ အလိုလိုက်ခဲ့ခြင်း၏ သက်ရောက်မှုတွေပါ။

❋



## အခန်း (၂၀)

ချစ်သူသက်တမ်းတစ်လျှောက် မွေးနဲ့မောင် ချိန်းပြီး အပြင်ထွက်လည်ကြတာ ဒါ ပထမဆုံးအကြိမ်ပါပဲ။ ရန်ကုန်မှာနေပြီး ကန်တော်ကြီးဆိုတာကို မွေး တစ်ခါမှ မရောက်ဖူးပေ။ အခုတော့ မောင်နဲ့ အတူတူ ကန်တော်ကြီးထဲမှာပေါ့။

"မောင်"

"ဟင်"

"မွေးက မိန်းကလေးပါ မောင်ရယ်။ ပြောချင်တဲ့စကားတွေ ရင်ထဲမှာ အများကြီးပေမယ့် မွေးက စပြောရရင် မကောင်းဘူးလေ။ အဲဒါကြောင့် မွေး မျိုသိပ်ထားခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



“ဟင်”

မိုးမြင့်မာန် ရင်ခွင်ထဲက မွေးမျက်နှာလေးကို ငုံ့ကြည့်လိုက်သည်။

“ဘာလို့ မျိုသိပ်ထားရမှာလဲ မွေးရဲ့။ မောင်နဲ့မွေးက ချစ်သူတွေပဲဟာ။ ပြောစရာရှိတာကိုပြောပေါ့။ အားနာရမယ့်လူတွေမှ မဟုတ်တာ”

“မောင် ပြောခိုင်းလို့ မွေးပြောမှာနော်”

“အင်းပါ”

မွေး မောင့်ရင်ခွင်ကို မှီနေရာကနေ ခါးကို မတ်မတ်ပြင်ပြီး ထိုင်လိုက်သည်။ ပြီးတော့ ကန့်ချေပြင်ကို ငေးမောနေမိ၏။ အခုပြောရမယ့် စကားက အချို့သော မိန်းကလေးတွေအတွက် ခက်ခဲစရာ အကြောင်းမရှိပေမယ့် မွေးအတွက်ကတော့ ပါးစပ်ထွက်မရဲသလိုပါ။

လက်ထပ်ဖို့ကိစ္စ။

သူ မပြောလို့ကိုယ်က မေးရတော့မှာ။ အဲဒီလိုမေးလို့ ကိုယ့်ရဲ့ ဂုဏ်သိက္ခာထိခိုက်သွားမလား။ နောက်ဆုံးတော့ ချစ်သူတွေပဲလေ ဆိုတဲ့စိတ်နဲ့ ပြောရဲဖို့ အားမွေးရသည်သာ။

“မွေးတို့ ဘယ်တော့လက်ထပ်ကြမလဲ မောင်”

မိုးမြင့်မာန် တွေခနဲဖြစ်သွားလေသည်။ လက်ထပ်ဖို့အထိ





ကြီးမှာက ကိုယ့်ကို မျက်နှာသာမပေးသေးတော့ခက်သား။ အဖေက ဆုံး ညီမက ယောက်ျားရ၊ အိမ်မှာကျန်တဲ့မိသားစုကို သူပစ်မထားနိုင် ဘူး။ မွေးကို ကိုယ့်အိမ်မှာ လိုက်နေပါလို့ ပြောဖို့ကျ သူတို့မှာလည်း မောင်နှမနှစ်ယောက်တည်းရယ်။

မြှူးတစ်ယောက်တည်းကို –

မွေး ဘယ်ထားခဲ့ချင်ပါ့မလဲ။ ပြီးတော့ မွေးက သူ့အိမ်မှာ ချမ်းသာပေမယ့် ပြည့်စုံမှုမှာနေရသူ။ အေးအေးချမ်းချမ်းသမား။ ကိုယ့် အိမ်က ဆူဆူပူပူတွေကို မွေး စိတ်ညစ်မှာပေါ့။ ဒါကြောင့် သူ့ဘဝ ထဲ တိုးမဝင်နိုင်။ ကိုယ့်ဘဝထဲလည်း ဆွဲမခေါ်ရက်။

“မောင်”

“ဟင်”

“မွေးကို တစ်ခုခုပြန်ပြောဦးလေ မောင်ရဲ့။ မွေးကိုချစ်တယ် ဆိုပြီး မောင် လက်မထပ်ချင်ဘူးလားဟင်”

“ဘယ်လိုပြောလိုက်ပါလိမ့် မွေးရယ်။ ကိုယ်ချစ်တဲ့သူနဲ့ အတူတူ မနေချင်တဲ့သူ ရှိပါ့မလား။ မောင့်အိမ်ကအခြေအနေကို မွေး သိပါတယ်”

“သိတာပေါ့ မောင်ရဲ့။ မောင့်အိမ်က အခြေအနေကို မွေး သိတာပေါ့။ သိလို့လည်း မွေးက မောင်နဲ့အတူ အေးအတူ ပူအမျှ



www.burmeseclassic.com

www.burmeseclassic.com



မှုဝေပြီး ခံစားပေးချင်တာပါ"

"လောလောဆယ်က မဖြစ်နိုင်သေးလို့ပါ မွှေးရယ်"

"မွှေးက လောလောဆယ် လက်ထပ်ကြဖို့ပြောနေတာ မဟုတ်ဘူးလေ။ မောင့်ပါးစပ်က လက်ထပ်ချင်တဲ့အကြောင်း တစ်ခါမှ မပြောဖူးတော့ မောင့်မှာ ရည်ရွယ်ချက် ရှိ မရှိကို သိချင်တာပါ။ မောင် မွှေးကို ချစ်တယ်ဆိုတာ ဘယ်လိုအချစ်မျိုးလဲ"

မိုးမြင့်မာန် သက်ပြင်းချလိုက်မိသည်။ ဖြစ်ချင်တာနဲ့ ဖြစ်နေတာက တစ်ထပ်တည်းမကျ။ ချစ်သူငြိုငြင်မှာကိုလည်း စိုးရိမ်သည် သာ။

"မောင် မွှေးကိုပဲ လက်ထပ်မှာပါ"

"ဒါပဲလား"

"မောင် အခုအချိန်အတိအကျတော့ မပြောနိုင်ဘူး မွှေး။ မောင် မွှေးကို အရမ်းချစ်တယ်။ လူတစ်ယောက်ရဲ့ဘဝကို ဝတ္တုလို စာမျက်နှာကျော်ဖတ်လို့ မရတော့ ရှေ့ ဘာဖြစ်လာဦးမလဲ မသိနိုင်ဘူး လေ။ ကတိဆိုတာ ပေးပြီးရင် တည်မှကောင်းတာ။ အဲဒါကြောင့် မောင် အချိန်အတိအကျ ကတိမပေးနိုင်တာပါ"

ဪ . . . မောင်က မိသားစုကို မွှေးထက်ပိုချစ်တာကို မချစ်ပါနဲ့လို့ မဆိုလိုပါဘူး။ ဒါပေမဲ့ မိန်းမသားတို့သဘာဝ ကိုယ့်ကို





ဦးစားပေးစေချင်တဲ့စိတ်က အထိုက်အလျောက် ရှိနေတာမို့ ဝမ်း နည်းမိသွားတာ အမှန်ပါ။ မောင့်ရင်ထဲမှာ မွှေးက နံပါတ်တယ်လောက် လဲ။ ချစ်မိပြီဆိုမှတော့ ကလေးတွေလို မတည့်မှ ငါ့အိုးပုတ် ပြန်ပေး တောင်းသလို အချစ်ဆိုတာက တောင်းလို့မရ။ သူ့အချစ်ကိုလည်း ပြန်မပေးနိုင်။

ဒီတော့ –

သူ အဆင်ပြေမယ့်နေ့အထိ စောင့်နေပေးရမှာလား။

"မောင်"

"ပြောပါ မွှေး"

"မွှေး မောင့်ဆီက ဘာမှ မမျှော်လင့်ပါဘူး။ မောင့်အချစ်၊ မောင့်မေတ္တာ၊ မောင့်ယုယမှုတွေကိုပဲ လိုချင်တာပါ"

"အဲဒါတွေက မောင်ပေးထားပြီးသားပါ မွှေး။ မောင် မွှေးက လွဲပြီး နောက်တစ်ယောက် ပြောင်းမချစ်နိုင်ဘူး"

"ဒါနဲ့များ မောင်ရယ်"

မွှေးရယ် . . . မောင့်ကိုနားလည်ပေးပါ။ မောင် မွှေးကို အရမ်းချစ်ပါတယ်။ ဒါပေမဲ့ မောင့်အချစ်က ရယူလို့မှုကို ဦးစားမပေး နိုင်တဲ့ အချစ်မျိုးပါ။ လွယ်လွယ်နဲ့ရွေးလို့ရတာပေါ့။ မချမ်းသာပေမယ့် ပြည့်စုံနေတဲ့ မွှေးကို လက်ထပ်မယ်၊ လင်မယားဖြစ်သွားမှတော့



www.burmeseclassic.com

www.burmeseclassic.com



မွေးပိုင်ဆိုင်မှုတွေကို ကိုယ်လည်း ဆိုင်ပြီပေါ့။

လုပ်ငန်းတစ်ခုထူထောင်မယ်။

ကိုယ့်မိသားစုကိုပေးမယ်။ ဒီလိုလုပ်ရင် ရတာပေါ့။ ဒါပေမဲ့ ကိုယ်က မိန်းမအားကိုးနဲ့ အညွန့်တက်တဲ့သူ မဖြစ်ချင်ဘူးလေ။

"မွေးတို့မှာ နေစရာအဆင်သင့်ရှိတယ်။ ကိုယ်ပိုင်လုပ်ငန်း ရှိတယ်။ မောင့်ဘက်က ဘာမှ ယူမလာလည်း ပြည့်စုံပြီးသားပါ။ မွေးမှာ စုထားတာ ရွှေတွေရှိတယ်။ ပိုက်ဆံရှိတယ်။ မောင်နဲ့ မောင်လေးနဲ့ လုပ်ငန်းတစ်ခုထူထောင်လေ။ ပြီးတော့ မောင့်မိသားစု ကို ဖေးမကူညီလိုက်ပေါ့"

"တော်တော့ မွေး"

အသံခပ်မာမာနှင့် ပြောပြီး မိုးမြင့်မာန် တစ်ဖက်သို့ လှည့် ထိုင်လိုက်သည်။ မျက်နှာချင်းဆိုင်ပြီး လေသံမာမာနဲ့ မပြောရက်ပါဘူး။ ကိုယ့်ကို ဘယ်လောက်ချစ်ပြီး ဘယ်လောက်အထိ ပေးဆပ်ချင်နေလဲ ဆိုတာ သိတာပေါ့။ ဒါကို အခွင့်အရေးယူတယ်လို့ မခေါ်ဆိုထိုက် သလို -

သူမအချစ်ဟာ -

ကိုယ်နဲ့မထိုက်တန်ဘူးလို့ပဲ ယူဆလိုက်မိသည်။ အစက တည်းက မောင် မွေးကိုချစ်တတ်လာအောင် မသင်ပေးခဲ့သင့်ပါဘူး





မွေးရယ်။ ကိုယ်က အခွင့်အရေးသမားမဟုတ်သလို မွေးသိက္ခာကို လည်း မထိခိုက်စေချင်ပါဘူး။

မွေးပြောတာကို လက်ခံလိုက်ရင်–

ကိုယ်က အချောင်သမား –

မွေးက ယောက်ျားတစ်ယောက်ကို ငွေနဲ့ပေါက်ယူသလို ပတ် ဝန်းကျင်က ပုံကြီးချဲ့ပြီး ပြောကြမှာ။

ဒါကြောင့် –

"မောင် အဲဒီလိုမလုပ်နိုင်ဘူး မွေး။ မောင် ယောက်ျားပါ။ မောင့်ရဲ့ ကိုယ်ပိုင်အရည်အချင်း၊ ကိုယ်ပိုင်လုပ်အားနဲ့ပဲ မွေးကို အိမ် တစ်ဆောင် မီးတစ်ပြောင်နဲ့ ထားနိုင်အောင်ကြိုးစားမယ်"

"မောင်"

"မောင် မွေးကို အရမ်းချစ်ပါတယ်။ ဖြစ်နိုင်ရင် အခုတောင် လက်ထပ်လိုက်ချင်တာ။ ဒါပေမဲ့ မောင် မိန်းမကိုမှီပြီး အိမ်ထောင် တစ်ခု တည်ဆောက်လိုက်ရတဲ့ လူဖျင်း လူညံ့ မဖြစ်ချင်ဘူး။ မောင် အသုံးမကျတဲ့ယောက်ျား အဖြစ်မခံနိုင်ဘူး မွေး"

"အဲဒါဆိုရင် မောင်နဲ့မွေး လေးဆယ်ကျော် ငါးနှစ်အတွင်းမှ အိမ်ထောင်တစ်ခုတည်ဆောက်ခွင့်ရမှာလား မောင်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



မွေး အသံက တုန်နေသည်။ ကိုယ့်ကို အထင်သေးလို့ ဒီစကားမျိုး ပြောတာလားလို့ မေးဖို့လှည့်အကြည့် မွေး မျက်ဝန်းမှာ မျက်ရည်တွေနှင့်မို့ မမေးရက်တော့ပေ။ မွေးဘက်က ခံစားကြည့်ပြန်တော့လည်း ဒီ မေးသင့်တဲ့မေးခွန်းပါ။

"မွေး"

"အဟင့်"

"မငိုပါနဲ့ မွေးရယ်"

မိုးမြင့်မာန် မွေးကိုယ်လေးကို ဖက်ပြီး မျက်ရည်တွေ သုတ်ပေးလိုက်မိသည်။

"မောင့်ကိုနားလည်ပေးပါ မွေးရယ်နော်။ မောင် မွေးကာလွဲရင် ဘယ်မိန်းကလေးကိုမှ လက်မထပ်ဘူးလို့တော့ ကတိပေးနိုင်ပါတယ်"

"ဒါဆို မောင်က လူပျိုကြီးပဲလုပ်မှာလား"

ငိုရင်းမှ မေးလေတော့ –

"မွေးနဲ့ အခြေအနေမပေးလို့ လက်မထပ်ဖြစ်ခဲ့ရင် မောင် လူပျိုကြီးပဲ လုပ်မှာပါ။ ဒါပေမဲ့ မွေးကိုတော့ မောင် မချုပ်နှောင်ပါဘူး။ တကယ်လို့ မွေးနဲ့သင့်တော်တဲ့သူတွေ့လို့ မွေးလက်ထပ်မယ်ဆိုရင် မောင် ခွင့်ပြုပါတယ်"





မွေး သူ့မျက်နှာကို မျက်ရည်တွေကြားမှ မော့ကြည့်လိုက်သည်။ ပြောရက်လိုက်တာ မောင်ရယ်။ အချစ်စစ်က အဲဒီလို အကူးအပြောင်းလွယ်သလား။ အစွဲအလမ်းကြီးတတ်တဲ့ မွေးရဲ့နှလုံးသားက မောင်မှမောင်ပါ။

ဒါကြောင့်လေ –

"မောင့်လိုပဲ မွေးလည်း အပျိုကြီးပဲလုပ်မှာ"

မွေးပြောလိုက်ပုံက ကလေးဆန်ဆန်ပါ။

"အဲလိုဆိုရင်တော့ ကောင်းတာပေါ့"

"ဘာကောင်းတာလဲ"

"မွေးပဲ အပျိုကြီးလုပ်မယ်ဆို"

"မလုပ်ပါဘူး"

"ဟောဗျာ၊ အခုတစ်မျိုး တော်ကြာတစ်မျိုးပါလား"

"ကိုယ့်ချစ်သူနဲ့တော့ လက်ထပ်ချင်တာပေါ့လို့"

မိုးမြင့်မာန် အသည်းယားစွာနှင့် မွေးကိုယ်လေးကို ခပ်တင်းတင်း ဖက်ပြီး ပါးပြင်လေးကို နမ်းလိုက်သည်။ စိတ်ညစ်စရာတွေ အမြန် ကုန်ဆုံးပါစေတော့။

"လက်ထပ်နိုင်အောင် မောင်ကြိုးစားပါ့မယ် မွေးရယ်နော်"

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

ဒီရက်ပိုင်းမှာ မွေးချုပ်ရမှာ သတို့သမီးဝတ်စုံတွေကများ သည်။ သတို့သမီးဝတ်စုံက လက်ဝင်သလို ပိုက်ဆံလည်း ပိုရသည် လေ။ စီးကွမ့်ထိုးတဲ့မေသူက စီးကွမ့်ထိုးစရာရှိရင် အမြဲတမ်း လာ တာ။ အခုကျတော့ မေသူ မမွေးလို စက်ချုပ်တတ်ချင်လို့ သင်ပေး တဲ့။

သူ့မိဘတွေကလည်း မေသူကို အတတ်သင်တန်းကြေး သဘောမျိုး မွေးတောင်းသလောက်ပေးပို့မယ်တဲ့လေ။ မေသူ ပညာရေးမှာ အားနည်းပြီး ဆယ်တန်းခေါခေါကျလို့ ကျောင်းဆက် မတက်သူပါ။ ဒါပေမဲ့ စီးကွမ့်ထိုးတာ၊ အဝတ်ချုပ်တာကျတော့





ထက်ကောင်းစွာနှင့် သိလွယ်တတ်လွယ်သည်လေ။

အခုဆိုရင် –

အလုပ်လုပ်ရင်း နှစ်ယောက်သား စကားတပြောပြောနှင့်

ပေါ့။

"မေသူ",

"ရှင် မမ"

"မမ ဒီမှာ ကိုက်ပြီးသားရှထားတယ်။ လာယူပြီး တွဲလိုက်

ဦး"

"ဟုတ်ကဲ့ မမ"

'ဖြစ်တယ် မဟုတ်လား"

"မှတ်ကဲ့ ဖြစ်ပါတယ် မမရဲ့။ အဟဲ ... မေသူကို အဝင်

ပေးပါနဲ့"

"အေး ... နိုင်းမှလည်း တတ်မှာမို့လို့ နိုင်းနေတာနော်။

ဆိုတာ မတတ်ခင်မှားတတ်တဲ့ လူချည်းပဲ။ မှားတာကို မှန် အောင်ပြန်ပြင်လို့ ရတာပဲ။ မသိတာရှိရင် မေး။ ကြောက်သလိုလို အားနာသလိုလို မလုပ်နဲ့ ကြားလား"

"ဟုတ်ကဲ့ပါ မမ"

မေသူက ကိုက်ပြီးသားယူ၍ စက်ခုံမှာထိုင်လိုက်ပြီ –



www.burmeseclassic.com

www.burmeseclassic.com



"တီ တီ"

"ဟင်"

"တီ တီ"

ကားဟွန်းတီးသံကြောင့် မေသူက မော့ကြည့်ပြီး –

"မမ ဧည့်သည်ထင်တယ်"

"ကျွတ် . . . ဟိုကောင်လေး လာပြန်ပြီထင်တယ်"

မွှေး စိတ်ညစ်စွာ ညည်းတွားလိုက်မိလေသည်။ ဒါပေမဲ့ ဒီတစ်ခါ တော်ပါသေးတယ်။ မွှေးတစ်ယောက်တည်းမဟုတ်ပဲ မေသူပါ ရှိနေလို့လေ။

"ဟင်"

ကားပေါ်က ဆင်းလာပြီး အိမ်ထဲကို ဝင်လာတဲ့လူကို မြင်လိုက်ရတော့ မွှေး အံ့ဩသွားလေသည်။ ဒီတစ်ခါ ထက်ရှားမဟုတ်ပဲ သူ့အစ်မ မသီတာဝင်းပါလား။

"မွှေး"

"ရှင်"

"မွှေး"

"လာ မမ လာ"

မသီတာဝင်း အိမ်ထဲကိုရောက်လာတော့ –





"ထိုင်ပါ မမ။ ဒါနဲ့ ထက်ရှားအစ်ထားတဲ့အင်္ကျီတွေ လာရွေးတာထင်တယ်။ ဟုတ်လား မမ"

"ဟင်"

ထက်ရှားက အင်္ကျီတွေအစ်ထားသတဲ့လား။ ချော်လဲရောထိုင်ပဲ လုပ်ရတော့မှာပေါ့။

"ဆိုပါတော့ကွယ်"

"မမကို အားနာစရာတော့ဖြစ်ပြီ။ မွှေး မချုပ်ရသေးဘူးနော်"

"ဟုတ်လား ဒါဆိုလည်းရတယ် ညီမ။ အေးအေးဆေးဆေး ချုပ်ပါကွယ်။ အင်္ကျီတွေမပြီးသေးဘူးဆိုတော့လည်း အလည်လာတယ်လို့ပဲ သဘောထားရတော့မှာပေါ့ကွယ်"

မွှေးက အားနာသလို ရယ်ကျဲကျဲနှင့် လည်ပင်းပွတ်လေသည်။

မသီတာဝင်းကတော့ ရပါတယ်ပဲ ပြောရတာပေါ့။ သူမ လာခဲ့တာ အင်္ကျီရွေးလာတာမှ မဟုတ်ဘဲလေ။

အင်္ကျီအစ်ထားတဲ့ကိစ္စက မွှေးပြောပြမှ သိရတာပါ။ အိမ်က ထိုက်အိမ်မဟုတ်ပေ။

မွှေးတို့အိမ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတော့ မျက်လုံးက အငြိမ်မနေဘူးပေါ့။ အကဲခတ်သလို လျှောက်ကြည့်နေမိသည်သာ။ အိမ်က သစ်သားအိမ်ပျဉ်ထောင်အိမ်လေးပေမယ့် ကျယ်သည်။ ခင်းထားတဲ့ ပျဉ်တွေကလည်း ပြောင်လက်နေတာပါပဲ။

"မေသူ"

"ရှင် မမ"

"ညည်းသည်ကို ညည်းခံဖို့ မမကို တစ်ခုခုလေးသွားဝယ်ပေးပါလား။ အဆင်ပြေမယ့် တစ်ခုခုပေါ့"

"ဟုတ်ကဲ့ မမ"

"အို . . . နေပါစေ မွှေးရယ်။ ဘာမှ မဝယ်ပါနဲ့။ မမဒီလာရင်း ဗိုက်ဆာတာနဲ့ လမ်းမှာ ရှမ်းခေါက်ဆွဲဆိုင်ဝင်ပြီး စားလာခဲ့တာ ဗိုက်ပြည့်နေပါပြီ"

ထသွားမည်ပြုတဲ့ မေသူက မသီတာဝင်းစကားကြောင့် ပြန်ထိုင်လေသည်။ သူမက မဝယ်နဲ့ဆိုတော့ မွှေးလည်း မေသူကို တစ်ခုခုသွားဝယ်ဖို့ ထပ်မပြောတော့ပေ။

"မမက မဝယ်နဲ့ဆိုလို့သာ၊ ဘာနဲ့မှ ညည်းမခံရတော့ ညည်းဝတ်မကျေသလို မွှေးခံစားရတယ်"

"ရပါတယ် မွှေးရဲ့။ သူစိမ်းတွေမှ မဟုတ်တာကွယ်"





သူစိမ်းတွေမဟုတ်သလို ဆွေမျိုးသားချင်းလည်း မဟုတ်ဘူးလေ။

"ဟုတ်ကဲ့ပါ မမ"

"မွှေး"

"ရှင်"

"ခဏထိုင်ပါဦးကွယ်။ မမ 'မွှေး' ကို ပြောစရာရှိလို့ လာခဲ့တာပါ"

"ရှင်"

ပြောစရာရှိလို့ လာခဲ့တာဆိုတော့ ပထမ မွှေး ကြောင်အမ်းအမ်းလေး ဖြစ်သွားရသည်သာ။ သူမနဲ့မွှေးကြားမှာ ထွေထွေထူးထူး ပြောစရာစကား မရှိဘူးထင်ပါရဲ့။ ဒါပေမဲ့ မွှေး ဆိုဖာပေါ်မှာ သွားထိုင်လိုက်ပြီး –

"ဟုတ်ကဲ့ ပြောစရာရှိတာ ပြောပါ မမ"

သီတာဝင်း ကျက်သရေရှိလှတဲ့ မွှေးမျက်နှာလေးကို အကြာကြီးငေးကြည့်ပြီးမှ –

"မမ စကားကို ကွေ့ပတ်သွယ်ဝိုက်ပြီး မပြောချင်ဘူးကွယ်။ အခု မမ မွှေးဆီလာခဲ့တာ ရွှတ်ရှားကိစ္စကြောင့်ပါ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ထက်ရှားက တစ်ဖွတ်ထိုးမွှေးရဲ့၊ သူလိုချင်တာရှိရင်
အခုလည်း မွှေးကို သူတကယ်မြတ်မြတ်နိုးနိုးနဲ့ချစ်လို့ တောင်း
လက်ထပ်ပေးပါတဲ့။ အဲဒါကြောင့် မမ မွှေးဆီကို လာခဲ့ရတာ
ကွယ်"

မွှေး မျက်လုံးလေးဝိုင်းသွားရသည်သာ။ ဒီကောင်လေး
ဘယ်လိုကောင်လေးပါလိမ့်။ မွှေးမှာ ချစ်သူရှိနေတာကို သူ မသိတာ
လည်း မဟုတ်ပေ။

"တကယ်ဆို မမ၊ မွှေးရဲ့မိဘတွေနဲ့ ဒီစကားကို ပြောရမှာ
အခု မွှေးက မိဘတွေမရှိတော့ မွှေးကိုပဲ ပြောရတာ အားတော့နာ
တယ်"

မွှေးကလည်း လူကသာ နုညံ့သိမ်မွေ့တာ။ စိတ်ဓာတ်က
မာကျောပြတ်သားသူမို့ ကိုယ့်ဆုံးဖြတ်ချက်အတွက် ဘယ်သူ့ကို
တိုင်ပင်နေစရာမလို။ ဒါကြောင့် –

"မမ"

"ပြောလေ မွှေး"

"မမကိုတော့ မွှေး အားနာပါတယ်။ အခု မမရဲ့ လာရင်းကိ
ကို မွှေးတစ်ခါတည်း ပြတ်ပြတ်သားသား ငြင်းလိုက်ပါရစေ။ စိတ်မ
ပါနဲ့ မမ"





"ဟင်"

မသီတာဝင်း မျက်နှာပျက်သွားလေသည်။ ကိုယ်ကမှ
က်မခံနိုင်တာ မဟုတ်နိုင်ဘူးလေ။ မွှေးကိုပြောလို့ရမယ်လို့ အပိုင်
တွက်လာသလားတော့ မပြောတတ်ပေ။ ငြင်းတာနဲ့ မျက်နှာပျက်
သွားတာက သိသိသာသာ။

ဒါ ငွေရှိတယ်ဆိုပြီး ဖြစ်ချင်တိုင်း ဖြစ်ခွင့်ရမယ်လို့ ထင်
နေကြသလား မသိပါဘူး။

"မွှေး"

"________"

"ထက်ရှားမှာ ဘာအပြစ်ရှိလို့ ငြင်းတာလဲမသိဘူး။ မမ
သိခွင့်ရှိမလား မွှေး"

မွှေး လွှန့်ခနဲ ပြုံးလိုက်မိကာ –

"သိခွင့်ရှိပါတယ် မမ။ ထက်ရှားမှာ ဘာအပြစ်မှ မရှိပါဘူး။
အခုလို မွှေးငြင်းတာ မွှေးမှာ ချစ်သူရှိနေလို့ပါ။ မွှေး မောင့်နေရာမှာ
ဘယ်သူ့ကိုမှ အစားမထိုးနိုင်လို့ပါ မမ။ မောင်က အရမ်းဆင်းရဲပါ
တယ်။ ဒါပေမဲ့ ရိုးသားတယ်၊ မမတို့က ချမ်းသာကြွယ်ဝတဲ့သူတွေပဲ။
ထက်ရှားအတွက် အိမ်ထောင်ဖက်ကို စိတ်ကြိုက်ရွေးဖို့ မရှားဘူးလို့
ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သီတာဝင်း သက်ပြင်းချပြီး ခေါင်းညိတ်လိုက်မိသည်။ ဖြတ်
သားလိုက်တဲ့ မိန်းကလေး။ ကိုယ့်မောင်လို ဥစ္စာပေါ၊ ရုပ်ချော
ပညာတတ်တစ်ယောက်လို ရွေးရကောင်းမှန်းနဲ့ တွေဝေနေတာမျိုး
မရှိပေ။

ကိုယ့်မောင်အတွက်တော့ ...

စိတ်မကောင်းရုံကလွဲပြီး ဘာတတ်နိုင်မှာတဲ့လဲ။

❋



## အခန်း (၂၂)

"တောက်"

ကိုယ့်ကိုငြင်းပယ်လိုက်ခြင်းအတွက် ထက်ရှားရင်ထဲမှာ မခံချိ ခံသာပါ။ သူ့မှာချစ်သူရှိတာကို မသိလို့မဟုတ်ပါဘူး။ ဒါပေမဲ့ ... သူချစ်သူ ဆိုတဲ့လူနဲ့ ကိုယ့်ရဲ့အခြေအနေက မိုးနဲ့မြေလို ကွာခြားသည်လေ။

ဒါကို ဘယ်လိုအတွေးနဲ့ ဟိုလူကိုမှ တန်းတန်းစွဲ ဖြစ်နေရတာလဲ။

"စိတ်လျှော့လိုက်စမ်းပါ ထက်ရှားရယ်။ ဘာလို့မရတာကိုမှ ပိုပြီး ပိုပြီးလိုချင်နေတာလဲ။ နင်သာ မပွေမရှုပ်နဲ့ ကောင်းအောင်နေ။



www.burmeseclassic.com

www.burmeseclassic.com



သူထက် ဆယ့်နှစ်ဆသာတဲ့မိန်းမကို မင်းရနိုင်တယ်လေ''

''မလေးမသိဘဲနဲ့ ဝင်မပြောစမ်းပါနဲ့။ သူထက်သာတိုင်း ချစ်လို့မရဘူးလေဗျာ''

''နင်ကလည်း ချစ်မှ ချစ်တတ်လေတယ် ထက်ရှားရယ်။ သူမှာ ချစ်သူရှိလို့ လက်မခံနိုင်ပါဘူးဆိုတာကို တို့က ဘာထပ်လုပ်ပေး ရမှာလဲ''

အခု တစ်ခါပြောသူက မကြီးပါ။ ထက်ရှား အောက်နှုတ်ခမ်း ကို ဖိကိုက်မိလိုက်ပြီး –

''ကျွန်တော်က ယဉ်ယဉ်ကျေးကျေးနဲ့ မိသားဖသားပီပီ သွား တောင်းခိုင်းတာ။ ဒါကိုမှ လက်မခံဘူးဆိုတော့ အဟွန်း''

''ထက်ရှား''

ထက်ရှား ဖေဖေ့ကို ငုံ့ကြည့်လိုက်သည်။

''မင်း ဘာလုပ်မလို့လဲ။ သူ့ဘာသာသူ အေးအေးချမ်းချမ်း နေတာ။ သူများကို ပန်းကောင်းအညွန့်ချိုးတော့ မလုပ်နဲ့နော်။ ဓါ ခွင့်မလွှတ်ဘူး''

''ကိုသော်''

''မင်း ဝင်မပြောနဲ့ ခင်''

ဦးသော်ခန့် ဇနီးသည်ကို ဟောက်ပစ်လိုက်သည်။ နေရာ





တော ကာသီးကာသီးနဲ့ သူတို့ အလိုလိုက်နေလို့ ဒီကောင် မချင်တာကို ဖွတ်လုပ်တတ်လာတာ မဟုတ်လား။

''သား သူကို ပန်းကောင်းအညွန့်ချိုးမလုပ်ပါဘူး။ အဝိုင် ချိုချင်လို့ စျေးကောင်းပေးဝယ်တာကို မရောင်းဘူးဆိုတော့၊ ညင်ညင် သာသာမရရင် ခပ်ကြမ်းကြမ်းချိုးယူမှာ''

''အဲဒါ မင်း လူစိတ်မမွေးတာ''

ထက်ရှား ဖခင်ဖြစ်သူကို ပေစောင်းစောင်းပြန်ကြည့်ပြီး မျက်နှာလွှဲပစ်လိုက်တော့သည်။/

''တွေ့လား ခင်၊ အဲဒါ မင်းတို့ပိုင်းပြီး အလိုလိုက်လို့ ဒီကောင် စိတ်ဓာတ်ပျက်စီးတာ။ ဒီမှာထက်ရှား''

''------''

''မင်း မြဲမြဲမှတ်ထား။ အခု မင်းဝင့်လည်တာ။ မင်းကြောင့် အသည်းကွဲခဲ့ရတဲ့ မိန်းကလေး ဘယ်နှစ်ယောက်လဲ မှတ်မိလား။ အခု မင်း ဝင့်ပြန်လည်တာ။ အေး အခု မင်း သူများချစ်ခြင်းကို ခွဲလိုကတော့''

ဦးသော်ခန့် နှုတ်ခမ်းကို ခပ်တင်းတင်းစေ့လိုက်ပြီး ပြန်အဖွင့် မှာတော့ –

''အဲဒီဝင့်လည်း လည်ဦးမှာပဲ နားလည်လား''



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့တဲ့လား။ ကိုယ်မြှုခဲ့သမျှ ဝဋ်ပြန်လည်မှာ ကြောက်ရွံ... ရင် လောကမှာ လူဆိုးလူမိုက်ဆိုတာ ရှိလာမှာမဟုတ်ပေ။ လည်... လည်း လည်ပေါ့။

ထက်ရှားဆိုတဲ့ကောင်က –

အခရေးမိုက်မှာမှ မဟုတ်တာ။

❋



## အခန်း (၂၃)

"ဘာ ထက်ရှား ဟုတ်လား"

"ဟုတ်တယ် ဖြိုး။ သူ့အစ်မကိုယ်တိုင် လာပြီးပြောတာ။ ငါ လက်မခံပါဘူး။ သူဘာသာသူ ဘယ်လောက်ပဲချမ်းသာ ချမ်းသာ ငါက အဲဒီချမ်းသာကြွယ်ဝမှုတွေကို မက်မောတတ်တဲ့ မိန်းကလေးမှ မဟုတ်တာ"

"မမလက်ခံတော့ ကျွန်တော် လုံးဝ လက်မခံနိုင်ဘူး။ ဒီကောင်က ဘာလဲ၊ မမှာ ချစ်သူရှိမှန်းသိနေလျက်နဲ့ သူများချစ်သူကို ကြောင်တောင်နိုက်ချင်တာလား"

ဖြိုးစကားက ရိုင်းသွားပြီလားတော့ မပြောတတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



နိုင်းလည်း မတတ်နိုင်ဘူးလေ။ မှန်တာပြောတာပဲဥစ္စာ။ သူ့အတွက် လက်ထပ်ဖို့ မိန်းကလေး ဒီလောက်တောင်ရှားလား။ သူ့အကြောင်းကို ကိုယ်တွေက ဂဃနဏသိတာလည်းမဟုတ်။ သူ့စိတ်ဓာတ် ဘယ်လို တယ်ဆိုတာ သိဖို့က ပိုလို့တောင် ဝေးသေးတယ်။

မှန်တာပြော သစ္စာတဲ့။

ဖြိုးကတော့ မမကို အစ်ကိုနဲ့ပဲ သဘောတူသည်။ စိတ်ဓာ ခွဲလမ်းမှုကအခက်သား။ အစ်ကိုကလွဲပြီး အခြားသူနဲ့ မမကို သဘော မတူနိုင်ပေ။ အစ်ကိုက ရိုးသားသည်။ ကြိုးစားသည်။ လူမချမ်းသာတာ ဘာဖြစ်လဲ၊ တစ်သက်လုံး လက်တွဲသွားရမှာ။ စိတ်ချမ်းသာဖို့ကသာ အဓိကပါ။

"အဲဒီကောင်လေးက တစ်ဖွတ်ထိုး တစ်ဖောက်ကန်တဲ့ ပြီးခဲ့။ ငါ သူ့ကို လုံးဝကြည့်လို့မရဘူး။ သူလာတာ မကြိုက်ပေမယ့် အကျီလာချုပ်တာဆိုတဲ့အကြောင်းပြချက်ပါလာတော့ ငါက ကောင်း ကောင်းမွန်မွန် ဆက်ဆံရတာပဲလေ"

"အခု တစ်ခါလာရင် အပြတ်ပြောလိုက် မမရေ။ ချုပ်မပေးနိုင် ဘူးလို့။ သူ့အကျီမချုပ်ရလို့ မမ အလုပ်မရှိ အကိုင်မရှိနဲ့ ငုတ်တုတ် ထိုင်နေရမှာမှ မဟုတ်တာ။ မမ လက်မလည်အောင်ချုပ်နေရတာပဲ မဟုတ်လား"





"ငါက လူမှုရေးအရ အားနာလို့ လက်ခံထားတာပါ"

ဒါ အမှန်ကန်ဆုံးစကားပါ။ မွေး ကောင်လေးကို လူမှုရေးအရ ပဲ ကောင်းကောင်းမွန်မွန် ဆက်ဆံတာပါ။ ကိုယ့်ကို သဘောကျပါ တော့လို့ မာယာလည်းမများ။ ဝဲလည်းမပေးပြခဲ့ဘူးလေ။ သူ့ဘာသာ ရူး သဘောကျတာ သူ့အကြောင်းပဲပေါ့။

မေတ္တာဆိုတာ အလျားအနံမရှိပေမယ့် အသွားအပြန်ရှိတယ် ။ အချစ်ဆိုတာကတော့ ပေးတိုင်းမယူ လိုချင်တိုင်းမရနိုင်တဲ့ အရာ ။

"တီ တီ"

"------"

"တီ တီ"

ကားဟွန်းတီးသံကြားပြီး အိမ်ရှေ့မှာ ကားတစ်စီးရပ်သွားလေ တော့ မွေး ခါးလေးဆန့်၊ လည်ပင်းလေးရှည်သွားလေသည်။ ထင် ထိုက်တဲ့အတိုင်းပဲ သူ့ကားပါလား။

"လာပြန်ပြီ"

ဖြိုးက လှည့်ကြည့်ပြီး –

"ဘာလာတာလဲ မမ"

"ထက်ရှားသော်"



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးမျက်နှာ ချက်ချင်းပဲ တင်းသွားလေသည်။ တွေကြဲသော
တာပေါ့။

"မမ"

"ဟင်"

"သူ့အင်္ကျီတွေ ချုပ်ပြီးပြီလား"

"မချုပ်ရသေးဘူး ဖြိုး"

"အဲဒါဆို သူအပ်ထားတဲ့အစတွေ ကျွန်တော့်ကိုပေး"

"နင် ဘာလုပ်မလို့လဲ"

"ကျွန်တော် ရှင်းမယ်၊ မမ ဝင်မပါနဲ့"

"အေး . . . အေးပါ"

မွှေး ခပ်သွက်သွက်ပဲ ရှိုကေ့စ်ဆီသို့သွားပြီး ရှိုကေ့စ်ထဲမှာ
ထည့်ထားတဲ့ ထက်ရှားအဝတ်စတွေကို ထုတ်ယူနေစဉ် ထက်ရှား
အိမ်ထဲဝင်မည်အပြု ဖြိုးက အပေါက်ဝမှာ ရပ်နေကာ –

"မင်းက ထက်ရှားသော်လား"

ဖြိုးအမေးကြောင့် ထက်ရှား မျက်မှောင်ကြုတ်သွား
သည်။ ပြီးတော့ . . . တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်
တဲ့ ခပ်စူးစူးအကြည့်တွေနဲ့ ဆုံမှတ်သည် တချင်းသာဆို မီးပွင့်သွား
ပေါ့။





"ဟုတ်တယ် . . . ဘာဖြစ်လဲ"

"ဟုတ်တယ်ဆိုရင် ပြောစရာရှိလို့"

"ဘာပြောမှာလဲ"

"အရ မင်း ဘာလာလုပ်တာလဲ"

"မင်းက ဘာလို့ မေးတာလဲ။ မင်းက ဒီအိမ်က 'မ' နဲ့
ယ်လိုပတ်သက်လဲ"

"ငါက မမမွှေးရဲ့မောင်အရင်း ဝေဖြိုးအောင်"

"ဪ"

ထက်ရှား မခံ့တွန်၍ ပြုံးလိုက်သည်။ ဖြိုးမှ –

"ငါ 'မ' ဆီမှာ အင်္ကျီတွေချုပ်ဖို့အပ်ထားတယ်။ အဲဒါတွေ
ယူတာ"

ဖြိုး မမကို လှည့်ကြည့်ပြီး –

"မမ ထုတ်လို့ပြီးပြီလား"

"ပြီးပြီ"

"မြန်မြန်ယူခဲ့"

မွှေး အင်္ကျီစတွေကို အိတ်ထဲထည့်ပြီး ဖြိုး လက်ထဲသို့
ထည့်ပေးလိုက်လေသည်။

"မင်း တော်တော်ရိုင်းတာပဲ။ ညီ့သည်ကို အိမ်ထဲဝင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရကောင်းမှန်းမသိ၊ ဆက်ဆံရေးညှိဖျှင်းလိုက်တာ"

"ဘာကွ"

မောင်လေး ဘာလုပ်မယ် ဘာပြောမယ်ဆိုတာ မွေးက ငြိမ်သက်ပြီး ကြည့်နေ၊ နားထောင်နေလိုက်ရုံသာ။ မနေ့က သူ့ မွေး အပြတ်ပြောလိုက်ပြီးပြီလေ။

မွေးသဘောထားကို သိပြီးရောပေါ့။ ဒါတောင် အရှက် လာနေသေးတယ်။

"ငါက ဆက်ဆံရေးမညှိဖျှင်းတတ်ဘူး။ မင်းကို အလိုမရှိ ရှင်းလား။ ရော့ မင်းအင်္ကျီတွေ"

ဖြိုးက အထုပ်ကို ထက်ရှားရင်ခွင်ထဲသို့ ပစ်ထည့်ပေး တော့ ထက်ရှား ဒေါသထွက်သွားလေသည်။ ဒါ ကိုယ့်ကို ခွေး နည်း မောင်းထုတ်တဲ့သဘောပေါ့။ ကိုယ်က သူတို့အဲ ဒီလိုလုပ်တာ ခေါင်းငုံ့ခံနေရမယ့် လူတန်းစားလား။

"မင်း အင်္ကျီတွေကို အခုလည်း ချုပ်မပေးနိုင်ဘူး။ နောက် လည်း လာမအပ်နဲ့။ ငါ့အစ်မက မင်းကို ငြင်းလိုက်ပြီးသား။ နောက် ထပ် ငါ့အစ်မနဲ့ မင်းလာပတ်သက်ဖို့ လုံးဝ မကြိုးစားပါနဲ့"

"ဪ ... မင်းက ဒီလိုလား"

"ဟုတ်တယ်"





အပွဲပွဲ နွှဲလာခဲ့သမျှ ဒီပွဲကျမှ နှပ်ပစ်ခံရမယ်ဆိုတာ အဓိပ္ပာယ် ရှိတာ။ ထက်ရှား ဘယ်လိုကောင်လဲဆိုတာ နဂါးမှန်း သိအောင်တော့ မောက်ထောင်ပြမှဖြစ်တော့မည်။ ထက်ရှားကို ဒီလိုလာကြောလို့ နေလား။

"ဒါဆို ငါကလည်း မင်းသိအောင် တစ်ခါတည်းပဲ ပြော လိုက်မယ်"

"_________"

"ထက်ရှားဘဝမှာ လိုချင်တာမရဘူးဆိုတာ မရှိခဲ့သေးဘူး"

"အဲဒါ မင်းကိစ္စ၊ ငါနဲ့မဆိုင်ဘူး"

"ဆိုင်တာပြောမယ်လေ"

ပြောပြီး ထက်ရှားရင်ခွင်ထဲက အထုပ်ကို ရောက်ချင်ရာ ရောက် ပုံစံမျိုးဖြင့် လွှင့်ပစ်လိုက်လေသည်။ ပြီးမှ –

"မင်းအစ်မ ချုပ်မပေးလို့ ငါက ကိုယ်ဗလာနဲ့နေရမယ့်ကောင် မှ မဟုတ်တာ။ ငါဝတ်တဲ့အင်္ကျီတံဆိပ်ကိုကြည့်။ ဒီလိုအစမျိုးကို တစ်ကူးတကလာချုပ်တယ်ဆိုတာ မင်းအစ်မကို မြတ်နိုးလို့။ သူချုပ် ပေးတာကိုမှ ဝတ်ချင်လို့။ မိုးရှားမြှောက်တာကိုမှ လက်မခံဘူးဆိုတော့ လည်း"

"ဟေ့ကောင် ... မင်း ခွေးစကားမပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



“ဖြိုး”

ဖြိုး ပုဆိုးကို ပြင်ဝတ်လိုက်တာမို့ မွှေး ရင်ထိတ်သွားသေးသည်။ အစ်ကိုတွေ၊ မောင်တွေဆိုတာ နမရဲ့အရှက်သိက္ခာနဲ့ ပတ်သက်လာရင် အသက်ပေးဝံ့သူတွေပါ။ ဒါကြောင့် မွှေး ဖြိုးလက်မောင်းကို ဆုပ်ကိုင်ပြီး –

“စိတ်လျှော့ပါ ဖြိုးရယ်နော်။ ထက်ရှား မင်းပြန်ပါတော့။ အစ်မတောင်းပန်ပါတယ်။ မင်းပြန်ပါတော့”

ထက်ရှား မဲ့ပြုံး ပြုံးလိုက်ပြီး –

“ပြန်မှာပါဗျာ၊ မပြန်ခင် စကားလေးနည်းနည်းပြောခဲ့ချင်လို့”

ထက်ရှား ဖြိုးနှင့်နီးအောင် ရှေ့တိုးလိုက်ပြီး ဖြိုးမျက်နှာကို စေ့စေ့ကြည့်ကာ –

“ဒီမှာ ဟေ့ကောင်”

“——————”

“ထက်ရှားဆိုတဲ့ကောင်က လိုချင်တာကို ရမှ ကျေနပ်တာ။ မင်းအစ်မကိုလည်း ငါ ရအောင် ယူပြမယ်။ စောင့်ကြည့်”

“ဟင်”

“တောက်”





ဖြိုး မမလက်ကို ကမန်းကတန်း ဖယ်ချပြီး –

“ကဲကွာ”

“ခွပ်”

“အ”

“ခွပ်”

“ဖြိုး မလုပ်နဲ့”

“ကိုဖြိုး”

မွှေးနဲ့ မေသူ နှစ်ယောက်က ဝိုင်းဆွဲရလေသည်။ မေသူလည်း ရှိနေသည်လေ။ သူမက ဘာမှဝင်ပြောခွင့်မရှိလို့ တိတ်ဆိတ်ငြိမ်သက်နေခဲ့သူပေါ့။ ဖြိုးကို ဆွဲထားကြတော့ ထက်ရှား နာသွားတဲ့နေရာကို ပွတ်ရင်း –

ခပ်ရှုးရှုးအကြည့် –

မဲ့ပြုံး –

ပန်းတွန့် –

ဒါတွေကို တစ်ပြိုင်တည်းအသုံးပြုပြီး တစ်ခွန်းချင်းပြောလိုက်တာက –

“ငါ့ရဲ့နာကျင်မှုအတွက် မင်း အလျော်ပြန်ပေးရမယ်”

“ဟာကွာ ... တောက်”



www.burmeseclassic.com

www.burmeseclassic.com



"မြိုး"

ထက်ရှား ချာခနဲလှည့်ထွက်သွားလေတော့သည်။ သူနောက်ကျောမှာ အမြိုးအတေးတွေ ကပ်ပါသွားခဲ့ပြီပေါ့။

✻



✻

## အခန်း (၂၄)

မိုးမြင့်မာန် မွေးအချစ်ကို ပိုင်ဆိုင်ခွင့်ရတာ ကံကောင်းပေမယ့် ကိုယ့်တဝအကျိုးပေး နုံချာလို့ ဆင်းရဲတာက ကံဆိုးတာပါ။ အမေဆုံးသွားပြီးတော့ ဆေးဖိုးဝါးခတော့ သက်သာသွားတာပေါ့။ ကျောင်းသားနဲ့ အလုပ်သမားတွေရှိတော့ အမေက မနက်စောစော ထမင်းထချက်။

အိမ်မှုကိစ္စတွေလုပ်။

အခု အမေကတော့ ပြောနေတယ်လေ။ အိမ်မှုကိစ္စလုပ်ရင်း အိမ်မှာ ဆန်ရောင်းရင်ကောင်းမလားလို့တဲ့။ အဲဒါ မွေးကိုတိုင်ပင်ကြည့်တော့ –



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ဟင်"

"မောင်တို့လမ်းထဲမှာ ကုန်စုံဆိုင် ဘယ်နှစ်ဆိုင်ရှိလဲ"

"တစ်ဆိုင်ပဲရှိတာလေ။ ဘာဖြစ်လို့လဲ မွေ့ရဲ့"

"မောင့်အမေကို ဆန်မရောင်းနိုင်ပဲ ကုန်စုံဆိုင်လေးဖွင့်ပြီး ရောင်းခိုင်းပါလားဟင်"

မိုးမြင့်မာန် ပြုံးလိုက်ပြီး –

"မောင်တို့မှာ ကုန်စုံဆိုင်ဖွင့်ရလောက်အောင် အရင်းအနှီး မရှိဘူး မွေ့ရဲ့"

"မွေ့ ထုတ်ပေးမယ်လေ"

"မဟုတ်တာ မွေ့ရယ်၊ မောင် ယောက်ျားပါလို့ မြော[illegible] လေ။ မွေ့ပေးတာကို ယူလိုက်ရင် မောင်က ချူစားနေတဲ့ယောက်ျား ပိုင်းလုံးဖြစ်သွားမှာပေါ့"

"မွေ့ ကြည်ဖြူလို့ပေးတာပဲ မောင်ရယ်။ ပိုင်းလုံးဖြစ်ရော လား။ ပိုင်းလုံးဆိုတာကလေ တကယ်မချစ်ဘဲနဲ့ ချစ်ဟန်ဆောင်ပြီး ချူစားတာကို ခေါ်တာ။ အခု မောင်က မွေ့ကိုတကယ်ချစ်တာပဲဥစ္စာ"

"အဟား ... စကားကလည်း တတ်ပါ့"

"စကားတတ်တာ မဟုတ်ပါဘူး။ စကားကြွယ်တာ"





"ဟင် ... ဘာထူးလို့လဲ"

"ထူးထူး၊ မထူးထူး ဆင်ခြေပေးကြည့်တာ"

မိုးမြင့်မာန်၊ မွေ့ပခုံလေးကို ဖက်ပြီး ပါးပြင်လေးကို ဖျတ်ခနဲ နမ်းလိုက်လေသည်။ အပြင်မှာ လျှောက်လည်တာ ဒါနဲ့ဆို နှစ်ခါရှိပြီ ပေါ့။ နေ့တိုင်း တစ်ယောက်မျက်နှာတစ်ယောက် မြင်ခွင့်ရနေပေမယ့် အခုလို အေးအေးဆေးဆေး စကားပြောပြီး ကြည်နူးခွင့်မရဘူးလေ။

"မွေ့"

"ဟင်"

"ထက်ရှားဆိုတဲ့ကောင်နဲ့ ဖြိုး ပြဿနာဖြစ်လို့ဆို"

"ဟုတ်တယ် မောင်"

"ဘာဖြစ်ကြတာလဲ"

ထက်ရှားဆိုတဲ့ နာမည်ကြားတာနဲ့ မွေ့သက်ပြင်းချပြီး မျက်နှာလေးညိုသွားလေတော့သည်။ အဲဒီနာမည်ကို မကြားချင် လောက်အောင်ကိုပဲ မွေ့ မုန်းပါသည်။ ဖွတ်တရွတ်ဆန်လွန်းတာမို့ ရှိုးလည်းရွံ့ ကြောက်လည်းကြောက်ပါပဲ။

"ပြောလေ မွေ့"

"မွေ့ မပြောချင်လို့ တမင်ဖုံးကွယ်ထားတာမဟုတ်ပါဘူး မောင်။ မွေ့ အဲဒီကောင်နာမည်ကို ပါးစပ်ထဲထည့်မပြောချင်လို့



www.burmeseclassic.com

www.burmeseclassic.com



မပြောဘဲ ထားတာပါ"

"ထက်ရှားဆိုတာလား"

"ဟုတ်တယ် မောင်၊ အဖြစ်က ဒီလိုပါ"

မွှေး ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်တော့သည်။ မမြော့ရဲ့စရာအကြောင်းမှ မရှိပဲလေ။ စတွေ့မှု မြင်မှုကတည်းက မွှေးဘက်က သူ့ကို အလေးထား အမှတ်ထားခဲ့တာတွေ မရှိဘူးလေ၊ ရင်းနှီးကျွမ်းဝင်ခဲ့တာလည်း မရှိ။ မျက်နှာသာပေးခဲ့တာလည်းမရှိ။

အဲဒီ . . . မရှိ၊ မရှိတွေကြားထဲက –

သူဘာသာသူ မွှေးအပေါ် တစ်ဖက်သတ်စွဲလမ်းသွားတာတော့ မွှေး မတတ်နိုင်ဘူးပေါ့။ အခု မွှေးဘက်က ပြတ်ပြတ်သားသား ငြင်းထားပြီးသားပဲလေ။ မွှေးရင်ထဲမှာ မောင်ကလွဲရင် ဘယ်သူမှမရှိ မောင့်နေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးနိုင်နှင့် –

မောင်သာလျှင် ထာဝရ

မောင်သာလျှင် ထာဝရ

မောင်သာလျှင် ထာဝရ

ပါလေ။

"အဖြစ်က အဲဒါပါပဲမောင်။ သူမွှေးတို့ မောင်နှမအပေါ်မှာ အငြိုးအတေးထားသွားပြီလား မသိဘူး။ မွှေး သူနဲ့ ထပ်ရင်ဆိုင်ရမှာကို





ကြောက်နေမိတယ်"

"အာဃာတထားမှာကတော့ သေချာတယ် မွှေး။ ဒါကြောင့် မွှေး သတိနဲ့သွား၊ သတိနဲ့နေဖို့တော့ လိုတယ်"

"မွှေးလေ အဲဒီထက်ရှားကို ရွံလည်းရွံ့ ကြောက်လည်း ကြောက်တယ် သိလား"

မိုးမြင့်မာန် မွှေးမျက်နှာလေးကို စိုက်ကြည့်နေမိလိုက်သည်။ တကယ်လို့ ထက်ရှားကို မွှေးသာ ကြည်ကြည်ဖြူဖြူနဲ့ လက်ခံခဲ့ရင် ဒီပြဿနာတွေ ဖြစ်လာစရာအကြောင်း မရှိဘူးလေ။ မွှေးက ကိုယ့်ကို သိလို့ချစ်လို့ လက်မခံတာပဲပေါ့။ တကယ်ဆို ထက်ရှားက မွှေးပြောပြပုံ အရဆို အဘက်ဘက်က ပြည့်စုံသူပါ။

မွှေးသာလက်ခံရင် –

နေနဲ့လ ရွှေနဲ့မြ ဖြစ်မှာအသေအချာပါပဲ။ ကိုယ်က ရိုးသားမှုနဲ့ ကြိုးစားချင်တဲ့စိတ် ရှိတာကလွဲရင် ကျန်တာ ဘာမှမရှိတဲ့ကောင်။ ဒါကို သစ္စာရှိရှိနဲ့ ချစ်နေပေးတဲ့ မွှေးလိုမိန်းကလေးမျိုးကို ချစ်မြတ်နိုးတာထက် မလေးစားဘဲ မနေနိုင်တော့ပေ။

"မွှေး"

"ဟင်"

"မောင် အရမ်းကံကောင်းတာပဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မောင်"

"ဘာဖြစ်ရမှာလဲ မွေးရဲ့။ မွေးက ထက်ရှားလို့ အစစအရာရာ ပြည့်စုံတဲ့သူကို လက်မခံဘဲ မောင့်အပေါ်မှာ သစ္စာရှိပေးလို့လေ။ အဲဒါကြောင့် မွေးရဲ့အချစ်ကို ပိုင်ဆိုင်ခွင့်ရထားတာ မောင် အရမ်းကံကောင်းတယ်"

"ဟင်"

"ဘာဟင်လဲ"

"အဲဒါတောင် မောင်က မွေးကို ဂရုမစိုက်ဘူး"

"ဟောဗျာ . . . ရတဲ့အချိန်လေးမှာတော့ ဂရုစိုက်ပါတယ် မောင့်ချစ်သူရဲ့။ ကဲ မောင် ဘာလုပ်ပေးရမလဲ ပြော"

မွေး မောင့်လက်မောင်းကို ပါးနှင့် ကပ်ထားလိုက်ကာ –

"ဘာမှလုပ်ပေးစရာမလိုပါဘူး မောင်ရယ်။ မောင် မွေးကို ချစ်နေရင်ပဲ မွေးက ကျေနပ်နေသူပါ"

"အဲဒါတော့ စိတ်ချ၊ မောင့်အချစ်တွေ အားလုံး မောင့်ချစ်သူဆီ အကုန်အစ်ပါတယ်ဗျာ"

"အဟွန်း"

"သိပ်ချစ်လို့ကောင်းတဲ့ကောင်မလေးပဲ"

"သွားပါ အပိုတွေ"





"မဟုတ်ပါဘူးဗျာ၊ မောင်က ရင်ထဲမှာရှိတဲ့အတိုင်း ပြောတာ။ မျက်နှာကို သေသေချာချာကြည့်ပါဦး။ လူလိမ်ရုပ်ပေါက်လို့လား"

မျက်နှာကိုကြည့်ဆိုလို့ မွေးမော့ကြည့်လိုက်တော့ နဖူးလေးပေါ်မှာ မွှေးခနဲဖြစ်သွားလေသည်။ ပြီးတော့ ပါးပြင်လေးဆီမှာလည်း မွှေးတတ်က ခသွားလို့ပေါ့။ မွေး မောင့်ခါးကို ပြန်ဖက်လိုက်ပြီး မောင့်ရင်ဘတ်ကို ခိုးနမ်းလိုက်မိလေတော့သည်။

"ဟား ဟား"

"ဟင် . . . ဘာရယ်တာလဲ"

"အနမ်းသူခိုးမလေး"

"ခစ် ခစ်"

တဖျပ်ဖျပ်တိုက်ခတ်လာတဲ့လေရယ်၊ ချစ်သူရယ်သံလေးရယ်က အပူငြိမ်းစေသို့နှယ်ပါလေ။ ပူပန်သောကဆိုတာ ဒီအချိန်မှာ ကိုယ်နှင့်မသက်ဆိုင်သလိုပါပဲလား။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"အမယ်လေး သားကြီး ပြန်လာပြီ။ လုပ်ပါဦး သားကြီး ရယ် ... မြန်မြန်လာပါ"

"ဟင်"

မိုးမြင့်မာန် အိမ်ကိုရောက်ရောက်ချင်းပဲ သူ့ကိုမြင်တာနှင့် အမေက ငိုသံငိုလေတော့ ရင်ထိတ်သွားလေသည်။ ဘာများဖြစ်ပြန် ပြီလဲ။

"မင်း ညီလေးကို ကယ်ပါဦး သားကြီးရယ်"

"ဟင် ... ဘယ်သူလဲ၊ ဘာဖြစ်လို့ အမေ"

"အငယ်ကောင်လေးပေါ့၊ ကိုယ်တွေအရမ်းပူပြီး သတိ





လစ်နေတယ်"

"ဟာ"

မိုးမြင့်မာန် လွယ်အိတ်ကိုပင်မချွတ်ဖြစ်ပဲ ကလေးဆီသို့သာ အမန်းကတန်း သွားရလေတော့သည်။ သူ့ရမာန်လေး နေမကောင်း ဖြစ်နေတာ နှစ်ရက်ရှိပြီလေ။ မနက်က သူထွက်သွားတော့တောင် အိမ်ရှေ့ကကြောင်လေးနဲ့ ကစားနေသေးတာဆိုတော့ သူ ဒီလောက် စိတ်မပူမိဘူးပေါ့။

"သူရ သူရ"

"သားငယ်လေး"

ခေါ်ပေမယ့် ကလေးက မထူးနိုင်ဘူးလေ။

"အမေ"

"ဟင်"

"ဒီအတိုင်းထားလို့မဖြစ်ဘူး အမေ။ ဆေးခန်း သွားရ အောင်"

"အေး ... အေး"

မိုးမြင့်မာန် ကလေးကိုပွေ့ချီပြီး ဆေးခန်းသို့ ပြေးရလေတော့ သည်။ ဒီလိုပဲ သူတို့မှာ အဲဆင်မပြေခြင်းတွေ တစ်ခုပြီးတစ်ခုနဲ့ ဆုံးမသွားလေရာ မိုးလိုက်လို့ရွာဆိုတာမျိုးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းရောက်တော့ –

"ကလေးက သွေးလွန်တုပ်ကွေးဖြစ်နေတာ။ ဆေးရုံတက်ဖို့ အစ်မကြီး။ လောလောဆယ် ကျွန်တော် ဆေးထိုးပေးလိုက်ပါ့မယ်"

သားအမိနှစ်ယောက် အကြည့်ချင်းဆုံသွားကြပြီး ဒေါ်စုနှင်း စန်းနွဲ့ သားအတွက် ပူပန်သောကတွေကြောင့် မျက်ရည်တွေက ကျလာပြန်သည်။

"အမေ"

"သားကြီး"

"ဆေးရုံတက်ရမယ်ဆိုတော့ ကျွန်တော် တက္ကစီသွားငှား လိုက်ဦးမယ် အမေ"

"အေး အေး ... မြန်မြန်ပြန်လာခဲ့နော် သားကြီး။ အမေက ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ပါဘူးကွယ်။ အဟင့်"

"မငိုပါနဲ့ အမေရယ်၊ ကျွန်တော် အမြန်ပြန်လာခဲ့ပါ့မယ် နော်"

"အေးပါ သားကြီးရယ်"

မိုးမြင့်မာန် ဆေးခန်းထဲကနေ ထွက်လာခဲ့တော့သည်။ ရင် တွေပူလိုက်တာ။ ငွေရေး ကြေးရေးဆိုတာထက် ကလေးအတွက် ပိုပြီး စိတ်ပူမိတာပါ။





သူ့ရ ဘာမှမဖြစ်ပါစေနဲ့၊ မြန်မြန်ပြန်နေကောင်းပါစေ။

မိုးမြင့်မာန် ...

Taxi ငှားလို့ရတာနှင့် ကလေးကို ဆေးရုံသို့ အမြန်ပို့ရတော့ သည်။ သူတို့မှာ အရေးကြီးတဲ့အကြောင်းရှိပြီဆို ညီတွေ၊ ညီမတွေက ဘယ်နေမှန်းမသိ အပြေးရောက်လာသူက မွှေးပါ။

"မောင်"

"ဟင်"

"ကလေးက ဆေးရုံတက်ရတာဆိုတော့ ဆေးထုတ်တာနဲ့ ဘာတီရနဲ့ ငွေကုန်ကြေးကျများဦးမှာပဲနော်"

"ဘာတတ်နိုင်မှာလဲ မွှေးရယ်။ ဖြစ်သမျှအကြောင်း အကောင်းလို့ပဲ မှတ်ရတော့မှာပေါ့"

"မောင့်မှာ"

မောင့်မှာဆိုပြီး မွှေးစကားမဆက်ပေ။ မေးရခက်နေတာလေ။ အချမ်းသားက မွှေးကူညီတိုင်း မောင်ယောကျ်ားပါဆိုတဲ့စကားနဲ့ ငြင်းပယ်ခဲ့တာ မဟုတ်လား။ ဒါကြောင့် ဘယ်လိုမေးရပါ့မလဲ။ မမေး ပြန်ရင်လည်း ငွေရေးကြေးရေး မပြည့်စုံရင် မောင် အရမ်းစိတ်ညစ်နေ မှာပေါ့။

"ငွေရေး ကြေးရေးကိစ္စ မောင့်မှာ ပြည့်စုံရဲ့လား မောင်"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်မာန် သက်ပြင်းချလိုက်မိသည်။ အမေက ဆန်ရောင်းဆိုင်လေးဖွင့်ချင်တယ်ဆိုလို့ စုထားတဲ့ငွေလေး နည်းနည်းပါးပါးတော့ ရှိတာပေါ့။ ဒါပေမဲ့ ဘယ်လောက်ကုန်မယ်ဆိုတာက ခန့်မှန်းလို့ရ သေးပေ။

"မောင့်မှာ ရှိတော့ရှိပါတယ်"

မွေး မောင့်လက်ကို ဆုပ်ကိုင်လိုက်၏။ ပြီးတော့ ကျန်တဲ့ လက်တစ်ဖက်က ကိုင်ထားတဲ့ ပိုက်ဆံတစ်ထပ်ကို မောင့်လက်ထဲ ထည့်ပေးလိုက်သည်။

"ဒီတစ်ခါတော့ မငြင်းပါနဲ့ မောင်။ မွေးရဲ့စေတနာကို မောင် တစ်ခါလောက်တော့ အသိအမှတ်ပြုပေးပါ။ မွေးကို သူစိမ်း တစ် ယောက်လို မသတ်မှတ်ပါနဲ့နော်။ မောင့်ရဲ့ မိသားစုဝင်ထဲမှာ မွေးကို မိသားစုဝင်တစ်ဦးအဖြစ် သတ်မှတ်ပေးပါ"

မိုးမြင့်မာန် မွေးလက်ကို ပြန်ပြီးဖိဆုပ်ထားလိုက်မိသည်။ ဝေ့ချင်လာတဲ့ မျက်ရည်ကို ယောက်ျားမာနနှင့် ထိန်းသိမ်းထားလိုက် ၏။

"ကောင်းပြီလေ၊ မောင် မွေးကူညီတာကို ဒီတစ်ခါတော့ လက်ခံလိုက်ပါ့မယ်။ ဒါပေမဲ့"

"ဒါပေမဲ့ ...ဘာဖြစ်လဲ မောင်"





"ဒီပိုက်ဆံကို မောင် အလကားမယူပါရစေနဲ့။ အဆင်ပြေတဲ့ အခါ မောင်ပြန်ဆပ်ပါရစေ"

မွေး ခေါင်းညိတ်လိုက်ပြီး —

"မောင့်သဘောပါ"

မိုးမြင့်မာန် စိတ်မကောင်းပေ။ မွေးကို ကိုယ့်အပူတွေ မျှဝေ ပေးသလို ဖြစ်နေပြီထင်ပါရဲ့။ ကိုယ်က မဆိုင်သလို ထားပေမယ့် မွေးကိုယ်တိုင်က အေးအတူ ပူအမျှတဲ့လေ။ သူ မွေးကို ချစ်ရာ ရောက်ဘဲ နစ်ရာရောက်နေပြီ ထင်ပါရဲ့။

"ဟော ... မွေးရောက်နေပါလား"

"ဟင်"

နှစ်ယောက်စလုံး လှည့်ကြည့်လိုက်တော့ အနားကိုရောက် လာတာ ဒေါ်စန်းစန်းနွဲ့မို့ ဆုပ်ကိုင်ထားတဲ့လက်တွေ ပြေလျော့သွား ကြသည်။

"သမီးတစ်ယောက်တည်း လာတာလား"

"ဟုတ်တယ် အန်တီ။ သတင်းကြားကြားချင်းပဲ မွေးလာခဲ့ တာပါ"

"အခုလိုလာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် သမီးရယ်။ မဟုတ်ရင် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိနဲ့ အန်တီတို့ သားအမိတွေ



www.burmeseclassic.com

www.burmeseclassic.com



အားငယ်နေရတာပါ"

မွေး ပြုံးလိုက်ပြီး –

"အားမငယ်ပါနဲ့ အန်တီရယ်၊ မွေးရှိနေတာပဲ။ မွေးကို အန်တီတို့မိသားစုဝင်တစ်ယောက်လို့ သတ်မှတ်ပြီး ဘာပဲဖြစ်ဖြစ် တိုင်ပင်ပါအန်တီ။ မောင်နဲ့မွေး လက်မထပ်ရသေးပေမယ့် မောင်နဲ့ ပတ်သက်တဲ့ကိစ္စ မှန်သမျှ မွေးနဲ့ဆိုင်တယ်လို့ မွေး သတ်မှတ်ထားပါ တယ်"

"သမီးရယ်"

ဒေါ်စန်းစန်းနွဲ့ မွေးလက်ကလေးကို ဆုပ်ကိုင်လိုက်တော့ မွေးက သူမလက်ကို ပြန်ပြီးဆုပ်ကိုင်ထားလေသည်။

"ခုလိုကြားရတာ အန်တီဝမ်းသာပါတယ် သမီးရယ်။ သားကြီးက ချစ်သူရွေးတော်ပါပေတယ်။ တကယ်တော့ အေးအတူ ပူသမျှဆိုတဲ့စကားက ပါးစပ်ကပြောတော့သာလွယ်တာ၊ လက်တွေ့ လိုက်နာနိုင်ဖို့က မလွယ်ဘူးလေ။ အချို့က ပါးစပ်ပြောသာရှိတာ။ လက်တွေ့ဒုက္ခနဲ့ ကြုံလာရတော့ ရှောင်ဖယ်သွားကြတာပဲ မဟုတ် လား။ အခု သမီးက စိတ်မှန်တဲ့မေတ္တာတရားနဲ့ လက်တွေ့ကျကျ မျှဝေခံစားပေးတဲ့သူပါ"

အမေ့စကားကြောင့် ... မိုးမြင့်မာန် ကိုယ် ချစ်သူရွေး





တော်လှချေရဲ့လို့ ဂုဏ်ယူလိုက်ရမလား။ ဒါမှမဟုတ် ကိုယ်အရမ်းချစ်ရတဲ့ချစ်သူကို အပူတွေမျှဝေပေးမိလို့ ကိုယ်မှားတယ်လို့ သတ်မှတ်ရမလား မသိတော့ပေ။ တကယ်ဆို သူ မွေးကို ကိုယ့်ကြောင့် စိတ်ဆင်းရဲစေချင်ပါဘူးလေ။

"သမီး"

"ရှင် အန်တီ"

"သမီး စိတ်ချနော်။ သားနဲ့သမီး လက်ထပ်ပြီးရင် အမေ သမီးကို ချွေးမတစ်ယောက်လို သဘောမထားပါဘူးကွယ်။ အမေ့ရဲ့ သမီးအရင်းတစ်ယောက်လို သဘောထားမှာပါ"

မွေးရင်ထဲမှာ လှိုက်ခနဲ လိပ်တက်လာတာ ဘာပါလိမ့်။ ဝမ်းသာမှုတွေလား။ အန်တီကနေ ပြောင်းသုံးလိုက်တဲ့ နာမ်စားက 'အမေ' တဲ့။

အမေ ... အမေ ဒီနာမ်စားကို မွေးမခေါ်ခဲ့ရတာ နှစ်တွေ ကြာခဲ့ပြီပဲလေ။ အမေ့ကို သတိရလိုက်တာ။ ဒါကြောင့် မျက်ရည်က စို့တက်လာပြီး –

"မွေးကို သမီးအရင်းတစ်ယောက်လို သဘောထားပေးမယ် ဆိုတဲ့အတွက် မွေးအတိုင်းမသိဝမ်းသာမိပါတယ် အမေရယ်"

"သမီး"



www.burmeseclassic.com

www.burmeseclassic.com



"အမေ"

"ဟား . . . မနောလိုတောင် ဖြစ်လာပြီနော်"

မိုးမြင့်မာန် ရယ်ကျဲကျဲနှင့်ပြောလေတော့ မွှေးက မျက်စောင်းထိုးလေသည်။ ဒီလိုပြုံးတာ ပျော်နေလို့ မဟုတ်ပါဘူး။ ချစ်သူစိတ်ဆင်းရဲမှာစိုးလို့ အပြုံးရုပ်ကို ဟန်လုပ်နေရတာပါ။

"အမေ"

"အေး . . . ပြောလေ သမီး"

"မွှေး ပြန်လိုက်ဦးမယ်နော်။ မနက်ဖြန်မှ မွှေးထပ်လာခဲ့ဦးမယ်"

"တစ်ယောက်တည်း ပြန်မှာဆိုတော့ တက္ကစီငှားပြန်နော် သမီး။ လိုင်းကားတိုးမစီးနဲ့၊ အမေ စိတ်မချဘူး"

"ဟုတ်ကဲ့ပါ အမေ"

"သားကြီး"

"ဗျာ"

"သမီးလေးကို အမေ စိတ်မချဘူးကွယ်။ သားကြီးလိုက်ပို့လိုက်ပါနော်"

"နေပါစေ အမေရဲ့ ရပါတယ်။ ကလေးကိုပဲ ဂရုစိုက်ကြပါနော်။ မွှေးအတွက် စိတ်ချပါ"





မွှေး ပျာပျာသလဲ ပြောလိုက်ပြီး နှုတ်ဆက်၍ ထွက်လာခဲ့တော့သည်။ ကလေးက တော်တော်လေး နေမကောင်းတော့ ဒီအချိန်မှာ မောင် အနားမှာရှိနေမှဖြစ်မှာပေါ့။ မောင်နဲ့ပတ်သက်သမျှ–

အရာရာမှာ . . .

မွှေးက ခွင့်လွှတ်နားလည်ပေးနိုင်သူပဲ ဖြစ်ချင်တာပါလော။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

မွေး ဆေးရုံကအပြန် သိမ်ကြီးဈေးသို့ ဝင်ခဲ့သည်။ စီကွန်းနဲ့ လိုအပ်တဲ့စက်ချုပ်ပစ္စည်းတွေ ဝင်ဝယ်တာပါ။ ဝယ်စရာရှိတာဝယ်ပြီး အိမ်ပြန်ဖို့ ကားစောင့်နေစဉ် မွေး ရပ်နေတဲ့ရှေ့မှာ ကားတစ်စီး ထိုးရပ်လာ၏။ Taxi တော့မဟုတ်ပေ။

Taxi မဟုတ်လေတော့ –

မွေး ကိုယ်နှင့်မဆိုင်တဲ့ taxi အလာကိုသာ ကြည့်နေမိလေလျှင် –

"မ"

"———"





"မ"

"ဟင်"

ကားပေါ်ကဆင်းလာသူက 'မ' လို့ခေါ်ပြီး ကိုယ့်အနား ရောက်လာတာမို့ ကြည့်လိုက်တော့ မွေးရင်တွေ ဒိန်းခနဲ ဆောင့်ခုန်သွားရသည်သာ။

"ထက်ရှား မင်း"

"မ ဘယ်သွားမလို့လဲ။ အိမ်ပြန်မှာမို့လား။ ကျွန်တော် လိုက်ပို့ပေးမယ်လေ"

"ရတယ် . . . မလိုဘူး"

"ရတယ်မလုပ်နဲ့လေ။ မမှာ အဖော်မပါဘူး မဟုတ်လား။ မိန်းကလေးတစ်ယောက်တည်းသွားလာနေတာ မကောင်းဘူး မရဲ့။ လာပါ ကျွန်တော် လိုက်ပို့ပါ့မယ်"

"မလိုဘူးလို့ ပြောနေတယ်လေ။ ငါ ဒီလိုပဲ တစ်ယောက်တည်း သွားနေလာနေကျ"

"သိပါတယ်ဗျာ"

"ဟင်"

မွေး အလန့်တကြားနှင့် သူ့မျက်နှာကို မော့ကြည့်လိုက်မိသည်။ ပြောပြီးမှ ကိုယ့်စကားမှားသွားပြီဆိုတာ သတိထားမိလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မွေးတစ်ယောက်တည်း သွားတတ် လာတတ်တာကို သူ သိနေတာလား။ အခု တွေ့ဆုံမှုကရော မတော်တဆလား။ တမင် မွေးနောက်ကို လိုက်လာတာလား မသိပေ။

"ငါ မင်းကို တစ်ခုမေးမယ် ထက်ရှားသော်"

"တစ်ခုမက ဆယ်ခုမေး"

"မင်း ငါ့ခန္ဓာကိုယ်နဲ့ငါ့ရင်ထဲကအချစ် ဘာကိုလိုချင်တာလဲ"

"နှစ်ခုစလုံး လိုချင်တာ"

"မင်း ဘယ်တော့မှ မရဘူးဆိုတာ မှတ်မှတ်ထား"

"ရအောင် ယူမယ်လေ"

"တောက်"

ပခုံးတွန့်ပြီး ပြောလေတော့ မွေးဒေါသထွက်သွားသည်။ မြူးစင်တဲ့စိတ်ထားကို ညစ်ထေးအောင် အရောင်ဆိုးတာ ဒီလိုလူမျိုးတွေလား။ ငါ့မှာ ငွေရှိတယ်ဆိုပြီး ထင်တိုင်းကျဲချင်ကြတာ။ အဲဒီလိုလူမျိုးကို မွေး အရွံဆုံးပါပဲ။

"ငါ့မှာချစ်သူရှိတယ်ဆိုတာ ပြောထားပြီးသား"

"ချစ်သူဆိုတာ ကာမပိုင်လင်ယောကျ်ားမှ မဟုတ်တာ"

"တောက်"





မွေး ဒုတိယအကြိမ် တက်ခေါက်ပြီး လှည့်ထွက်သွားဖို့ ပြင်လိုက်စဉ် –

"မ"

ထက်ရှားက သူမ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားလေသဖြင့် မွေး လက်ကို ဆောင့်ရုန်းလိုက်သည်။ လက်က လွတ်ထွက်သွားတာနှင့် –

"ကဲ"

"ဖြန်း"

ရိုက်ပြီးတာနှင့် ချာခနဲ လှည့်ထွက်လာခဲ့တာ မွေး နောက်ကို လုံးဝပြန်မကြည့်တော့ပေ။ သူဘာသာသူ ဘယ်လိုပဲ ကျန်ခဲ့ကျန်ခဲ့။ မွေးက ပြန်လှည့်ကြည့်ပြီး သနားနေဖို့မှ မလိုတာ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

မွေး မောင့်ကို ပြောချင်တဲ့စကားတွေ ရှိပေမယ့် မပြောခဲ့ဘဲ မျိုသိပ်နေခဲ့တာလေ။ သူညီလေး ခေါ်ရုံကခဲင်းပြီး နေပြန်ကောင်း သည်အထိ မပြောဖြစ်ခဲ့ပါဘူး။ သူလည်း သူ့အပူနဲ့သူဆိုတော့ ပြော လိုက်ရင် ကိုယ်က မသိတတ်ရာကျမှာစိုးလို့ပါ။ မွေး မွေးအရမ်းချစ်တဲ့ မောင့်ကို စိတ်မဆင်းရဲစေချင်ပါဘူး။

မောင်လေးကို ရင်ဖွင့်ပြလို့လည်း မဖြစ်။ ဖြိုးကိုပြောပြလိုက် ရင် မောင့်အပေါ် မြင်ငြင်သွားမှာစိုးလို့ပါ။ ဒါကြောင့် တစ်ယောက်တည်း မျိုသိပ်နေခဲ့တာလေ။

အခု ကလေးလည်း ကျောင်းပြန်တက်ပြီး အားလုံးပုံမှန်





အနေထား ပြန်ဖြစ်နေတာမို့ မောင့်ကို အေးအေးဆေးဆေးတွေ့နိုင် နိုင်းလိုက်တာပါ။

"မွေး"

"_ _ _ _ _"

"မောင့်ကို ပြောစရာရှိတယ်ဆိုတာ ဘာပြောမှာလဲ၊ ပြော လေ"

မွေး မောင့်ကို ကျောခိုင်းပြီးရပ်နေရာကနေ ပြန်လှည့်လာပြီး မောင့်ခေါ်းမှာ ထိုင်လိုက်သည်။ ပြီးမှ –

"မောင်"

"ဟင်"

"မွေးတို့ လက်ထပ်ကြရအောင် မောင်။ ဒီစကားကို မွေး ဘက်ကစမပြောသင့်ဘူးဆိုတာ မွေးသိပါတယ်။ ဒါပေမဲ့ မွေး မိန်း ကလေးတန်မဲ့ အရှက်သိက္ခာတွေ မငဲ့နိုင်ဘဲပြောရတာ အကြောင်းရှိလို့ ပါ"

စောစောက ပြုံးနေသော မိုးမြင့်မာန်ငါမျက်နှာသည် မွေး စကားကြောင့် ရုတ်ချည်းပင် ညှိုးနွမ်းသွားလေသည်။ ကိုယ့်ချစ်သူကို လက်မထပ်ချင်ဘဲ နေပါ့မလား။ ဒါပေမဲ့ မတတ်သာလို့ ခပ်ရှောင်ရှောင်နေရ ခဲ့တာဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာအကြောင်းရှိလို့လဲ မွေးရယ်"

"မွေးဘဝ မလုံခြုံတော့ဘူးမောင်။ အခု အလုပ်ကိစ္စနဲ့ အပြင်ထွက်တောင် ထက်ရှားရှန်ကို ကြောက်နေရတာ။ အခုနောက်ပိုင်း မွေး အပြင်ထွက်တိုင်း သူနဲ့တွေ့တယ်။ မွေး မနည်းရှောင်ပြေးနေရတဲ့ အဖြစ်က ဘယ်လောက်ဆိုးသလဲ"

"ဟင်"

"သူက မွေး ဘယ်သွားမယ် ဘယ်လာမယ်ဆိုတာကို အမြဲ သိနေပုံပဲ။ မွေးက သူဘယ်မှာရှိနေလဲမသိဘူးလေ။ ဒီတော့ မွေး ဘာလုပ်ရမလဲ"

"ဒါဆိုလည်း မွေး အပြင်မထွက်နဲ့လေ။ အပြင်ထွက်ရမယ့် ကိစ္စရှိရင် မောင့်ကိုနိုင်း။ မောင်သွားပေးမှာပေါ့"

မွေး မျက်မှောင်ကြုတ်သွားလေသည်။ ရင်ထဲမှာလည်း ခဏ ခနဲ နာကျင်သွားရ၏။ မွေးကြားချင်တာ အဲဒီစကားမှ မဟုတ်တာ။ သူ ဘာလို့ မွေးကိုလက်ထပ်ဖို့ ကြောက်နေရတာလဲ။ သူ မွေးကို တကယ်မချစ်ဘူးလား။ တကယ်ချစ်ရင် လက်ထပ်ချင်ရမှာပဲလေ။

မိသားစုကို ငဲ့တာဆိုရင်လည်း –

သူ့ရဲ့ငဲ့ညှာမှုတွေက များလွန်းတာပေါ့။ မွေးလည်း စကား ကုန်ပြောခဲ့ပြီးပါပြီ။





ဒီမိသားစုတာဝန်ကို မွေးလည်း မျှဝေပြီးထမ်းပိုးမယ်လို့။

"မောင်"

"-----"

"မောင် မွေးကို ရှင်းရှင်းပဲပြောပါ။ မောင် မွေးကို လက်ထပ်နိုင်ဘူးလား။ မွေးကို ကြိုးရှည်ရှည်နဲ့ လှန်ထားတာ ဘာသဘောလဲ"

"မဟုတ်ဘူး မွေး။ မောင် မွေးကို ကြိုးရှည်ရှည်နဲ့ လှန်ထားတာ မဟုတ်ပါဘူးကွာ။ မောင့်ဘက်မှာ တကယ်ကို အဆင်မပြေသေးလို့ပါ"

မွေး မောင့်မျက်နှာကို စေ့စေ့ကြည့်ပြီး မျက်လုံးက မှေးကျဉ်းသွားလိုက်၊ မျက်ခုံးနှစ်ဖက်က စုံကျုံ့သွားလိုက်ပါ။ အဆင်မပြေတာ တွေ တင်ပြပြီး မွေးကို မောင် တစ်သက်လုံး လက်မထပ်တော့ဘူး ဆိုလား။

"မောင်"

မိုးမြင့်မာန် သက်ပြင်းချပြီး မျက်နှာလွှဲထားလိုက်မိသည်သား။ ကိုယ့်ချစ်သူနဲ့ လက်ထပ်ချင်တာပေါ့။ ဒါပေမဲ့ ကိုယ်က ခြေဖလာ ထက်ဖလာပုံစံမျိုးနဲ့ လက်ထပ်ရင်ဖြင့် ပတ်ဝန်းကျင်ရဲ့ သို့လော သို့လော အကြည့်တွေကြားမှာ မွေး မျက်နှာငယ်ရမှာလေ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ –

ဒီလောက် ယောကျာ်းရှားသလား။ တင့်ကောင်းတင့်တယ် လေးဖြစ်အောင် အနည်းအကျဉ်းတောင် တင်မတောင်းနိုင်တဲ့ လူကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ရကောင်းလားလို့ ထိုးလာမယ့် လက်ညှိုးတွေ။

မဲ့ကြမယ့် နှုတ်ခမ်းတွေကြားမှာ မွေးကို တန်ဖိုးမရှိတဲ့ မိန်းကလေးအဖြစ် အစွပ်စွဲမခံနိုင်ဘူးလေ။ ဒါ . . . သိပ်ချစ်လို့ ငိုကျွတ် လိုက်တာပါ။

"မောင် မွေးကို တကယ်မချစ်ဘူးလား"

"ချစ်တာပေါ့။ မောင် မွေးကို မြတ်မြတ်နိုးနိုးနဲ့ကို ချစ်ခဲ့တာ ပါ"

"ဒါဆို မောင် မွေးကို ဘာလို့ လက်မထပ်ချင်ရတာလဲ။ တကယ်ချစ်တယ်ဆိုရင် မောင် မွေးကိုလက်ထပ်ချင်ရမှာပေါ့"

"မောင်ပြောပြီးပြီ မွေး။ မင်္ဂလာကိစ္စအတွက်၊ ပြီးတော့ တင်တောင်းရမယ့် ပမာဏ။ အဲဒါတွေ မောင့်ဘက်က ဘာမှ တာဝန် မယူနိုင်ဘဲနဲ့ ခြေဗလာ လက်ဗလာနဲ့ မွေးကို မောင် လက်မထပ်ချင် ဘူး"

"မောင့်အကြောင်းပြချက်က မခိုင်လုံဘူး မောင်"





သူ့ဘက်က မခိုင်လုံပေမယ့် ကိုယ့်ဘက်ကတော့ ခိုင်လုံပါ တယ်လေ။ သိပ်ချစ်လို့ အတူတူနေပြီးရောဆိုပြီး ဖြစ်သလို လက်ထပ် လိုက်ရင် မွေးက အပေါစားဆန်တဲ့မိန်းကလေး ဖြစ်သွားမှာပေါ့။

အခု ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ –

ဘာဖြစ်ဖြစ် လက်ထပ်မယ်ဆိုတဲ့ မွေးကလည်း ပုထုဇဉ် လူသားပဲလေ။ အိမ်ထောင်သက်ကြာလာတဲ့အခါ အဆင်မပြေတာ လေးများရှိရင် ဒီအကွက်တွေ လက်ညှိုးထိုးမလာနိုင်ဘူးလို့ မပြော နိုင်။

ဒါကြောင့် –

ကိုယ်က ဘာအငြိုအစွန်းမှ မရှိချင်တာပါ။

"မွေး နားလည်သွားပါပြီ မောင်"

"မွေး"

နာမည်ကိုသာ ခေါ်ပြီး ဘာမှလည်း ဆက်မပြောနိုင်ပေ။

"မောင်က အတ္တကြီးတယ်။ မွေးက သစ္စာကြီးတယ်။ မောင် က မိသားစုကို ဦးစားပေးတယ်။ မွေးက အချစ်ကို ဦးစားပေးတယ်။ မောင် မွေးကို ဥပေက္ခာပြုလိုက်ပါ။ မောင်က ဥပေက္ခာပြုနိုင်သလောက် မွေးက မောင့်ကို ဂရုစိုက်လွန်းခဲ့သူပါ။ မောင့်ရဲ့ တစ်ကိုယ်ကောင်းဆန် မှုတွေကြောင့် မွေးမှာလည်း မာနရှိလာပါပြီ မောင်"



www.burmeseclassic.com

www.burmeseclassic.com



"မောင် အဲဒီလို လူစားမျိုး မဟုတ်ဘူး မွေး။ မောင့်မိသား ကို မောင်ဦးစားပေးမိတာတော့ မှန်ပါတယ်။ ဒါပေမဲ့ မောင် အရူး မကြီးဘူး။ ဥပေက္ခာလည်း မပြုခဲ့ပါဘူး"

မွေး နှုတ်ခမ်းလေးကို မဲ့ပစ်လိုက်မိပြီး –

"ဒါဆို အခု မွေးဘဝ မလုံခြုံတော့ဘူးဆိုတာကို မောင် ဘယ်လိုကာကွယ်ပေးနိုင်မလဲ"

"မောင်ပြောပြီးပြီလေ။ လုပ်စရာရှိရင် မောင့်ကိုခိုင်းပါ။ တကယ်လို့ မတော်တဆဆိုတာရှိလာခဲ့ရင် မောင် မွေးကို အပြစ်မတင် ပါဘူး"

"ဟင်"

အဲဒီစကားက မွေးရင်ကို အနာကျင်စေဆုံးပါပဲ။ မတော် တဆဆိုတာ ရှိလာခဲ့ရင် မွေးကို မောင်အပြစ်မတင်ပါဘူးတဲ့လား။ မွေးကြားချင်တာ အဲဒီစကားမှ မဟုတ်တဲ့လေ။ မွေးကိုကာကွယ်စောင့် ရှောက်ပေးစေချင်တာ။ မွေးရဲ့ လုံခြုံရေးအတွက် တာဝန်ယူစေချင် တာပါ။

အခု –

ကိုယ်ကြားချင်တဲ့စကား ထွက်မလာမှတော့ မွေး နားလည် လိုက်ပါပြီ။ မဖြစ်နိုင်တဲ့ မျှော်လင့်ချက်ကို ရင်လေးခံပြီး သယ်ဆောင်





နေမယ့်အစား လွှတ်ချလိုက်တာ အကောင်းဆုံးပါပဲ။

"ရပါတယ်"

"––––––"

"မွေးကို အခွင့်အရေးတစ်ခုတော့ပေးပါ မောင်"

"ပြောပါ မွေး။ မောင် ဘာလုပ်ပေးရမလဲ"

မွေး ပေါက်ခနဲကျလာတဲ့ မျက်ရည်ကို လက်ချောင်းလေးများ နှင့် တို့သုတ်လိုက်သည်။ အခုတစ်ခါ တွေ့ဆုံခြင်းက နောက်ဆုံးအကြိမ် တွေ့ဆုံခြင်းလို့ ပြောရမလား။/ချစ်သူအဖြစ်နဲ့ နောက်ဆုံး တွေ့ဆုံခွင့် လေ။ စိတ်နာတယ်ဆိုပြီး လက်ဝါးတစ်ဖက်နဲ့ ပါးတစ်ချက်ရိုက်ခွင့်ကို မွေးမလိုချင်ပါဘူး။

အနမ်းတစ်ပွင့်နဲ့ –

အလွမ်းတွေ ဆင့်ခွင့်သာပေးပါတော့။ ဒါကြောင့် မွေး မောင် နဲ့ မျက်နှာချင်းဆိုင် နီးနီးကပ်ကပ် ရပ်လိုက်ပြီး –

"မွေး"

ရှိုက်သံက စကားကို ဖြတ်တောက်ပစ်လိုက်သည်။ ပြီးမှ–

"မွေး မောင့်ကိုနမ်းပါရစေ"

မိုးမြင့်မာန် အံ့သြသွားရသည်။ မွေး ဘာလို့ ဒီလိုတောင်းဆို တာလဲလို့ပေါ့။ သူ ခပ်တွေတွေဖြစ်နေတုန်းမှာပဲ မွေးက ခြေဖျားထို



www.burmeseclassic.com

www.burmeseclassic.com



တိုးကပ်လာပြီး ခြေဖျားလေးထောက်၍ သူ့ပါးပြင်ကို နမ်းပေးလာသည်။ နမ်းပြီးသွားတော့ –

"ချစ်တယ်ဆိုတဲ့စကားကို ပါးစပ်ကပြောတာ လွယ်ပါတယ် မောင်၊ လက်တွေ့သက်သေပြဖို့က ခက်တယ်။ မောင်က မွှေးရဲ့ဘဝကို လုံခြုံမှုမပေးနိုင်ဘူး။ မွှေးကို လက်မထပ်နိုင်ဘူးဆိုမှတော့"

"———"

"မွှေး မောင့်ကို မမုန်းချင်ဘူး မောင်"

"မွှေး"

သူ မွှေးပခုံးကို ကိုင်မည်လုပ်စဉ်တော့ မွှေးက နောက်သို့ဆုတ်သွားကာ –

"မွှေး မောင့်ကို နှုတ်ဆက်ပါတယ်"

ပြောပြီး မွှေး ချာခနဲလှည့်၍ ပြေးထွက်သွားလေတော့သည်။

"မွှေး"

"———"

"မွှေး"

တကယ်ပဲ ထားခဲ့ရက်ပြီလားချစ်သူ။ ကိုယ့်ဝေဒနာတွေက ချစ်သူ့အတွက် ဝေဒနာဖြစ်သွားခဲ့တယ်ဆိုရင် မတူညီသော ဝေဒနာ အငွေ့အသက်တွေကို ကိုယ်က ထွေးပိုက်ရင်း –





ကြည်ဖြူစွာ

ကျေနပ်စွာ

ခွင့်လွှတ်စွာနဲ့

အချစ်ဆိုတဲ့အရာကို သစ္စာတရားနဲ့ ထုံမွှမ်းသိမ်းဆည်းထားပါမယ်လေ။

မောင့်ရင်ထဲမှာ –

မွှေးကိုပဲ သေသည်အထိ သစ္စာရှိစွာ ချစ်သွားမှာပါ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

မမ မျက်နှာမကောင်းတာကြောင့် ဖြိုး ဘာလုပ်လို့ ဘာတိုင်ရမှန်း မသိပေ။ ဘာဖြစ်လို့လဲလို့လည်း မမေးရဲ၊ အစ်ကိုနဲ့ စိတ်ကောက်နေတာများလား။

ဒါမျိုးက ချစ်သူနဲ့ စိတ်ကောက်နေတဲ့အချိန် ဘာဖြစ်တာလဲလို့ သွားမေးရင် မေးတဲ့လူကို အော်လွှတ်တတ်တာမျိုးလေ။

ကိုယ့်အစ်မဆိုတော့ –

ကိုယ်က ကြောက်ရတဲ့အခါ ကြောက်ရပေါ့။ ကိုယ့်ထက်အကြီးကို ရိုသေလေးစားတာပါ။ တစ်ခါ တစ်ခါ မမစိတ်မရှည်လို့ ဆူတာ မာန်တာ အော်တာရှိရင် ပြန်မပြောရဲပဲ ဖက်ကလေးပု ငြိမ်နေ





ရတာပဲ မဟုတ်လား။ အစ်မဆိုပေမယ့် အမေဆိုလည်း ဟုတ်နေတာပဲလေ။

ဒါကြောင့် –

ဘယ်လိုစကားစရမလဲလို့ ဟိုကြည့် ဒီကြည့်မှ မေသူ လည်ပင်းမှာဆွဲထားတဲ့ ရွှေဆွဲကြိုးနဲ့ ငါးကြင်းပုံစံလော့ကတ်သီးလေးကို မြင်သွားလေလျှင် –

"မေသူ"

"______"

"ဟဲ့ မေသူ"

အကျီကို မီးပူတိုက်နေရင်းမှ မေသူလှည့်ကြည့်ကာ –

"ရှင် ကိုဖြိုး"

"အဟဲ . . . ဒါပြောရင် နင် ငါ့ကို ယောက်ျားတန်မဲ့ စပ်စုတယ်လို့ ထင်မလားမသိဘူး"

မေသူ ကွက်ခနဲ မျက်နှာပျက်သွားလေသည်။ ဒါ ကိုဖြိုး သတိထားမိလိုက်၏။ သူပြောတဲ့စကားထဲမှာ ဘာများ မျက်နှာပျက်စရာပါလို့ပါလိမ့်။ နောက်တော့ မေသူ ရယ်ကျဲကျဲဖြစ်သွားကာ –

"သြော် . . . မထင်ပါဘူး ကိုဖြိုးရဲ့။ ပြောလေ ဘာပြောမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခြားမဟုတ်ပါဘူး။ နှင့်လည်ပင်းက ဆွဲကြိုးလေး
သဘောကျလို့ပါ။ ပြောင်ကြိုးလေးကို လော့ကတ်သီးနဲ့ ဆွဲထား
ချစ်စရာလေး"

"ရှင်"

"အာ . . . ဆွဲကြိုးကို ပြောတာနော်"

မေသူမျက်နှာ ရှက်ရိပ်ထင်သွားတော့ ဖြိုး ကိုယ့်စကား
ကိုယ်ပဲ ပြန်ဖြေလိုက်ရသည်။ ဟူး တစ်မျိုးထင်ပြီး ကောင်မလေး
ရင်တွေဘာတွေ ခုန်နေရင်ဒုက္ခ။ ဒါကြောင့် စကားလမ်းကြောင်း
ကာ . . .

"အရင်က နှင်ဆွဲနေတာ ဒီကြိုးမဟုတ်ဘူးလားလို့"

"ဟုတ်တယ် ကိုဖြိုး။ ဒီကြိုးကအသစ်ပါ။ ဝယ်ထား
မကြာသေးပါဘူး"

"ဪ"

မေသူ ဆွဲကြိုးကို လက်နှင့်ကိုင်ကြည့်မိပြီး စိတ်မလုံ
ပေ။ ကိုဖြိုး ဒီဆွဲကြိုးကို ဘာလို့ ဒီလောက်ရစိုက်ကြည့်ပါ
မေသူ ရှေ့ကိုတွဲကျနေတဲ့ အင်္ကျီပိုက်ကို နောက်သို့ ဆွဲချလိုက်
"မမ"

မမလို့ခေါ်လိုက်တာကြောင့် မွေးက လှည့်ကြည့်လေ





"မေသူ ခေါင်းထဲက မူးလာလို့ ဒီနေ့နားပါရစေနော်"

"ဟင် စောစောကပဲ အကောင်းကြီးကို ခုမှ ဘာဖြစ်တာလဲ"

"မသိဘူး မမ၊ ခုမှ ခေါင်းထဲမှာ မူးလာလို့"

မွေး တွေခနဲဖြစ်သွားပြီးမှ –

"အဲဒါဆိုလည်း ပြန်လေ။ တော်ကြာပိုဆိုးလာလို့ ငါ တရားခံ
ဖြစ်နေဦးမယ်"

"ဟုတ်ကဲ့ ကျေးဇူးပါ မမ"

မေသူ ဓိုပူကို သေသေချာချာပြန်ထား။ အင်္ကျီကို ရှူးကော့စ်
ထဲသို့ထည့်ပြီး ခပ်သုတ်သုတ် ပြန်သွားလေတော့သည်။ မေသူပြန်သွား
တော့ မောင်နှမနှစ်ယောက် စကားမပြောဖြစ်ကြပေ။ မွေးက သူမ
ဘာသာသူမ စက်ပဲချုပ်နေရင်း –

"အား"

"ဟင်"

ဖြိုး ချက်ချင်း မမအနားသို့ရောက်သွားလေသည်။ လက်ညှိုး
ကို အပ်ပေါက်မိသွားတာလေ။

"မမ"

မွေး လက်ညှိုးကိုဖိစုပ်ပြီး မျက်နှာလေးက ရှုံ့မဲ့နေလေသျှင်

"အပ်ပေါက်မိသွားတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"အဲဒါဆို သံဆိပ်တက်နေမယ်။ မမလက်ဖယ်လိုက်"

ပါးစပ်ကပြောပြီး သူ့ပဲ မမလက်ကို ဆွဲဖယ်ကာ လက်ဗ သွေးတွေကို ပါးစပ်နဲ့ငုံ၍ စုပ်ထုတ်ပေးလေသည်။ မွေး နှုတ်ခမ်းကို ဖိကိုက်ထားလိုက်မိ၏။ စိတ်က ကိုယ်နှင့်မကပ်သေတော့ လုပ်သမျှက အယောင်ယောင်အမှားမှားပါပဲ။ တွေးမိတော့ ရင်ထဲမှာ ဆစ်ခနဲ နာကျင်ရပြီ။

ဖွေးတာရော နာကျင်တာရော –

အခုမှမဟုတ်ပေမယ့် အခုပို၍နာကျင်မိတာပါ။ လက်ဗ နာကျင်မှုထက် ရင်ထဲကနာကျင်မှုက ဆယ်ဆမက သာလိမ့်မယ် ထင်ပါရဲ့။

"မမ"

ဖြိုးခေါ်တာကို မွေး မော့မကြည့်ပေ။ မျက်ရည်စတွေကို မောင်လေးမြင်မှာစိုးလို့ပါ။

"စိတ်နဲ့ကိုယ်နဲ့ မကပ်ဘူးထင်တယ်။ မမ ဘာဖြစ်နေတာ လဲ"

မွေး ခေါင်းပဲခါပြလိုက်မိသည်။ ဒီလို ဒီအကြောင်းပါလို့ မွေး ဘယ်လိုခွန်အားမျိုးနဲ့ ပြောရမှာတဲ့လဲ။





"မမ"

"– – – – – –"

"ကျွန်တော် သတိထားမိတယ်နော်။ မမ ဘာဖြစ်နေတာလဲ။ ကျွန်တော့်ကိုပြောပါ။ ပြေးကြည့်မှ ဒီမောင်နမနှစ်ယောက်ပဲရှိတာ။ မမ ကျွန်တော့်ကို ပြောမပြရင် ဘယ်သူ့ကိုသွားပြောမှာလဲ"

"– – – – – –"

"ဘာလဲ ... ဟိုကောင်ထက်ရှူးကြောင့်လား။ အဲဒီကောင် မမကို လိုက်နှောင့်ယှက်လို့လား။ မမကို ဒုက္ခရောက်အောင်လုပ်ရင် ကျွန်တော် အဲဒီကောင်ကို သတ်မှာနော်"

"မဟုတ်ဘူး ဖြိုးရဲ့"

မွေး ဒီလိုပဲ ရေငုံနှုတ်ပိတ်နေရင် ဖြိုးက ဘုမသိ ဘမသိနဲ့ ထက်ရှူးကိုရန်ရှာနေရင် ဒုက္ခ။ အချစ်ဆိုတာ ပျားရည်လို စစ် မစစ် မြည်းကြည့်လို့မရတော့ ကိုယ့်နှလုံးသားရေးက ပြဿဒါး မလွတ်ခဲ့ဘူး ပေါ့။ သူ့အတွက် ရက်ရာဇာ ရပါစေလေ။

"ဒါဆို မမ ဘာဖြစ်နေတာလဲ ကျွန်တော့်ကိုပြောလေ။ ဘာမှ မဖြစ်ဘူးလို့တော့ မပြောနဲ့။ မနေ့ကတည်းက မမမျက်နှာမကောင်းတာ ကျွန်တော်သိတယ်"

မွေး အခုမှပဲ ဖြိုးမျက်နှာကို မော့ကြည့်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"ငါလေ"

"အင်း ... ပြော"

"ငါ သူ့ကို မြတ်လိုက်ပြီ"

"ဗျာ"

ကြားလိုက်ရတဲ့စကားကြောင့် ဖြိုး ဆွံ့အသွားသူပမာနှုတ်မဟနိုင်ဘူးလေ။ ဒီလောက်ချစ်ခဲ့ကြပြီးမှ ဒီလို လွယ်လွယ်နဲ့ ဖြတ်သို့သတ်ရဲ့လား။ အကြောင်းပြချက်က ဘာတဲ့လဲ။

"မမ မမ ... ဘာပြောလိုက်တယ်။ အစ်ကိုနဲ့ ဖြတ်လိုက်တာလား။ ဟုတ်လား မမ။ ဘာဖြစ်လို့လဲ။ အစ်ကိုက ဘာပြောလို့လဲ"

"ဟုတ်တယ် ဖြိုး။ ငါ မိုးမြင့်မာန်ကို ဖြတ်လိုက်ပြီ"

"———————"

"သူက ငါ့ကိုလက်ထပ်ဖို့အထိ ရည်ရွယ်ပြီးချစ်ခဲ့တာမှ မဟုတ်တာ ဖြိုးရဲ့"

ပြောပြီး မွေး ဖြိုးရင်ခွင်ထဲသို့ တိုးဝင်ပြီးငိုလေတော့သည်။ မောင်နှမခိုပေမယ့် ဖြိုးက မွေးအတွက် သူငယ်ချင်းလိုလည်း ရင်ဖွင့်တိုင်ပင်ရသူပါ။

❋



## အခန်း (၂၉)

ဖြိုး လက်ဖက်ရည်ဆိုင်ကနေ ကြားလာတဲ့သတင်းကြောင့် ခေါင်းသထွက်နေသည်။ ကိုအောင်တိုးနဲ့ ကိုမျိုးမင်းသူ ပြောပြလိုက်တာလေ။ သူတို့က လူတွေကသာ ပေါ့တောတောပေမယ့် သူတို့ပြောတဲ့သတင်းဆိုရင် အမှန်က များသည်ပဲလေ။

အခုလည်း ပြောလိုက်တာ –

သူတို့ဘယ်လိုသိလဲတော့မသိပေ။ ထက်ရှားသော်ဆိုတဲ့ကောင်က မေသူတို့မိသားစုကို အပိုင်စည်းရုံးထားပြီး၊ မမ ဘယ်သွားတယ်၊ ဘယ်လာတယ်ဆိုတာကို အမြဲစုံစမ်းနေတာတဲ့။ အခု အဲဒီကောင်က မေသူကို ဆွဲကြိုးတောင် လက်ဆောင်ပေးတယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ခံပြင်းစရာ ဘယ်လောက်ကောင်းသလဲ။

ဒါကြောင့် ခွဲကြီးအသစ်ပြောင်းခွဲလာလို့ မေးတုန်းက မှုယာမာယာနဲ့ ခေါင်းမူးလို့ဆိုပြီး ပြန်သွားတာ။ နောက်ရက်လည်း နေမကောင်းလို့ဆိုပြီး မလာတော့ဘူးလေ။ မေသူက အနီးကပ်ရန်သူ ဖြစ်နေခဲ့တာပဲ။

"မမ"

"_____"

"မမ"

"ငါဒီမှာ ဖြိုး။ အော်ကြီးဟစ်ကျယ်နဲ့ ဘယ်လိုဖြစ်လာတာ လဲ"

မွေးက မီးဖိုချောင်ထဲကနေ ဟင်းချက်ရင်းမှ လှမ်းမေးသော သည်။ ဖြိုး မီးဖိုချောင်ထဲကို သွားလိုက်ပြီး –

"မမ မမ ... ဘယ်သွားတယ် ဘယ်လာတယ်ဆိုတာကို ထက်ရှားသော်ဆိုတဲ့ကောင် ဘာကြောင့်သိရလဲဆိုတာ အကြောင်း ရင်းကို ကျွန်တော် သိလာခဲ့ပြီ မမ"

"ဟင်"

"လူယုံသတ်လို့ သေတယ်ဆိုတာ ဒါမျိုးကိုခေါ်တာ။ မမ နောက်ကျောကို ဓားနဲ့ထိုးတာ ဘယ်သူလဲ မမသိလား"





"မသိဘူးလေ ဖြိုးရဲ့။ ဘယ်သူလဲ ပြောပါဦး"

"ဘယ်သူရှိရဦးမှာလဲ မေသူပေါ့။ အသားထဲက သောက် ထွက်တာလေ"

"ခွလန့်"

မွေး ဟင်းမြည်းမလို့ ဒန်အိုးဖုံးကိုဖွင့်ပြီး လက်ကကိုင်ထား တာ။ ကြားလိုက်ရတဲ့သတင်းကြောင့် ကိုင်ထားတဲ့ ဒန်အိုးဖုံးက လက် ထဲမှ လွတ်ကျသွားလေတော့သည်။ ဒါကို ပြန်ကောက်ပြီး ပန်းကန်စင် ပေါ်သို့ လှမ်းတင်လိုက်လေသည်။ ပြီးမှ ရေဆေးမယ်ပေါ့။

"မေသူ ဟုတ်လား မောင်လေး"

"ဟုတ်တယ် မမ၊ ထက်ရှားသော်က မေသူတို့မိသားစုကို တော်ပေါင်းထားတာ။ မမအကြောင်းကို သူတို့ သတင်းပေးနေတာလေ။ အဲဒါကြောင့် မမ ဘယ်သွားတယ်၊ ဘယ်လာတယ်ဆိုတာ ဟိုကောင် သိနေတာပေါ့။ အခု မေသူဝတ်ထားတဲ့ ခွဲကြီးအသစ်က အဲဒီကောင် ထက်ဆောင်ပေးတာတဲ့။ ကျွန်တော် တော်တော်ကို ဒေါသထွက် တယ်။ ဥပဒေသာမရှိရင် အကုန်လုံး ဓားတုံးတုံးနဲ့ ကြိတ်လှီးပြီး သတ်ပစ်ချင်တာ"

"မဟုတ်တာ ဖြိုးရယ်။ နင် သူတို့ကိုသတ်ရင် နင်လည်း ကြိုးခံရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မွေး သက်ပြင်းချလိုက်မိသည်။ မလွယ်ပါလား။ လူတိုင်းကိုယ့်စိတ်နဲ့ မဟုတ်ဘူးဆိုတာသိပေမယ့် ယုံကြည်လွယ်တာက မွေးရဲ့အားနည်းချက်ပါ။

"အခု မေသူ အိမ်ကိုမလာရဲတာ ဆွဲကြိုးအကြောင်း တစ်မေးမှာစိုးလို့လေ။ ဟွန်း . . . ပိုင်းလုံးဖြစ်မယ့် ကောင်မလေး။ တွေ့ဦးမယ်"

"ဖြူး"

"------"

"ဒေါ်သရွေ့မထားနဲ့ မောင်မဲလေ။ ဒေါ်သရွေ့ထားရင် မှားတတ်တယ်။ အခု မမလည်း ဘာမှဖြစ်တာမှ မဟုတ်ပဲကွယ်"

ဖြူး ရှုတည်တည်မျက်နှာထားနှင့် ခါးထောက်ရပ်နေပြီး -

"ဖြစ်အောင်လုပ်တဲ့သူကိုလည်း ကျွန်တော် မကျေနပ်ဘူး တွေ့ဦးမှာ"

"ဟင်"

မွေး ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားလေသည်။ ဒါ မောင့်ကို ပြောတာလား။ မွေးသာ မောင့်ကိုနာကြည်းမယ် ဖြူးနဲ့တော့ ဘာမှ မဖြစ်စေချင်ပေ။ မဖြတ်နိုင်သေးတဲ့ သံယောဇဉ်က မောင့်ကို ဘာမှ မဖြစ်စေချင်။ ဖြူးနဲ့ ပြဿနာမဖြစ်စေချင်ဘူးလေ။





မွေးကတော့ -

မောင့်အပေါ်မှာ အဲဒီလို စေတနာထားမိနေတုန်းပါ။ သူကတော့ သတိမှရပါလေစ။ အို မတွေးဘူး သူ့အကြောင်း မတွေးတော့ဘူး။

"ဟင်"

ဖြူး ဖုန်းမြည်သံကြောင့် ဖုန်းကို ခါးကြားမှ ထုတ်၍ ကိုင်လိုက်သည်။ ဖုန်းခေါ်သူက မိုးမြင့်မာန်။

"ဟယ်လို . . . ပြော ကိုမိုးမြင့်မာန်"

ဘုရား ဘုရား ဖြူးအသံက မာနေသည်မို့ မွေးစိတ်ထဲမှပင် ဘုရားတလိုက်မိသည်။

"ဖြူး မင်းဒီနေ့ရော အလုပ်မဆင်းဘူးလား"

"မဆင်းဘူး အဲဒီအလုပ်ကို ကျွန်တော် တစ်သက်လုံး မလုပ်တော့ဘူး"

"ဟင် . . . ဘာဖြစ်လို့လဲ ဖြူး။ မင်း အလုပ်ပြောင်းလုပ်မလို့လား"

"ဟုတ်တယ်၊ အဲဒီအလုပ်ကို မလုပ်တော့တာ ခင်ဗျားနဲ့အတူ မလုပ်ချင်တော့လို့၊ ခင်ဗျားမျက်နှာကို မမြင်ချင်တော့လို့ ရှင်းလား"

"ဖြူး"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ဖြိုးစကားကြောင့် မိုးမြင့်မာန် ရင်ထဲမှာ နှင့်
ဖြစ်သွားလေသည်။ ပြောပါစေ၊ ကိုယ်ကလည်း ကိုယ့်အကြောင်း
ကိုယ့်ခံယူချက်နဲ့ကိုယ်ပဲလေ။ သူလည်း မောင်တစ်ယောက်အနေ
ခံပြင်းမှာပေါ့။ ကိုယ်ကလည်း မွေးကို မချစ်လို့ မဟုတ်ပေ။ ချစ်လျှ
စွန့်လွှတ်ခဲ့တာ။

မွေးပြောသလို –

ကိုယ်က မိသားစုကို ဦးစားပေးပြီး အတ္တကြီးသ
ယောကျ်ားမာနာကိုလည်း ထိန်းသိမ်းသူပါ။

"ဒီမှာ ကိုမိုးမြင့်မာန်"

"ပြောပါ ဖြိုး"

"ကျွန်တော်က ခင်များကို ရိုးသားပြီး ကြိုးစားချင်စိတ်
တယ်။ ယောကျ်ားပီသပြီး ပြောတဲ့စကားကို တာဝန်ယူစိတ်ရှိတဲ့
မှတ်လို့ ကျွန်တော့်အစ်မနဲ့ သဘောတူ ကြည်ဖြူခဲ့တာ။ အခု မမရဲ့
မလုံခြုံလို့ တာဝန်ယူပေးပါဆိုတာကို ခင်များက လက်မထပ်နိုင်
ဆိုတော့ ကျွန်တော့်အစ်မက နွမ်းနေ ဝဲနေတာမှ မဟုတ်တာ။ ခင်များ
စောစောစီးစီး လမ်းခွဲလိုက်တာ ကျွန်တော့်အစ်မ အရှုံးကဲကောင်း
သွားတာပဲ ကိုမိုးမြင့်မာန်။ ခင်များနဲ့ ကျွန်တော်တို့ မောင်နှမ ဘာ
ပတ်သက်စရာအကြောင်း မရှိတော့ဘူး"





"ဖြိုး တော်တော့ မပြောနဲ့တော့"

မွေး ဖုန်းကိုလှယူပြီး ပိတ်ပစ်လိုက်တော့သည်။ မျက်ဝန်းမှာလည်း မျက်ရည်တွေက ကျလို့ပေါ့။ မပတ်သက်တော့ဘူးဆိုရင် ဘာမှ ပြောနေစရာအကြောင်း မရှိတော့ပါဘူး။ သူမှာ ဥပေက္ခာရှိသလို မွေးမှာလည်း မာနနဲ့လေ။ သူကိုချစ်ခဲ့မိတာကိုက မွေးမှားတာ။

အစွဲအလန်းကြီးတတ်တဲ့ မွေးကိုက မှားခဲ့တာပါ။ မချစ်မှုးတော့ အချစ်ရူးတဲ့ မွေး ရူးမတတ်ခံစားနေရတာ သူသိတာမှ မဟုတ်တာ။ ဒါ ဝဋ်ကြွေးတစ်ခုဆိုရင် ဒီဝဋ်ကြွေးတွေ ကျေပါစေတော့။

"ဖြိုး"

"မမ ဘာလို့ ဖုန်းချပစ်လိုက်ရတာလဲ၊ စေတနာ၊ မေတ္တာကို နားမလည်တဲ့လူ။ သူကို ကျွန်တော် ဒီထက် ပက်ပက်စက်စက်ကို ပြောချင်သေးတာ"

"မလိုဘူး ဖြိုး။ မေတ္တာစစ် မေတ္တာမှန်နဲ့မတန်တဲ့သူကို အပိုလေကုန်ခံပြီး ဘာမှပြောနေစရာမလိုတော့ဘူး။ တို့က ဆုတောင်းပေးရမှာ။ ငါ့အချစ်ကို ဥပေက္ခာပြုခဲ့တဲ့သူ ငါ့ဝဋ်တွေ မလည်ပါစေနဲ့။ နောက်ထပ် သူကို ငါ့ထက်ပိုချစ်နိုင်တဲ့မိန်းကလေးနဲ့ တွေ့ပါစေလို့"

မွေး ပြောပြီး မျက်ရည်တွေကို သုတ်ပစ်လိုက်သည်။ ပြီးတော့ မီးဖိုပေါ်ကအိုးကို ချလိုက်ပြီးနောက် –



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ကို ငါတိုင်ပင်စရာရှိသေးတယ် ဖြိုး"

"ဘာလဲ မမ"

"ငါ ရက်ချိန်းနီးတဲ့အထည်လေးတွေ ချုပ်ပြီးရင် ဘုရားဖူးလိုက်သွားမလို့ စိတ်ကူးထားတယ်။ မသွားခင် အဝတ်တွေပြီးအောင်ချုပ်ခဲ့ရမှာပေါ့။ သူနာမည်နဲ့သူ စာရေးပြီးမှတ်ထားပေးခဲ့မယ်။ လာရွေးတဲ့သူတွေကို နင်ပဲပေးလိုက်လေ"

"ဘယ်ကိုသွားမှာလဲ ဘုရားဖူးက"

"အထက်မြန်မာပြည်အနှံ့ပါ"

ဖြိုး မတားတော့ပါဘူးလေ။ စိတ်ပြေလက်ပျောက် သွားပါစေ။ သူ့ခမျာ ဒီအရွယ်အထိ ချစ်သူရည်းစားမထားဘဲ ကိုယ့်အပေါ်မှာ မိခင်တစ်ယောက်လို ပြုစုစောင့်ရှောက်လာခဲ့တာ။ အခု ချစ်သူတစ်ယောက် ထားလိုက်ပါတယ်၊ ပွဲဦးထွက်မှာပဲ အသည်းကွဲသွားပြီလေ။

ဒီဝေဒနာကို ကုစားဖို့အတွက် –

သွားပါစေ၊ ဘုရားဖူးသွားမှာဆိုတော့ မမစိတ်တွေ ငြိမ်းချမ်းပါစေလို့ ဖြိုးဆုတောင်းပါတယ်လေ။

"မမ သွားလေ၊ ခရီးသွားဖို့အတွက် ဘာတွေလိုအပ်လဲ။ လိုအပ်တာရှိရင် ကျွန်တော့်ကိုပြော ကျွန်တော်ဝယ်ပေးမယ်။ မမ အတင့်ရဲပြီး အပြင်မထွက်နဲ့။ တိုကောင့်ရန်က ရှိသေးတယ်"





"အေးပါ။ အခု သွားသေးတာမှ မဟုတ်တဲ့ မောင်ရေ။ ချိန်း သွားဖို့က ဝေးပါသေးတယ်"

မွေး ချက်ရင်းပြုတ်ရင်းမှ ခွေးစို့လာသည်မို့ လက်နှင့်ပွတ်သုတ်လိုက်လေသည်။ မျက်ရည်နဲ့ ချွေးက နှစ်ပင်လိမ်ပေါ့။

"ကဲ...မမ"

"ဟင်"

"အကုန်ကျက်ပြီ မဟုတ်လား"

"အင်း...ကျက်ပြီလေ။ မောင်လေး ဗိုက်ဆာလို့လား"

"ဗိုက်မဆာပါဘူး။ မမကို ရေချိုးခိုင်းမလို့ပါ။ ရေချိုးလေ။ မျက်ရည်နဲ့ချွေးနဲ့ နှစ်ပင်လိမ်ဖြစ်ပြီး ညစ်ပတ်နေပြီ"

"အံမယ်...ငါ့ကိုများ ညစ်ပတ်တယ်တဲ့။ အဲဒါဆို ငါချက်တာမစားနဲ့"

"စားမှာပဲ"

မွေးက မျက်စောင်းထိုးတော့ ဖြိုးက ရယ်လေသည်။ အရင်က အပူအပင်ကင်းမဲ့တဲ့ မောင်နှမနှစ်ယောက်။ အချစ်ဆိုတဲ့ ဖျက်ပိုးက မွေးနှလုံးသားကို ဝင်ကိုက်သွားမှာ စိတ်ညစ်စရာတွေ ရှိလာခဲ့တာပါလေ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ဒေါ်စန်းစန်းနွဲ့ အရှေ့မျှော် အနောက်မျှော်နှင့်ပဲ သားမြို အလာကို စောင့်မျှော်နေမိသည်။ ခါတိုင်းဆို သားကြီးက ဒီအချိန်ထိ အောင်မနေဘဲ အိမ်ကို ညနေ (၆) နာရီနောက်ဆုံးထား၍ ပြန်လာနေ ကျပါ။ အခု ည (၈) နာရီတောင် ထိုးနေပြီလေ။ ဘာများဖြစ်နေပါလိမ့်

စိတ်ပူလွန်းလို့ မျက်ရည်တွေလည်းကျ၊ ထိုင်မရ ထမရနှင့် လမ်းပေါ်ထွက်ပြီး သားပြန်အလာကို မျှော်လိုက်၊ အိမ်ထဲကို ပြန်ဝင် လိုက်နှင့် စိတ်တွေက ဂနာမငြိမ်။

"အဝယ်မ"

"――――"





"အဝယ်မ"

"ရှင် အမေ"

"ညည်းအစ်ကို အခုထိ ပြန်မလာသေးတာ ဘာများဖြစ်နေ သလဲမသိပါဘူး။ ငါ စိတ်ပူလို့ သေတော့မယ်။ ဖုန်းဆက်ကြည့်ပါဦးဟဲ့"

"သခင်းလည်း ဆက်နေတာပဲ အမေရဲ့။ ဘယ်လိုမှမရတာ။ ဖုန်းခေါ်တိုင်းလည်း စက်ပိတ်ထားတာချည်းပဲ"

"ဒုက္ခပါပဲဟယ်"

ဒေါ်စန်းစန်းနွဲ့အသံက ငိုသံပါနေလေသည်။ သားကြီးက ဒီအချိန်အထိ တစ်ခါမှ မနေဖူးတော့ ပိုပြီးစိတ်ပူတာပေါ့။

"အမေ"

"ဟော"

"အမေ"

ဟုတ်တယ်၊ ဒါ သားကြီးအသံ။

"အမေ့"

"အမေရှိတယ် သားကြီး"

ပြောပြီး သားကြီးဆီသွားလိုက်တော့ အိမ်ပေါ်တက်လာတဲ့ သားကြီးပုံစံက ဒယီးဒယိုင်ပါ။ ဘာဆိုတာကို ဒေါ်စန်းစန်းနွဲ့ သိလိုက်ပါ ပြီ။ အရက်နံ့ကင်းတဲ့ယောက်ျားက ခပ်ရှားရှားပါပဲ။ ဒါပေမဲ့ သားကြီးက



www.burmeseclassic.com

www.burmeseclassic.com



တော်ရုံတန်ရုံနဲ့ မသောက်ပေ။ မဖြစ်မနေ သောက်ရရင်လည်း –

ဒီလောက် လူရှုပ်ပျက်အောင် တစ်ခါမှ မသောက်ဖူးပေ

"သားကြီး . . . မင်း အရက်တွေသောက်လာတယ် ဟုတ်လား။ ဒီတစ်ခါတော့ သရှုပ်ပျက်အောင် ပါပဲလား"

"အမေ"

အမေ့ရှေ့မှာ မိုးမြင့်မာန် ဒူးထောက်ချလိုက်ပြီး လက်အုပ်ချီလိုက်ကာ –

"အမေ ကန်တော့ ကန်တော့နော်။ ဒီနေ့ သား ငါးရာ လောက်မူးသွားတယ်။ ဟဲ ဟဲ။ အမေ တစ်ထောင်ဖိုးလောက်ကြီး မသူရဘူးနော်"

"––––––"

"ကန်တော့ . . . အမေ ကန်တော့"

အသံက လျှာလေးအာလေးနှင့်ပါ။ သူ့မကို ဦးတွေပဲ ဘယ်နှစ်ကြိမ်မှန်းမသိ ချနေလေတော့ –

"မိုးမြင့်မာန်"

"–––––"

"နင် အခုထစမ်း"

ဒေါ်စန်းစန်းနွဲ့ သားအင်္ကျီရင်ဘတ်ကအကျီစကို ဆွဲလိုက်တော့





"အမေ သားကိုရိုက်မလို့လားဟင်။ အမေရိုက်ရင် သားနာမှာပေါ့။ အဟင့် ဟင့် ဟီး"

"ဟင်"

မိုးမြင့်မာန် ငိုပုံက ကလေးတစ်ယောက်လိုပါ။ ဒီလောက်အထိ မူးအောင်သောက်လာတာ စိတ်ညစ်စရာများရှိလို့လား။ ဒါကြောင့် ဒေါ်စန်းစန်းနွဲ့ မဆူရက်တော့ပေ။ အမူးပြေမှ အကျိုးအကြောင်းမေးတာ အကောင်းဆုံးပါပဲ။

"ဟင် . . . အစ်ကိုကြီး။ အဲလောက်တောင် မူးလာတယ်လား အမေ"

ဒေါ်စန်းစန်းနွဲ့ ခေါင်းပဲညိတ်ပြလိုက်လေသည်။ ဆောင်း အသံကို ကြားပြန်တော့လည်း –

"ညီမလေးလား။ ဆောင်း ကိုကြီးမူးနေလို့ ကန်တော့နော် ကန်တော့ ကန်တော့"

"ဟာ . . . ကိုကြီးကလည်း ငရဲတွေကြီးကုန်တော့မှာပဲ"

ဆောင်းကိုလည်း ဦးတွေသာချနေတော့ ဆောင်း အမေ့နောက်ကျောဘက်သို့ ရွှေ့ရပ်လိုက်သည်သာ။ တော်ကြာ ငရဲကြီးမှာ စိုးလို့လေ။ လူက မူးနေလို့သာမယ့် အပြစ်က မူးနေလို့ဆိုပြီး ရှောင်ကွင်းထားခဲ့မှာမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးကလည်း ဒီလောက်တောင် လူမှန်းမသိ သူမှန်းမသိအောင် သောက်လာရလား"

"အငယ်မ"

"ရှင် အမေ"

"အဲဒါ နင်ပြောစရာမလိုဘူး။ ပြောစရာရှိရင် ငါပြောမယ်။ နင် မမြင်ချင်ရင် သွားတော့"

မိုးမြင့်မာန် မူးလာတာကြောင့် ကောင်းမြင့်မာန်နဲ့ သူရမာန်လည်း အသံမထွက်ရဲပဲရှိကာ ဗုတ်တုတ်လေးတွေထိုင်လို့ ပြူးကြောင်ကြောင်လေးတွေနှင့် ကြည့်လို့ပါ။

"ကိုကြီးကို ခွင့်လွှတ်ပါ ညီမလေးရယ်။ ကိုကြီး အရမ်းစိတ်ညစ်လို့ပါ။ စိတ်ညစ်လို့ပါ။ အီး အီး ဟီး ဟီး"

ဒေါ်စန်းစန်းနွဲ့ သားကြီးရှေ့မှာ ထိုင်ချလိုက်တော့သည်။ ပြီး သားကြီးရဲ့ပခုံးကို ဆုပ်ကိုင်၍ –

"သားကြီး"

"ဟီး ဟီး"

"သားကြီးမှာ ဘာစိတ်ညစ်စရာရှိလို့လဲ။ အမေ့ကိုပြောစမ်း။ သားကြီး ဘာကိုစိတ်ညစ်နေတာလဲ"

"အမေ့"





မိုးမြင့်မာန် သူ့ရင်ဘတ်ကို တဘုတ်ဘုတ်နှင့် ပုတ်ပြီး–

"သား အသည်းကွဲနေတယ် အမေရဲ့။ သားရင်ဘတ်ကြီး ကွဲနေတယ်ဗျ ...ဟီး ဟီး"

"ဟင်"

"ကျွန်တော် မွေးကို သိပ်ချစ်တာ အမေရဲ့။ ကျွန်တော် မွေးကို အရမ်းချစ်တယ်။ သူ လက်ထပ်ဖို့ပြောတိုင်း ကျွန်တော့်ရင်ထဲမှာ ခံစားရတယ် အမေ။ ကျွန်တော် သူ့ကို လက်ထပ်ဖို့ခက်နေတယ်။ ကျွန်တော် ဘာလုပ်ရမလဲ" /

ဒေါ်စန်းစန်းနွဲ့ မျက်ရည်မကျဘဲ မနေနိုင်တော့ပေ။ မိသားစုအပေါ်မှာသိတတ်လွန်းတဲ့သားကြီးက မိသားစုကို ငဲ့နေတာပဲ ဖြစ်မှာပေါ့။ သူ့ပဲ မပြီးနိုင် မစီးနိုင်တဲ့ တာဝန်တွေ အပိခံနေတာ။ မသိတတ်တဲ့လူတွေက ကိုယ်လွတ်ရုန်းသွားကြပြီပဲလေ။ သားကြီးသာ မိသားစုကို ဦးစားပေးပြီး အသည်းကွဲခံတာ။

"အမေ"

"သားကြီးရယ်"

"မွေးကလေ ကျွန်တော် အတွက်ကြီးတယ်တဲ့။ မိသားစုကို ဦးစားပေးတယ်။ သူ့ဘဝကို ဘုံခြုံမှုမပေးနိုင်လို့ ...အီး အီး"

"သားကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

"အမေ့မျက်နှာကို ကြည့်စမ်း သားကြီး"

ဒေါ်စန်းစန်းနွဲ့ သားမျက်နှာကို လက်နှစ်ဖက်နှင့် ကိုင်ပြီး မော့စေလိုက်သည်။

"မင်း မွှေးကိုလက်ထပ်ရမယ် သားကြီး"

"နေပါစေ အမေရယ်။ ကျွန်တော့်ထိုက်နဲ့ကျွန်တော့်ကံပဲ ရှိပါစေတော့။ ကျွန်တော် ငိုလို့ အမေစိတ်ညစ်သွားပြီထင်တယ်။ အမေ ဘာမှ စိတ်မညစ်နဲ့နော်။ သားမငိုတော့ဘူး။ မငိုတော့ဘူး။ အမေလည်း စိတ်မညစ်နဲ့။ သား အရက်လည်းမသောက်တော့ဘူး"

"သားကြီးရယ်"

"သား အိပ်တော့မယ်"

"ဟဲ့ ဟဲ့"

တာချိန်ပင်မရလိုက်ဘဲ မိုးမြင့်မာန် နေရာမှာတင် လှဲချလိုက်လေတော့သည်။ ဒေါ်စန်းစန်းနွဲ့က သားလွယ်ထားတဲ့ လွယ်အိတ်ကို ချွတ်ပေးပြီး သားကိုယ်ကြီးကို မနိုင်မနင်းနှင့် မလေလျှင် –

"သားတို့ကူမယ် အမေ"

အငယ်ကောင်နှစ်ကောင်က အနားရောက်လာပြီး ကုတင်ပေါ် မိုးမြင့်မာန်ကိုယ်ကြီး အိပ်ရာထဲသို့ ရောက်သွားလေသည်။





စကားပုံ တော့ ကြားဖူးသား။ သားမွေးထားလို့ ကောင်းရင် သားက အား။ မကောင်းရင် ကျားတဲ့။ သမီးမွေးထားလို့ ကောင်းရင် ထီး။ မကောင်းရင် မီးတဲ့။

အခု . . .

သူမ မွေးထားတဲ့ သားသမီးတွေထဲမှာ ဒီသားကတော့ ကျားဆယ့်ကို အားဖြစ်စေခဲ့ပြီး သမီးတွေက မီးဖြစ်နေတာလေ။ အငယ်ကောင်နှစ်ယောက်ကတော့ အခုနေတော့ မဆိုးပါဘူး။ နောက်ဆို ဘယ်လိုလာဦးမည်တော့မသိဖူးပေ။

"မွှေး"

"――――――" ငြ

"မွှေးရေ"

"――――――"

"မွှေးကို မောင် အရမ်းချစ်တယ်နော်"

"သားကြီး . . . ဘာတွေလျှောက်ပြောနေတာလဲ။ သေးအိမ် သာ ကြားတော့မှာပဲ ဒုက္ခ"

လူမှန်း သူမှန်းမသိ မူးနေတော့ စိတ်ထဲရှိရာ အော်နေတာ လေ။ အငယ်တွေက ပြုံးစိစိနှင့်ပါ။ ဒေါ်စန်းစန်းနွဲ့က သားကို စောင် ခြုံပေးလိုက်စဉ်မှာပဲ –



www.burmeseclassic.com

www.burmeseclassic.com



"အား"

"ဟင်"

"ဝေ့"

"ဟဲ့ ဟဲ့ လုပ်ကြပါဦး"

"ဝေ့"

"ဟာ … အန်ပြီ"

အငယ်ကောင် သူရမာန်ကပြောပြီး မျက်နှာလေး ရှုံ့မဲ့ကာ နှာခေါင်းပိတ်ထားလေသည်။ တကယ်တော့ သူနဲ့အဝေးသားပါပဲ။

"ဝေ့"

"ဟဲ့ ခေါင်း … လာစမ်း။ နင်များ နေနိုင်လိုက်တာဟယ် ကိုယ့်အစ်ကိုကို နင်တို့ ကြင်နာရကောင်းမှန်း မသိပါလား"

"ဟာ … အမေကလည်း အန်နေတာကို ရွံစရာကြီး"

"ဟဲ့ … ဒါ နင်တို့ကို အမေလိုရော အစ်ကိုလိုရော ရှာဖွေ ကျွေးမွေးခဲ့တဲ့ နင်တို့အစ်ကိုဟဲ့။ နင်က ရွံတယ် ဟုတ်လား။ အေး အခု နင်ရွံတဲ့အစ်ကိုပဲ နင်တို့ငယ်ငယ်က နင်တို့ ချေးကာလူ၊ သေးကာလူ ကိုခံခဲ့ရတာ။ တော်တော်မသိတတ်တာပဲ။ တော်ပြီ နင့်ကိုပြောရတာ ငါမောတယ်"

"အမေ သား ကူမယ်၊ သား ဘာလုပ်ပေးရမလဲ"





ကောင်းမြင့်မာန် မနေနိုင်စွာပဲ အမေ့ကိုမေးပြီး ကူလေတော့သည်။

"ရေ ရေသွားခပ်စမ်း"

"သားခပ်ပေးမယ် အမေ"

သူရမာန်က ရေသွားခပ်ပေးလေတော့ ဒေါ်စန်းစန်းနွဲ့နဲ့ ကောင်းမြင့်မာန်က အန်ဖတ်တွေရေဆေးပြီး မိုးမြင့်မာန်ကို အဝတ်အစား လဲပေးကြလေသည်။ သူများတွေ လုပ်ပေးနေမှ ခေါင်းက ရောက်လာပြီး ပုဆိုးနဲ့အင်္ကျီကိုယူကာ ရေကန်ဘေးမှာ သွားပုံထားပေးလိုက်သည်ပေါ့။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ဟာ . . . မမကလည်း လိုအပ်တဲ့ပစ္စည်းတွေ စာရင်းပေး လိုက် ကျွန်တော် သွားဝယ်ပေးပါ့မယ်ဆို။ မမကိုယ်တိုင် ဘာလို့သွား ရမှာလဲ"

"မဟုတ်ဘူးလေ ဖြိုးရဲ့။ အရောင်က စာရေးပေးလို့မရ တာ။ ငါကိုယ်တိုင် ရွေးဝယ်မှ။ ပြီး ပစ္စည်းတွေက ဒီဇိုင်းအမျိုးမျိုး အသစ်တွေ ထပ်ထပ်ပေါ်နေတာကို"

ဖြိုး ခေါင်းသာကုပ်မိလေတော့သည်။ ကိုယ်သွားဝယ်ပေးလို့ မရဘူးဆိုတော့လည်း ဘာတတ်နိုင်မှာလဲ။ ဟူး အခုမှပဲ အစ်မလေး တစ်ယောက်ကို ဘယ်လိုဂရုစိုက်လို့ ဂုက်ထားရမှန်းမသိ။ အရပ်ကလေးဆို





ရင်တော့ သွားလေရာ လွယ်အိတ်ထဲထည့်သွယ်သွားရုံး
အခုက သက်ရှိလူလေ။

အိမ်ထောင်ကျသွားမှ စိတ်အေးရမှာလို့ပြီး အိမ်ထောင်ဖြူ တိုက်တွန်းပြန်ရင်လည်း လင်ကောင်းနဲ့တွေ့ရင်တော်သေး။ မကောင်း တဲ့လူနဲ့တွေ့ရင် ပိုပြီး စိတ်ဆင်းရဲရမှာ။ ပြီးတော့ မမ ကိုယ်တိုင်က ချုပ်ငြိမ်းမှုဖြစ်မှာလေ။ အခုပဲ သူမ မချစ်မနှစ်သက်သူ လက်ထဲပါမှာဖို့သို့ နှိုးရိုမ်နေရတာမဟုတ်လား။

"ဒါဆို ဒီလိုလုပ် မမရာ"

"ဘယ်လိုလုပ်ရမလဲ"

"မမနဲ့အတူတူ ကျွန်တော်ပါလိုက်မယ်"

"အေး . . . ကောင်းတယ် လိုက်ခဲ့"

"အဲဒါဆို ကျွန်တော် အဝတ်လဲလိုက်ဦးမယ်"

ဖြိုး အဝတ်လဲနေတုန်း မွှေးက သူမဖိနပ်ရော ဖြိုးဖိနပ်ရောကို ထုတ်လိုက်သည်။ ပြီးတော့ မောင်နှမနှစ်ယောက် အိမ်ကိုတံခါးပိတ်၊ ခြံတံခါးကိုပိတ် သော့ခတ်ပြီးထွက်လာခဲ့ကြသည်။ မောင်နှမတွေ စကားတပြောပြောနှင့် လျှောက်လာခဲ့ရာ ဈေးထိပ်ကိုအရောက်မှာတော့—

"ဟင်"

မေသူ ရခိုင်သင်္ဘောသီးသုပ်ဝယ်စားနေရင်းမှ ဖြိုးတို့ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်သွားလေသည်။ ထို့ကြောင့် ကိုထက်ရှားဆီသို့ ကမန်းကတန်း ဖုန်းခေါ်လိုက်ပြီး –

"ဟယ်လို"

"ကိုထက်ရှား မေသူပါ"

"အေး . . . မေသူပြော၊ ဘာအကြောင်းထူးလဲ"

"ထူးတယ် ကိုထက်ရှား။ ဟိုမောင်နှမနှစ်ယောက် အမြင် ထွက်သွားတယ်။ မမမွှေးပါတယ်ဆိုတော့ စက်ချုပ်ပစ္စည်းတွေ သွား ဝယ်တာပဲဖြစ်မှာ။ မမမွှေး သွားနေကျနေရာကို ကိုထက်ရှား သိတယ် မဟုတ်လား"

"Ok ကျေးဇူးပဲမေသူ။ ဒီတစ်ခါတော့ ပွဲသိမ်းပွဲပြီး ပြီးမှ နင့်ကိုငါ ဘောက်ဆူးချမယ်"

"ဟုတ် . . . ဟုတ်၊ ဒါဆို မေသူ ဖုန်းချလိုက်တော့မယ်နော်"

မေသူ ဖုန်းချပြီး သခေါ်သိုးသုပ်သည်ကို ပိုက်ဆံရှင်းလိုက် သည်။ မေသူ ပြန်ထွက်သွားတော့ အသုပ်စုံသည် ခေါင်းကုတ်နေ တော့၏။ အသုပ်စုံသည်က မိုးမြင့်မာန်တို့နှင့် တစ်အိမ်ကျော်ကနေ ဒါကြောင့် ခေါ်စန်းစန်းနွဲ့ဆီကနေ တစ်စွန်းတစ်စ ကြားထားတာ ရှိတော့ ဒီကိစ္စမိုးမြင့်မာန်ကို ပြောပြချင်လိုက်တာ။

ဟူး . . .





လူတွေများ မလွယ်ကြပါလား။ ငွေတစ်ချက်နာပဲ ကြည့်တဲ့ အဲဒီလိုလူတွေကြောင့် လောကဆိုတဲ့ ပန်းချီကားကြီးက တစ်ခါတစ်ခါ ရုတ်ချက်ကြမ်းပြီး မလှမပ ဖြစ်နေတာပါ။

"ကိုဆန်းဝင်း"

"ဟင်"

"ဘယ်လိုလဲ ရောင်းကောင်းရဲ့လားဗျ"

"အေး . . . ကောင်းပါတယ်ကွာ"

ကိုယ့်ဆိုင်ရှေ့ကနေ ဖြတ်သွားရင်း နှုတ်ဆက်တဲ့သူကို သေသေချာချာ မကြည့်မိဘဲ ပြီးပြီးရော ပြန်ဖြေလိုက်တာ။ လှမ်းသွားမှ ကြည့်လိုက်တော့ –

"ဟာ . . . ဟေ့ မိုးမြင့်မာန်၊ မိုးမြင့်မာန်"

ကိုဆန်းဝင်းခေါ်လိုက်တော့ မိုးမြင့်မာန်က လှည့်ကြည့်လေ လျှင် –

"လာပါဦး . . . ခဏ လာပါဦးကွ။ မင်းကို ငါ အရေးကြီးတဲ့ စကား ပြောစရာရှိလို့ကွ"

မိုးမြင့်မာန် ကိုဆန်းဝင်းခေါ်တာကြောင့် ပြန်လှည့်လာခဲ့သည်။

"အခုပဲ မင်းအကြောင်းတွေးပြီး ငါ မင်းကို တွေ့ချင်နေတာ ကွ။ မင်းအသက်ရှည်ဦးမယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပြောပါဦး ... ဘာတွေအရေးကြီးလို့လဲ"

"ပြောမယ်၊ ဒီမှာ ပြောချင်လွန်းလို့ ပါးစပ်တွေယားနေပြီ"

ကိုဆန်းဝင်း မွှေးတို့မောင်နှမအပြင်ထွက်သွားတဲ့အကြောင်းနှင့် မေသူက ကောင်လေးတစ်ယောက်ကို ဖုန်းဆက်တဲ့အကြောင်းပြီးတော့ သူထင်မြင်ချက်နှင့် သုံးသပ်ချက်တွေကို ပြောပြလေတော့သည်။ ကိုဆန်းဝင်းပြောပုံအရဆို မွှေးတို့မောင်နှမမှာ အန္တရာယ်များရှိနေမလား။

မိုးမြင့်မာန်ရင်ထဲမှာ ...

စိုးရိမ်မှုများစွာနှင့် ရင်ရှေပင် ပူလာလေတော့သည်။ သူတို့က ကိုယ့်အပေါ် ဘယ်လိုပဲ သဘောထားထား ကိုယ်ကချစ်လျက် ချစ်မြဲ ချစ်နေဆဲမို့။

"ဒါဆို မဖြစ်ဘူး။ ကျွန်တော် လိုက်သွားဦးမှပါ"

"အေး ... မင်းလိုက်သွားတာ အကောင်းဆုံးပဲ မိုးမြင့်မာန်"

"တောက် ... ငွေတစ်မျက်နှာပဲ ကြည့်တဲ့ မေသူ။ ပြန်လာမှ တွေ့ဦးမယ်"

"ရန်ကို ရန်ချင်း မတုံ့နှင်းနဲ့ မိုးမြင့်မာန်။ ကိုယ့်ဘက်ကသာ အကောင်းဆုံးဖြစ်အောင် ကြိုးစား"





"ကဲ ... ဟုတ်ပါပြီဗျာ။ ကျွန်တော် လိုက်သွားလိုက်ဦးမယ် ကိုဆန်းဝင်း"

"အေး ... အေး"

မိုးမြင့်မာန် ခပ်သုတ်သုတ်ပဲ ထွက်လာခဲ့တော့သည်။ ဘုရား သိကြားမလို့ မွှေးတို့မောင်နှမ ဘေးမသီ ရန်မခပါစေနဲ့။

မိုးမြင့်မာန် ...

တစ်လမ်းလုံး ရသမျှဂါထာလေးတွေ ရွတ်ပြီး ချစ်ရသူ အန္တရာယ်ကင်းစေကြောင်း ဆုတောင်းနေမိတော့သည်သာ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

မောင်နှမနှစ်ယောက် ဝယ်စရာရှိတာတွေ ဝယ်ပြီး ပြန်လာခဲ့ရာ –

"မမ လိုင်ကားတိုးစီးမလား။ taxi ငှားမလား"

"မောင်လေး ပါနေတာပဲ၊ လိုင်းကားတိုးစီးမယ်လေ။ မမ တစ်ယောက်တည်းဆိုရင်သာ ဟိုကြောက်ရ ဒီကြောက်ရနဲ့ မိန်းကလေးမို့ taxi ငှားစီးတာ။ ပိုက်ဆံတော့ နှမြောသား"

"အံမယ် ... အလာတုန်းကတော့ taxi စီးပြီးတော့"

"အခု အပြန်လမ်းစရိတ်သက်သာရမယ်လေ။ ခစ် ခစ်"

"ကဲ ... ဟုတ်ပါပြီဗျာ"





ပြောပြီး မှတ်တိုင်မှာကားစောင့်နေလိုက်ကြသည်။ သူတို့လို ကားစောင့်နေတဲ့သူက ဘေးမှာ လေးယောက်ပါ။ နှစ်ယောက်က အတွဲထင်ပါရဲ့။ ဘာတွေပြောပြီး ရယ်နေကြတယ် မသိ။ ပြီးတော့ ခနဲဖက်လိုက် ပါးကိုလိမ်ဆွဲလိုက်နှင့် ဘေးကလူတွေကို ဂရုမစိုက်သည့်ပုံ။

ဘေးကလူတွေကို အားနာရကောင်းမှန်းမသိ။ အမြင်ကတ်စရာ ကောင်းလိုက်တာ။

"ချစ်ကလည်း မောင်က တကယ်ချစ်တာပါဆို။ မယုံဘူးလား"

"မယုံပါဘူး"

"ဒါဆို ဘယ်လိုသက်သေပြရမလဲ"

"သိဘူး"

မောင်တဲ့။ မောင်ဆိုတဲ့အခေါ်က သူမရင်ကို ကြားရတိုင်း နာကျင်စေတာအမှန်ပါ။ သူမတို့ကားစောင့်နေစဉ် ကားတစ်စီးက လွန်သွားပြီးမှ ရှေ့နားသို့ရပ်ကာ ကားပေါ်မှဆင်းလာသူတွေက ယောကျ်ား နှစ်ယောက်။ သူတို့ရပ်နေတဲ့နေရာသို့ လျှောက်လာပြီး အနားကိုရောက် တော့ –

"ပန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"နင် အဲဒါ ဘာအချီးချီးတာလဲ။ နင့်အကြောင်းငါသိတယ်နော်။ နင့်အချီးကိုသိလို့ ငါလိုက်လာတာ။ လင်ကြီးရှိလျက်နဲ့ လင်ငယ်နေချင်တဲ့မိန်းမ။ အိမ်ရောက်မှတွေ့မယ်၊ လာစမ်း"

"ကို မဟုတ်ဘူး"

"ဘာ မဟုတ်တာလဲ ကောင်မ"

"မြန်း"

"အား"

"ဟာ ... ဟေ့လူ၊ ခင်ဗျား ဘာလုပ်တာလဲ"

"ဟေ့ကောင် ... မင်းမပါနဲ့"

"ခွပ်"

"အ"

အမျိုးသမီးကို တစ်ယောက်က ပါးရိုက်ပြီးဆွဲခေါ်၊ တစ်ယောက်က အမျိုးသမီးနောက်ကပါလာတဲ့လူကို ဝင်ထိုးနှင့် အချေအနေက ရှုပ်ထွေးသွားလေသည်။ မြိုး မလက်ကိုဆွဲပြီး ဒီနေရာကနေ ထွက်သွားမည်ဟု ခြေလှမ်းပြင်လိုက်စဉ် –

"ခွပ်"

"အ"





"အို ... မောင်လေး"

မြိုးမျက်နှာ လည့်ထွက်သွားပြီး ကိုယ့်ကို ဘယ်သူကထိုးလိုက်မှန်းပင် မသိပေ။ သတိရတာနှင့် မျက်နှာကိုပြန်လှည့်လိုက်တော့

"ခွပ်"

"အ"

"မောင်လေး"

မွေး မောင်လေးကို လှမ်းဆွဲပြီး ဖက်မလိုပြင်လိုက်စဉ်မှာပဲ သူမ လက်ကောက်ဝတ်ကို ဖမ်းဆုပ်တာခံလိုက်ရတာကြောင့် လှည့်ကြည့်လိုက်စဉ် –

"ဟင်"

ထက်ရှားဆိုတဲ့ကောင်။ မွေး တစ်ခုခုပြောမလို့ ပြင်လိုက်စဉ်မှာပဲ နှာခေါင်းကို ပဝါနှင့်ဖိအုပ်တာ ခံလိုက်ရပြီး။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ဖြိုး"

"––––––"

"ဖြိုး"

"ဟာ ... အစ်ကို"

မိုးမြင့်မာန်ကို မြင်လိုက်တော့ ဖြိုးအားတက်သွားလေသည်။ မဟုတ်ရင် တစ်ယောက်တည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ယောင်လည်လည်ဖြစ်နေတာပါ။ ထက်ရှားဆိုတဲ့ကောင် မကိုခေါ်သွားတာ ဘယ်ခေါ်သွားမှန်းမသိလို့ သူ့ စိတ်ပူရတာ သေလုအောင်ပါပဲ။

မမ တစ်ခုခုဖြစ်လို့ကတော့ –





မင်းကိုငါ သတ်မယ်ထက်ရှား။

"မင်း နားခေါင်းမှာသွေးတွေနဲ့ပါလား ဖြိုး။ ဘာဖြစ်တာလဲ။ ဒါနဲ့ မွေးရော မွေး"

မိုးမြင့်မာန်မေးလိုက်ပုံက အငမ်းမရနှင့်ပါ။ ဖြိုးက အံကြိတ်ပြီး ...

"ထက်ရှားဆိုတဲ့ကောင် ကျွန်တော့်ကို ထိုးသွားတာ အစ်ကို။ ပြီးတော့ မမကိုခေါ်သွားတာ။ အစ်ကိုရောက်လာတာနဲ့အတော်ပဲ။ ကျွန်တော် ဘာလုပ်ရမှန်းမသိတော့ဘူးဗျာ"

"ဟာ ... ငါထင်တဲ့အတိုင်းပါလား။ ငါလည်း အဲဒါကို သိလို့လိုက်လာတာကွ။ တောက် ခွေးမသား။ တွေ့လို့ကတော့ အသေပဲ"

"ဟင် ... အစ်ကိုက ဘာကိုသိတာလဲ"

"မင်းတို့မောင်နှမ်ထွက်သွားတာကို မေသူကမြင်လိုက်ပြီး ဟိုကောင့်ကို သတင်းပေးတာလေ"

"ဗျာ"

ဖြိုး ဖြစ်နိုင်ရင် ချက်ချင်းပဲ မေသူရော ထက်ရှားကိုရော သတ်ပစ်ချင်စိတ်ပေါက်သွားရှာလေသည်။

"ကဲ ဖြိုး ... တို့ ထက်ရှားရှိနိုင်မယ့်နေရာကို စုံစမ်းပြီးလိုက်မှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်"

"ဘယ်လိုစုံစမ်းရမလဲ အစ်ကို"

"သူ့အစ်မရွှေဆိုင်ကို အရင်သွားမယ်ကွာ။ သူ ဘယ်မှာရှိနိုင်မလဲ၊ ဒီလိုပဲ လှည့်မေးရမှာပေါ့။ အဲဒီရွှေဆိုင် ဘယ်မှာရှိလဲ ငါသိတယ်"

"ဟုတ် အစ်ကို" -

"ငါလည်း မွှေးနဲ့ပတ်သက်ပြီး ဒီကောင့်အကြောင်း စုံစမ်းကြည့်ရင်းသိတာ။ ကောင်မလေးတွေ ထည့်လဲတွဲတဲ့ကောင်။ သူ ကောင်မလေးတွေကို ခေါ်သွားတတ်တဲ့တိုက်ခန်းလည်း ငါသိတယ်။ သူငယ်ချင်းတွေနဲ့ စုပြီး သောက်ရင်း စားရင်လည်း အဲဒီတိုက်ခန်းကို သွားတယ်တဲ့၊ အဲဒီတိုက်ခန်းက သူ့နာမည်နဲ့ ဝယ်ထားတာဆိုလား ပဲ"

"ဟာ အစ်ကို အဲဒါဆိုရင် အခုလည်း သူ မမကို အဲဒီတိုက်ခန်း ခေါ်သွားတာ ဖြစ်နိုင်တယ်။ ကျွန်တော်တို့ အဲဒီကိုပဲ လိုက်သွားရအောင်"

"အေး ... ကောင်းတယ် လာ"

နှစ်ယောက်သား Taxi ငှားပြီး ထက်ရှားရှိနိုင်မည့်နေရာသို့ ဦးတည်ခဲ့ကြသည်။ အတွေးကိုယ်စီနှင့် စကားလည်း မပြောဖြစ်ကြပေ။





မိုးမြင့်မာန် ...

ဒီအဖြစ်ကြောင့် နောင်တရပါပြီ။ မွှေးကို တကယ်ချစ်လျက်နဲ့ မာနကြောင့် ဆုံးဖြတ်ချက်မှားခဲ့တာအတွက် မဖြေနိုင်ပေ။ ချစ်တယ်ဆိုပြီး မွှေးရဲ့ဘဝ လုံခြုံမှုအတွက် ကိုယ် တာဝန်မယူနိုင်ခဲ့ဘူး။ အခုကိစ္စ မွှေးသာ တစ်ခုခုဖြစ်ရင် ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်မှာမဟုတ်တော့ပါဘူး။

ကိုယ့်ကြောင့် -

ကိုယ်သာ မွှေးကိုလက်ထပ်ခဲ့ရင် ဒီလိုဖြစ်လာစရာအကြောင်း မရှိဘူးလေ။ မောင် မှားတယ်မွှေးရယ်။ မောင့်ကိုခွင့်လွှတ်ပါ။ ထက်ရှားကြောင့် မွှေးသာ ညစ်နွမ်းသွားခဲ့ရင် မချစ်မနှစ်သက်သူ ရင်ခွင်ထဲမှာ မွှေး ပူပန်သောကတွေနဲ့ တစ်သက်လုံးနေသွားရတော့မှာပေါ့။

မဖြစ်ဘူး။

မောင် အဲဒီလို အဖြစ်မခံနိုင်ဘူး မွှေး။ မွှေးကို သူများရင်ခွင်ထဲ မောင်ထည့်မပေးဘူး။ ဘာပဲဖြစ်ဖြစ် မောင် တာဝန်ယူမယ်။ မွှေးချစ်တဲ့မောင့်ရင်ခွင်ထဲမှာပဲ မွှေးကို တစ်သက်လုံး စိတ်ချမ်းသာအောင် မောင်ထားပါ့မယ် မွှေးရယ်။ အခု မောင်လာနေပြီ။ မွှေးကို အချိန်မီကယ်တင်ခွင့်ရပါစေ။ မိုးမြင့်မာန်နဲ့ ကြိုး ရင်ပူဟာ်နေသလောက်။

ထက်ရှားမှာတော့ -



www.burmeseclassic.com

www.burmeseclassic.com



သတိမေ့နေတဲ့ မွေးမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း ကျေနပ်ပီတိ ဖြစ်လို့မဆုံးပေ။

ကဲ ... အခုတော့ ဘာတတ်နိုင်သေးလဲ 'မ'။

'မ' ကို ကျွန်တော် တကယ်မြတ်မြတ်နိုးနိုးနဲ့ ချစ်မိသွားခဲ့တာပါဗျာ။ ဒါကြောင့် အခုံးရှုံးမခံနိုင်လို့ ရယူလိုက်ခြင်းမှာ လူကြမ်းဆန်ပေမယ့် ကျွန်တော့်နှလုံးသားက 'မ' နဲ့ပတ်သက်ပြီး နူးညံ့သိမ်မွေ့ချင်ခဲ့ပါတယ်။ စိတ်ချပါ 'မ'၊ လက်ထပ်ပြီးရင်တော့ –

ကျွန်တော် 'မ' အလိုလိုက် 'မ' အကြိုက်ဆောင်ပြီး 'မ' ကို စိတ်ချမ်းသာအောင် ထားမှာပါ။ 'မ' ကြည်ဖြူသည်ဖြစ်စေ မကြည်ဖြူသည်ဖြစ်စေ ကျွန်တော်ကတော့ ကျွန်တော့်အချစ်တွေကို အိတ်သွန်ဖာမှောက် အကုန်ပေးပါရစေ။

"တီး တောင်"

"———————"

"တီး တောင်"

"ဟင်"

လှုခေါ်ဘဲလ်နှိပ်သံကြောင့် မွေး မျက်နှာလေးကို ငုံ့ကြည့်နေတဲ့ ထက်ရှား ခေါင်းထောင်၍ ကိုယ်ကမတ်သွားလေသည်။ ဘယ်သူပါလိမ့်။





"တီး တောင်"

အိမ်ကလူတွေများ အကျိုးအကြောင်းသိလို့ လိုက်လာတာ သလားဟု ထက်ရှား ထလာခဲ့တော့သည်။ သူ မကြီးကို ဖုန်းဆက်ပြီး ပြောပြထားသည်လေ။ လိုက်လာခဲ့ပါလို့။ 'မ' အတွက်လိုအပ်တဲ့ အဝတ်အစားတွေနဲ့ စားရေး သောက်ရေးအတွက် စီစဉ်ခိုင်းမယ်လို့ပါ။

"တီး တောင်"

ဟုတ်တယ်၊ မကြီးပဲဖြစ်မှာပါ။ ထက်ရှား တံခါးကို ဖွင့်လိုက်ရင်းမှ –

"မကြီးကလည်းဗျာ။ လိုက်လာတာ အလျင်လိုလိုက်တာ။ ကျွန်တော်ဖြင့် ရောက်ပြီးလို့ အမောပြေနေရုံပဲ ရှိသေးတယ်၊ ဟင်"

တံခါးဖွင့်လိုက်တာနှင့် မြင်လိုက်ရတဲ့မျက်နှာတွေက သူထင်ထားသလို မကြီးမဟုတ်လေတော့ ထက်ရှား ကြောင်သွားလေသည်။

"ခွေးသူတောင်းစား လူယုတ်မာ"

"ခွပ်"

"အ"

"ခွပ်"

"———"

"မြိုး မလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်မာန် ကိုယ်က အသက်အရွယ်အရ ရင့်ကျက်သူ တစ်ယောက် အနေနဲ့ မဖြစ်သင့်တာ မဖြစ်ရအောင် ဖြိုးကိုခွဲထားလိုက်လေသည်။

ထက်ရှား ...

ကိုယ်ကိုပြန်မတ်ပြီး –

"မင်း မင်္ဂလာပြန်ခေါ်ချင်တယ်ဆိုရင် ငါ့ကို အသေသတ်ပြီးမှ ခေါ်လို့ရမယ်"

"ဟာကွာ"

"ဖြိုး"

ဖြိုးက ထင်ထိုးမယ်လုပ်တော့ မိုးမြင့်မာန် ခွဲထားလိုက်ရပြန်သည်။ ပြီးတော့ သူပဲ ထက်ရှားနှင့် မျက်နှာချင်းဆိုင်လိုက်ကာ–

"ကိုယ့်ကို မချစ်မနှစ်သက်သူကို မင်းက ဘာလို့အရယူချင်ရတာလဲ ထက်ရှား။ အိမ်ထောင်ရေးဆိုတာ အေးအတူ ပူအမျှ အလေးအပူမျှပြီး တစ်ယောက်နဲ့တစ်ယောက် သိမ်ချစ်ကြမှ သာယာနိုင်ပြီတာ။ အခု မွေးက မင်းကိုမချစ်ဘူးလေ"

'"ဘာလဲ၊ ခင်ဗျားက 'မ' ရဲ့ချစ်သူဆိုပြီး ကျွန်တော့်ရှေ့မှာ ဖင်ခေါင်းလာကျယ်ပြနေတာလား ကိုမိုးမြင့်မာန်။ အဟွန်း ဘာထဲ ခင်ဗျားအချစ်တွေ ထောင်သောင်းမက ရှုတ်ပြုပြီး အကြွပန်းကို





ရေဆေးနှမ်းဖို့ လိုက်လာတာလား"

"တောက်"

မိုးမြင့်မာန် လက်သီးကို ကျစ်နေအောင် ဆုပ်ထိုက်ပြီး–

"ကဲကွာ"

"ခွပ်"

ကိုယ့်ကို စော်ကားလိုက်တာထက် မွေးသိက္ခာကို စော်ကားလိုက်တာကို အသည်းအပေါက်ဆုံးပါပဲ။ ဒါကြောင့် မိုးမြင့်မာန် စိတ်မထိန်းနိုင်တော့ပေ။ ကိုယ့်ချစ်သူအကြောင်း ကိုယ်အသိဆုံးပါပဲ။ မွေးတ သူမအရှက်နှင့်သိက္ခာကို အသက်ထက် တန်ဖိုးထားသူ။

အခု

စောစောက သူပြောလိုက်တဲ့စကားကြောင့် မွေးသာ ညစ်နွမ်းမသွားသေးဘူးဆိုတာ သိလိုက်ရပေမယ့် ပတ်ဝန်းကျင်မှာတော့ အရှက်ရ သိက္ခာကျဦးမှာလေ။ အဲဒီအတွက် –

"ခွပ်"

ထက်ရှားက သူ့ကိုပြန်ထိုးလေသည်။

"ခွပ်"

"ဟာကွာ ကဲ"

"––––––"



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်မာန်နှင့် ထက်ရှား သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးနေတုန်းမှာပဲ ဖြိုး ပြန်ရောက်လာပြီး ထက်ရှားကို တရစပ်ဝင်ထိုးလေတော့သည်။ ဒီကောင် မလှုပ်နိုင်မှ မမကို အေးအေးဆေးဆေး ခေါ်သွားရမှာမို့ မမကိုထားခဲ့ပြီး နောက်ပြန်လှည့်လာခဲ့တာပါ။

"ခွပ်"

"အား"

"ခွပ်"

"ကဲကွာ"

"ဘုန်း"

ထက်ရှား လဲကျသွားတော့ ဖြိုး ခြေထောက်နှင့် ကန်ပစ်လိုက်သည်။ နှမနဲ့ပတ်သက်လာရင် အသက်ပေးတတ်တာ မောင်တွေအစ်ကိုတွေပဲလေ။ အခုလည်း ဖြစ်နိုင်ရင် ထက်ရှားကို သတ်ပစ်ချင်နေတာဆိုတော့,လက်လွှန်မှာစိုးတာနှင့်။

"ဖြိုး လက်လွန်မယ်၊ တော်တော့"

"တောက် စိတ်ရှိသလောက်လုပ်ရရင် သေတော့မှာပဲကွာ"

❋

## အခန်း (၃၄)

"မေသူ တောင်းပန်ပါတယ် ကိုဖြိုးရယ်။ မေသူ မှားခဲ့ပါတယ်။ အဲဒီအတွက် မေသူ့ကို ကိုဖြိုးတို့ ကြိုက်သလိုအပြစ်ပေးပါ"

"ဘာ မေသူတောင်းပန်ပါတယ် ဟုတ်လား။ နင် တောင်းပန်တိုင်း လွယ်လွယ်ကျေအေးပေးလိုက်ရအောင် ဒီကိစ္စက ပြဇာတ်တိုက်နေတာမဟုတ်ဘူးဟ။ လူတစ်ယောက်ရဲ့ တစ်ဘဝလုံးနဲ့ဆိုင်တဲ့ကိစ္စ။ နင် ကိုယ်ချင်းစာကြည့်။ နင်ဆိုရင်ရော နင်မချစ်မနှစ်သက်တဲ့သူ့ရဲ့ ရင်ခွင်ထဲမှာ တစ်သက်လုံး နေချင်မလား"

မေသူ တရှုံ့ရှုံ့နှင့်သာ ငိုနေတော့သည်။ သူမ လုပ်ရပ်က



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မလွှတ်ချင်စရာပဲလေ။ တောင်းပန်ရတာတောင် ခွင့်လွှတ်ပေးရင် ကိုယ့်ပါးစပ်နဲ့မတန်သလောက်ပါပဲ။ တဒင်္ဂပေးတဲ့မက်လုံးတွေကို မက်မောမိလို့ ကျေးဇူးရှင်ကို ပစ်မှားမိတာ။ အခု မေသူ မှားမှန်းသိပါပြီလေ။

ဟိုက ကိုယ့်ကိုလိုတုန်း မက်လုံးပေးပြီး အသုံးချတဲ့သူစိမ်းမမွှေးတို့က တစ်လမ်းတည်းနေ ရပ်ခွေရပ်မျိုးပဲပေါ့။ တစ်လမ်းထဲမှာ အတူနေကြတော့ မကြည့်ချင်လျှင်တောင် မြင်လျက်သားကို မေသူ မစဉ်းစားမိခဲ့တာပါ။

"အခု ဝါမမ ဘာမှမဖြစ်လို့ နင်သက်သာတယ်မှတ်။ ဖြစ်လို့ကတော့ နင့်ကိုငါသတ်မှာ"

"ကဲ … တော်ပါတော့ မောင်လေးရယ်။ ဒီလောက်ပြောရမှတော့ ကျေနပ်ရောပေါ့။ အခု မမလည်း ဘာမှဖြစ်သွားတာမှ မဟုတ်တာ။ မေသူက မှားမှန်းသိလို့ တောင်းပန်နေတာကို ခွင့်လွှတ်ပါကွယ်"

"မမ"

"——————"

"လူတွေက ငွေကြေးနဲ့ပတ်သက်လာရင် ဘယ်သူမျက်နှာမှ ထောက်ကြတာမဟုတ်ဘူးနော်။ တော်ကြာ မမကို အဲဒီကောင်မလေး ရောင်းစားသွားလိမ့်မယ် သိလား။ သည်းခံတယ်ဆိုတာ အတိုင်းအတာ





ရှိရတယ်"

လူတွေလို့ ခြုံပြောလိုက်မိတာက အမြီးကျုတ် အမြီးဆားခေါင်းကျုက် ခေါင်းဆား လူမျိုးတွေကိုပါ။ လူကောင်းတွေလည်း ရှိကြတယ်ဆိုတာကို ဖြိုးသိတာပေါ့။ ဒါပေမဲ့ မေသူတို့မိသားစုလို့ပြောချင်တာကို ခြုံပြီးပြောလိုက်မိခြင်းပါလေ။

"အဲဒီလိုတော့ မပြောပါနဲ့ ကိုဖြိုးရယ်။ မေသူ တကယ်နောင်တရနေတာပါ။ မမကို ရောင်းမစားပါဘူး။ နောက်ကို အမြဲမရှိုင်းလို သဘောထားပါ့မယ်လို့ မေသူ ကတိပေးပါတယ်"

"အေး … ဒီကတိကို နင်ပေးတာနော်"

"ဟုတ်ကဲ့"

"ကတိဆိုတာ ပေးပြီးရင် တည်ရတယ် နားလည်လား"

"ကဲ တော်ပါတော့ဖြိုးရယ်။ မေသူ လာ အလုပ်လုပ်ရအောင်။ မမတိုက်ထားတဲ့ အစတွေ တွဲပေးဦး"

"ဟုတ်ကဲ့ မမ"

မွှေး ဖြိုးစကားပြတ်သွားအောင် မေသူကို အလုပ်ခိုင်းလိုက်ခြင်းပါ။ အစကတော့ ကိုယ်လည်း မေသူကို ဒေါသထွက်မိပေမယ့် တောင်းပန်တော့လည်း သနားသွားပြန်ရောလေ။ မွှေး ဘယ်သူ့အပေါ်မှ အာဃာတမထားချင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဖြိုးရေ"

"ဟင်"

"ဖြိုး"

"ဗျာ"

ထူးရင်းမှ ဖြိုး လှမ်းကြည့်လိုက်တော့ သူနာမည်ကို ခေါ်ပြီး ဝင်လာသူက အစ်ကိုမိုးမြင့်မာန်ပါ။

"လာ အစ်ကိုလာ"

မိုးမြင့်မာန်ကိုမြင်တာနှင့် မွေး ထရပ်လိုက်လေသည်။ သူနှင့် မျက်နှာချင်းမဆိုင်ချင်တော့ပါဘူး။ ကိုယ်က အရာရာငဲ့ညှာပြီး ချစ်သလောက် သူ့ဘက်က တုံ့ပြန်လာတာက ဥပေက္ခာ။ ချစ်ပါတယ် တစ်ခွန်းမှပြောပြီး ဘယ်လိုအကြောင်းအရာနဲ့မှ သက်သေမပြနိုင်တဲ့ လူနဲ့ မပတ်သက်ချင်တော့ပါဘူး။

"မေသူ"

"ရှင် မမ"

"နင်ဟာလေ၊ ခုတော်တော် မျက်နှာပြောင်တိုက်တယ်သိလား။ ငါ နင့်အပေါ် စေတနာထားသလောက် နင်ကကျတော့ ငါ့အပေါ် တန်ဖိုးမထားတတ်ဘူး။ အဲလိုလူတွေကို ငါ အရမ်းမုန်းတယ်။ နင်က ကိုယ့်ပါးစပ်ကထွက်တဲ့စကားကိုလည်း တာဝန်မယူတတ်တဲ့လူ"





"အင်"

"နင် အခု ငါ့အိမ်ကို ဘာလာလုပ်တာလဲ။ နင့်မျက်နှာကို ငါ မမြင်ချင်ဘူးနော်"

မေသူ ခေါင်းကုတ်မိလေတော့သည်။ မမကလည်း အခု တစ်မျိုး တော်ကြာတစ်မျိုးပါလား။ စောစောကတော့ ကိုဖြိုး ပြောတာ ကိုတောင် သူ့ပဲ ဝင်တားနေပြီးတော့။ အခု ဘာဖြစ်သွားရပြန်တယ် မသိပါဘူးဟု တွေးပြီး မေသူ ကိုဖြိုးကို လှမ်းကြည့်မိလေတော့ ကိုဖြိုးက လက်ညှိုးနှစ်ချောင်းကို ပူးပြပြီး ကိုမိုးမြင့်မာန်ကို မေးဆတ်ပြလေသည်။

ပြီးတော့မှ –

လက်ညှိုးကို ကွေးပြတော့ မေသူ သဘောပေါက်သွားတော့၏။ သဘောပေါက်မှ ရယ်ကျဲကျဲနှင့် လျှာတစ်လစ်လုပ်ပြလေလျှင်–

"မေသူ"

"ရှင်"

ဖြိုး ခေါ်လိုက်တာပါ။

"နင်ဟာလေ အလိုက်ကန်းဆိုးကိုမသိဘူး။ ငါ နင့်အဖြစ် အကြီးကြီးကို ကျေအေးပေးထားတာ ဒီအတိုင်းပြီးသွားရောလား"

"ဟင် ဒီအတိုင်းပြီးမသွားလို့ မေသူက ဘာလုပ်ပေးရမှာလဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုဖြိုးရဲ့"

"ဟ လက်ဖက်ရည်လေး ဘာလေး လိုက်တိုက်ပေါ့ဟ။ သွားမယ်၊ လက်ဖက်ရည်ဆိုင်ကို အခုလိုက်တိုက်"

ဖြိုး လက်ဟန်ခြေဟန်နှင့် ရှောင်ပေးဖို့ပြောမှပဲ မေသူ ထရပ်ပြီး –

"ဟုတ်ကဲ့ကိုဖြိုး၊ သွားမယ်လေ"

မေသူနှင့်ဖြိုးကိုကြည့်ပြီး မိုးမြင့်မာန် ပြုံးလိုက်မိသည်။ ပြီးတော့ လေးစားတယ်ဆိုသောသဘောမျိုးနှင့် အလေးပြုဟန်လုပ်လိုက်ဦးညွှတ်ဟန်ပြုလိုက်ပါ။

"ဖြိုး"

"ဗျာ"

"နင် လက်ဖက်ရည်တော်တော်သောက်ချင်နေတယ် ဟုတ်လား"

"သောက်ချင်တာပေါ့ မရဲ့။ မဟာသိရှိလဲ။ အခုသောက်မှာက ရွှေပေါင်းလက်ဖက်ရည်။ ကဲ မေသူ လာဟာ၊ ငါ့ ရွှေပေါင်းလက်ဖက်ရည် သောက်ချင်လှပြီ"

ပြောပြောဆိုဆိုနှင့် ဖြိုးတို့ထွက်သွားကြလေတော့သည်။ အတိုင်အဖောက်ကညီပုံ။ သူတို့ထွက်သွားတော့ မွှေးက မိုးမြင့်မာန်ကို





လုံးဝ လှည့်မကြည့်ပေ။ အဝတ်ကိုပဲ ကတ်ကြေးနှင့်ကိုက်နေသေး။ မိုးမြင့်မာန်လည်း ဘာကနေ စပြောရမှန်းမသိပေ။

ဒါကြောင့် –

စက်ခုံပေါ်မှာတင်ထားတဲ့ စာအုပ်ကိုလှမ်းယူပြီး ဟိုလှန် ဒီလှန်ပါ။ စာအုပ်က အဝယ်အခ်သူရဲ့နာမည်တွေနဲ့ ကိုယ်တိုင်းတွေ မှတ်ထားတဲ့စာအုပ်ပါ။ လှန်ကြည့်ရင်း ကြည့်ရင်းနဲ့ စာသားတွေရေးထားတာကိုတွေ့လို့ ဖတ်ကြည့်လေလျှင် ပထမ စိတ်ထဲမှာပဲ ဖတ်ကြည့်နေမိတာလေ။ ကဗျာလေးတစ်ပုဒ်ပါ။ ခေါင်းစဉ်က 'မောင်သာလျှင် ထာဝရ' တဲ့။

မိုးမြင့်မာန် ပြုံးမိသွားပြီး –

မွှေးကို နိုးကြည့်လိုက်သည်။ ကဗျာက ကိုယ့်အတွက် စကားစဖို့ အထောက်အကူပြုသလို ကိုယ့်ကိုပဲ ရည်ရွယ်ထားသလိုပါ။

ဒါကြောင့် –

မိုးမြင့်မာန် အသံထွက်၍ ဖတ်လိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်သာလျှင် ထာဝရ"

မောင် . . .

မေတ္တာအရောင်ထိုးလို့
သစ္စာနှောင်ကြိုးလေးတစ်မျှင်
ရစ်ပတ်ချည်နှောင်ခဲ့တယ် မောင်။

မောင် . . .

ပေးခဲ့တဲ့ကတိ အခြားသူမသိပေမယ့်
အချိန်တိုင်းမှာ ရှိ ရှိ ရှိ
မောင့်ကိုသာ သတိရခြင်းတွေ လက်ညှိုးထောင်လို့

"ဟင်"

မွေး ကဗျာရွတ်သံကြောင့် သူ့ကိုလှည့်ကြည့်လိုက်လေသည်။ မွေးစာအုပ်ကို ယူဖတ်နေတာပဲ။ မွေး ကဗျာမရေးတတ်ပါဘူး။ ဖတ်ရတာတော့ ကြိုက်သည်လေ။ ဒါပေမဲ့ ဒီကဗျာလေးက မွေးကိုယ်တိုင် ခံစားချက်တွေကြောင့် ရေးဖြစ်ခဲ့တာ အဆင့်မမီကဗျာလေး တစ်ပုဒ်ပါ။

ကျွန်မရဲ့နှလုံးသား
မောင့်ကိုအပိုင်စားပေးပါတယ် မောင်။





မောင် . . .

ယုံကြည်မှုတွေနဲ့ ချိတ်ဆက်
နားလည်မှုနဲ့ မစိမ်းရက်တဲ့အသည်းတော
မောင်သာလျှင် ထာဝရ
မောင်သာလျှင် ထာဝရ
မောင်သာလျှင် ထာဝရပါ မောင်။

ကဗျာကိုဖတ်ပြီးသွားလေတော့ –

"ဟား"

"ရှင် အဲဒါ ဘာလုပ်တာလဲ။ ကျွန်မစာအုပ်ပြန်ပေး"

မွေး သူ့လက်ထဲကစာအုပ်ကို လုယူလိုက်လေသည်။

"မွေး"

မထူးပေ။

"မွေး"

ဒါလည်းမထူးပေ။

"ဒီကဗျာလေးထဲက မောင်ဆိုတာ မောင်မဟုတ်လားဟင်"

"ဘာဆိုင်လို့လဲ၊ ဒါ မေသူ အရူးထပြီးရေးထားတာ"

"လက်ရေးက မွေးလက်ရေးပဲဥစ္စာ။ မောင့်ကိုမညာပါနဲ့ မွေးရယ်။ မွေး မောင့်ကို ချစ်သလို မောင်လည်း မွေးကို အရမ်းချစ်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



အရင်ကတော့ မောင် တွေ့ဝေခဲ့တာအမှန်ပါ။ အခု မောင်မတွေ့ဝေ တော့ပါဘူး မောင့်ချစ်သူရဲ့"

"ဘာတွေလာပြောနေတာလဲ။ ရှင်နဲ့ကျွန်မ ဘာမှ ပတ်သက် စရာအကြောင်း မရှိတော့ဘူး"

"ဘာလို့ မပတ်သက်ရမှာလဲ။ မွေးက မောင့်ချစ်သူလေ"

"အရင်က ဟုတ်တယ်၊ အခုမဟုတ်ဘူး"

"ဘာလို့မဟုတ်ရမှာလဲ။ အရင်ကလည်း ဟုတ်တယ်၊ အခု လည်း ဟုတ်တယ်။ မကြာခင် လင်မယားတောင်ဖြစ်ဦးမှာ"

"ဘာ"

မိုးမြင့်မာန် မွေးကိုယ်လေးကို နောက်ကနေ သိမ်းဖက်လိုက် လေသျှင် –

"ဘာလုပ်တာလဲ ဖယ်"

မွေး သူ့လက်တွေကို ဖယ်ချပေမယ့် မရပေ။ မဖယ်တဲ့အပြင် ပါးကိုတောင် နမ်းလိုက်သေးတယ်လေ။

"မောင်တို့လက်ထပ်ကြမယ်နော်"

"———"

"အရင်ကတော့ ဟိုတွေး ဒီတွေးနဲ့ မောင်တွေဝေခဲ့တာ မှန်ပါတယ်။ အခုတော့ . . . မတွေဝေတော့ဘူး။ မောင် မွေးကို





အရမ်းချစ်တယ်။ အဆုံးရှုံးမခံနိုင်ဘူး။ မောင်တို့ လက်ထပ်ကြမယ် နော်"

အစကတည်းက မွေး မောင့်ကို မုန်းခဲ့တာမှ မဟုတ်တာလေ။ မောင့်ကို ပေးဆပ်ခြင်းနဲ့ ချစ်နေခဲ့တာပဲမို့ နောက်ထပ် မရုန်းမိတော့ ပေ။

"မွေး မောင်နဲ့လမ်းခွဲမယ်ဆိုတာ မောင်မခံစားနိုင်ဘူး။ အဲဒီ ကြောင့် အရက်လည်းသောက်ဖြစ်ခဲ့တယ်။ မောင်က မွေးအတွက် ထာဝရဖြစ်သလို မွေးကလည်း မောင့်အတွက် ထာဝရအချစ်ဆုံး ပါ"

"ဟွန်း . . . ခုမှလာပြီးတော့"

"မောင့် အမေကိုလည်း ပြောပြီးပြီ၊ သား မိန်းမယူတော့မယ် လို့"

"ဒီက သူပေးတဲ့နှင်းဆီပန်းလေးကို အခုထိ သိမ်းထားပြီး ကြည့်မိတိုင်း ဘယ်လောက်ငိုရလဲ သိလား"

မိုးမြင့်မာန် ရင်ထဲမှာ လှိုက်ခနဲနွေးထွေးသွားလေသည်။ မထင်မှတ်စွာပါပဲလား။ မွေးက သူပေးခဲ့ဖူးတဲ့ နှင်းဆီတစ်ပွင့်ကို အခုထိ မြတ်နိုးတနိုးထားစွာ သိမ်းထားသတဲ့လား။ ဒီနှင်းဆီပန်းကို မကြည့် ဖြစ်လည်း မွေး ငိုနေရမယ်ဆိုတာကိုသိပါတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပါ မွေးရယ်။ နောက် မွေးမငိုစေရတော့ဘူး။ မွေးကို တစ်သက်လုံး စိတ်ချမ်းသာအောင်ထားပါ့မယ်လို့ မောင် ကတိပေးပါတယ်ကွာ၊ နော်"

"တကယ်နော်"

"သေချာတယ်"

"အဲဒါဆိုပြီးတာပဲ"

"အရမ်းချစ်တယ်"

အနမ်းမွှေးမွှေးက ပါးပြင်ထက်မှာ သိကျွန်ုပ်ရှိ စေးနေလျက်ပါ။ ကြင်နာမြတ်နိုးခြင်းနှင့် နမ်းတဲ့အနမ်းဖွဖွတို့သည် မွေးရင်ကို သာယာငြိမ်းချမ်းစေ၏။

ချစ်လိုက်ရတာမောင်ရယ်။

အချစ်ဦးက မောင်ဖြစ်သလို အချစ်ဆုံးနဲ့ နောက်ဆုံးကလည်း မောင်။ မောင် မောင် မောင်။

**ပရိသတ်များကို ထာဝရချစ်ခင်လေးစားလျက်**
**မိုးစက်ပွင့်**
**၂၇-၉-၂၀၁၆**
**အင်္ဂါနေ့ (ဝ၉း၅၈)**



## "မွေးလယ်ညှ အိပ်စက်"

နင်ဟာ အသွင်သဏ္ဍာန်မဲ့
အရိပ်စစ်တစ်ခုပါဆိုရင်တောင်
ငါက ကျောခိုင်းချိန် လွမ်းနေသူ
တစ်ယောက်ပါ။
နင့်စိတ်ရဲ့ ဖျားနာမှု ဒီဂရီ
အချိုးအစားအတိုင်း
ငါ သက်ငြိမ်ပေးခဲ့ပါတယ်။
မှန်ရိုးတဝါး လမ်းမထက်မှာ
တွေ့ကြရဖို့ဆိုတာ
လာရာနဲ့လားရာ မတူကြတဲ့
ငါ တို့ အဖြစ်က
နတ်ရေးတဲ့ ရွှေနဖူးစာ မှ မဟုတ်တာ။
နင် ပျော် ရွှင် နိုင် ပါ စေ။
ငါ အလိုက်တသိလေး
မှိန် ဖျော့
ပျောက် ကွယ် ပေး ပါ့ မယ်။

www.burmeseclassic.com

www.burmeseclassic.com

"နွေလယ်ည အိပ်မက်"

ညီညီ

အမှတ် (၈)၊ ဗေဒါ (၂) လမ်း၊ အမှတ် (၆) ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား
အထူးကျေးဇူးတင်ပါသည်။

၂၀၁၇ ဖေဖော်ဝါရီလ

တွင် ဖတ်နိုင်ပါပြီ ..

**မမသဒ္ဒါမောင်**

တိတ်တဆိတ်လေး

**ကြယ်စင်မှုန်ဓေ**

အချစ်နှောင်ကြိုးလေး အဝေးဆုံးမှာ

**မိုးစက်ပွင့်**

မောင်သာလျှင် ထာဝရ

**လှိုင်းကြားမြို့**

ကြယ်ပန်းတစ်စင်း လမင်းတာရာ

www.burmeseclassic.com